www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရီရီငွေး

## နက္ခတ္တဒေဝီနှင့် ပုတ္တကျိန်စာ


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁ ၂၉၄၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၀၈၁၀၀၈
ထုတ်ဝေသူ - ဒေါ်ရီရီငွေး
ရီရီငွေးစာပေ
အမှတ် (၅၈)၊ ဓမ္မိကဝတီလမ်း၊
စမ်းချောင်း၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ပထမအကြိမ်
ထုတ်ဝေခြင်း - နိုဝင်ဘာလ၊ ၂၀၀၈
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀

အိုယွန်းယုဉ်စာပေမှ ဖြန့်ချိပါသည်။
ဖုန်း - ၀၉၅၁၆၆၁၄၀


## စာရေးဆရာမကြီး ရီရီငွေး

### ထွက်ရှိပြီးသော ဂန္ထဝင်ရလုံးချင်းဝတ္ထုများ

၁။ ပန်းဖဲရှုာရီ
၂။ စိတ်လှုပ်ရှားမှုယ် ဖန်ခွက်ကလေး
၃။ လှူရတာနာသိုက်
၄။ မြွေမြူတောင်ရှင်မ
၅။ နဂါးကိုးကောင်ဒေဝီ
၆။ ဘီလူးမျက်ရည်
၇။ မြစိမ်းရောင်ဂူနန်းရှင်
၈။ ကပ္ပတိန်ဇော်ထက်နှင့် ရုပ်ထုကမ္ဘာကျွန်း
၉။ အရှုဝါကျုရိုးရှင်
၁၀။ ခြေရာတစ်ထောင်မောင်မဲခေါင်နှင့် မနုဿဝံပုလွေ
၁၁။ ကောသံဗြိမျက်ရှင်
၁၂။ တွံတေးတောကြီးတန်းမှ ဆေးရည်စိမ်မင်းသားလေး
၁၃။ စကုဿာမ မှတ်တမ်း
၁၄။ ကင်းလိပ်ပြာ၏ လွမ်းသံစဉ်
၁၅။ ဂျက်ကျွန်းသူ ဗိုခနောက်
၁၆။ ခွန်ရာယ်ချစ်သူ့ကောရီ
၁၇။ သွေးစက်သခင်
၁၈။ မြွေနတ်သမီး၏ သွေးစက်မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com

၁၉။ နဂါးနက်ရေအိုင်
၂၀။ ယက္ခညီနောင်နှင့် ပျောက်ဆုံးနေသောမြို့တော်
၂၁။ ဝိညာဉ်ခုနစ်ဖော်နှင့် လောကဓာတ်နတ်ဆိုး
၂၂။ မထီပူရ၏ သွေးဝိညာဉ်
၂၃။ လူသေ့သမီး
၂၄။ ရေခဲတောင်ဝိညာဉ်နှင့် လူစွန့်စားရဲခေါင်
၂၅။ ပန်းဒါရှ၏ချစ်သူ
၂၆။ လူးရတနာသိုက်
၂၇။ စကြာနွယ်စဉ်အကျဉ်းသား
၂၈။ ကညင်ပင်ကွေ့ ကိုးလောင်းတွေ့
၂၉။ မြွေမြူနန်းရှင်သခင်မ
၃၀။ ဝိညာဉ်မြူကျိန်စာနှင့် သွေးစွန်းသောပတ္တမြားကြီး
၃၁။ ဂူနန်းရှင်နှင့် မြစိမ်းကျွန်း

၃၂။ နက္ခတ္တဒေဝီနှင့် ပုဏ္ဏကျိန်စာ ယခုလ ထွက်ပြီ
၃၃။ မာယာတစ္ဆေ
၃၄။ မရဏလောင်းကြေး
၃၅။ မိစ္ဆာတောင်ကြားမှ ဒေါ်မဲဝိ
၃၆။ အတ္တအကျဉ်းသား

## မာတိကာ


အခန်း (၁) နက္ခတ္တဒေဝီ၏ မုန်းမာန်ပွဲကျိန်စာ

အခန်း (၂) လူဖြစ်မည့်သူ

အခန်း (၃) မည်းနက်သောကြမ္မာဆိုး

အခန်း (၄) လူဆိုးကြီးဦးအေးနှင့် မြစက်ရောင်စား

အခန်း (၅) လေသူကြီးသမီး မသည်းအေး

အခန်း (၆) ရွှေကြုတ်လက်ဆောင်ရှင်

အခန်း (၇) ပေအင်တစ်ဖက်ကမ်း မှန်ကန်း

အခန်း (၈) လွယ်အိတ်တစ်လုံးနှင့်ရွာစဉ်လည်


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၉) ဘုရှိအရပ်နှင့် မြွေလုံးစိမ်း

အခန်း (၁၀) မောင့်မသည်းအူ

အခန်း (၁၁) လျှာဖြတ်လောင်းကြေး


## အခန်း ( ၁ )

## နက္ခတ္တဒေဝီ၏မုန်းဟာန်ဖွဲ့ကျိန်စာ

အကယ်၍သာ. . .။

နက္ခတ္တဒေဝီဆိုသည့် မိန်းမချောတစ်ဦးသည် 'ခင်မကန်' ရွာရှိ နက္ခတ္တဗေဒပညာရှင်ဗေဒင်ဆရာကြီး ဦးစိန္တာထံသို့ ရောက်ရှိမလာခဲ့လျှင် ဤမျှထူးခြားဆန်းကြယ်သည့် ဤဇာတ်လမ်းကြီး ဖြစ်ပေါ်လာမည် မဟုတ်ချေ. . .။

တစ်ရံတစ်ခါ၌ ဤလောကကြီးတွင် အဖြစ်အပျက်အကြောင်းအရာတို့က ရိုးစင်းစွာ ဖြစ်ပေါ်လာတတ်သည်။

သို့သော်. . .။

လောကကြီးက မာယာများသည်။

အိုးယွန်းယုဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိုးစင်းသောဘဝတွင် အကွေ့အကောက်အနန္တ မာယာ အပလိမ်နှင့် မုန်တိုင်းထန်သည့် ဘဝမျိုးသို့ ချက်ချင်းပင် ပြောင်းလဲသွားတတ်ပါသည်။ နက္ခတ္တဒေဝီဆိုသည့် မိန်းမချောတစ်ဦးသည် အလွန်တစ်ရာ သိမ်မွေ့နက်နဲပြီး ထူးခြားဆန်းကြယ်သည့် ဘဝတစ်ခုကို သူမ ယူဆောင်လာခဲ့သည်။

ဤဇာတ်လမ်း၏ အစပြုရာနေရာကား. . .။

ခင်မကာန်ဆိုသည့် ရွာကလေး၌ပင် ဖြစ်လေသည်။

ထိုရွာကလေးမှာ စစ်ကိုင်းတိုင်းအတွင်း၌ရှိပြီး ရောဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိခဲ့သည်။ အေးချမ်းသောရွာကလေးဖြစ်ပြီး ရွာသူရွာသားတစ်ချို့က လယ်ယာကိုင်းကျွန်း လုပ်ကိုင်ကြပြီး တစ်ချို့ကမူကား ငါးဖမ်းခြင်းအလုပ်ကို လုပ်ဆောင်ခဲ့ကြသည်။ စီးပွားရေးကောင်းမွန်သည့်အတွက် နှစ်စဉ် အလှူအတန်းများနှင့် စည်ကားသိုက်မြိုက်သည့် ရွာကလေးတစ်ရွာ ဖြစ်လေသည်။

ထိုရွာကလေး၌. . .။

နက္ခတ္တဗေဒပညာရှင် ဦးစိန္တာဟုဆိုလျှင် မသိသူ မရှိလောက်အောင် ထင်ရှားကျော်ကြားလှပေသည်။ ဦးစိန္တာ၏ ဘိုး





ဘွားမိဘများလက်ထက်ကပင် ဗေဒင်တတ်ကျွမ်းသည့် မျိုးရိုးဖြစ်သဖြင့် ဦးစိန္တာမှာ ငယ်စဉ်ကပင် ဤပညာကို သင်ကြားခဲ့ရသည်။ အချိန်တန်အရွယ်ရောက်လာသည့်အခါ ဗေဒင်ပညာကို ကောင်းစွာတတ်မြောက်လာသဖြင့် ဤပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုခဲ့ရာ. . .။

နက္ခတ္တဗေဒပညာရှင် "ဆရာဦးစိန္တာ"ဟူ၍ ကျော်ဇောဂုဏ်သတင်း ဖြစ်ခဲ့လေသည်။

တစ်နေ့တွင်. . .။

ဘိုးဘွားလက်ထက်ကတည်းက ရှိခဲ့သော နက္ခတ္တဗေဒမဟာကျမ်းရင်းကြီးကို ဖတ်ရှုနေခဲ့ပါသည်။ ထိုကျမ်းရင်းကြီးထဲတွင် ကမ္ဘာဦးအစ ပထဝီမြေကြီး စတင်ဖြစ်ပေါ်လာပုံမှ အစပြုတာ ဗေဒင်ကျမ်းကြီး မည်သို့ဖြစ်ပေါ်လာပုံကို ရေးသားဖော်ပြထားပေသည်။

ကမ္ဘာဦးအစတွင်. . .။

သုဒ္ဓါဝါသဗြဟ္မာကြီးလေးဦးတို့သည် လူပြည်သို့ဆင်းသက်ပြီး. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဤကမ္ဘာကား . . . သုညကမ္ဘာလော"

"အသုညကမ္ဘာလော"

"သုညကမ္ဘာနဲ့ အသုညကမ္ဘာ ခွဲခြားဖို့ နေရာဒေသကို ကြည့်မှဖြစ်မယ်"

ထိုသို့ဖြင့် တစ်ဦးနှင့်တစ်ဦး တိုင်ပင်၍ နေရာဒေသ ရှာသောအခါ မဇ္ဈိမဒေသကို တွေ့ရှိခဲ့ကြပါသည်။

"ဤမဇ္ဈိမဒေသကား ကမ္ဘာမြေကြီး စတင်ပေါ်ထွန်းပြီး ကမ္ဘာပျက်ချိန်တွင် နောက်ဆုံးမှ ပျက်မည်ဖြစ်၍ အသုညတကမ္ဘာ ဖြစ်ပေသည်"

ထိုနောက် အခြားသော နိမိတ်က ရှာသောအခါ ကြာရုံ တစ်ရုံတွင် ငါးခုသောကြာငုံကို မြင်တွေ့ခဲ့ရာ ဗြဟ္မာမင်းများက

"ဤကမ္ဘာ၌ ငါးဆူသော ဘုရားရှင်တို့ ပွင့်တော်မူလတ္တံ့ ဒါကြောင့် ဤကမ္ဘာကို မဟာဘဒ္ဒကမ္ဘာဟူ၍ အမည်ပညာတ် ခေါ်ဆိုအံ့"

ထိုမှ ကာလအတန်ကြာသော်

လူမျိုးလေးပါး ပေါ်ပေါက်ခဲ့သည်။ ထိုလူမျိုးလေးပါးတို့





တွင် ပုဏ္ဏား ရသေ့၊ သူဌေးသူကြွယ်၊ ဆင်းရဲသားဟူ၍ အသီးသီး ရှိကြသည်။ ရသေ့များထဲတွင် အဋ္ဌကရသေ့ အစရှိသော ရသေ့ကြီး ဆယ်ပါးသည် ၎င်းတို့၏ ဒိဗ္ဗ စက္ခုအဘိညာဏ်ဖြင့် ဘုရားသခင်၏ မဟာပုရိသလက္ခဏာတော်နှင့် နီးနှောကာ ဗေဒင်သုံးပုံကို ပြုစုစီရင် ခဲ့ကြသည်။

ထိုရသေ့ကြီးဆယ်ပါးကား ကမ္ဘာပေါ်တွင် ဦးစွာပထမ ပေါ်မင်းဖြစ်သည့် မဟာသမ္မတမင်းကြီး ဆည်းကပ်ကိုးကွယ်ခဲ့ကြ သော ရသေ့ပညာရှိ တစ်ကျိပ်ဖြစ်ပြီး ၎င်းတို့သည် နောင်လာ နောက်သားတို့၏ အကျိုးစီးပွားရရန်အတွက် ဗေဒင်ကျမ်း၊ ဆေး ကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်အသွားအလာ တည့်ရှိပုံ ပြောင်းလဲ ပုံ အကျိုးအပြစ်များကို ရေးသားဖော်ပြသည့် နက္ခတ္တကျမ်းရင်း ကြီးကို ပြုစုရေးသားခဲ့လေသည်။

"ဒြော် . . . လက်စသတ်တော့ ဒီလိုကိုး . . . လူသား တွေရဲ့ အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်အောင် ဒီရသေ့ ကြီးတွေက ပညာတွေဖြန့်ဝေပေးခဲ့တာကိုး . . . ဒီရသေ့ကြီးတွေ ဟာ လူသားတွေရဲ့ ကျေးဇူးရှင်တွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တွေးတောနေစဉ်. . .။

"ဆရာကြီး ဦးစိန္တာ ရှိပါသလားရှင်"

ချိုသာသော အသံကလေးကို ကြားရသဖြင့် ဆရာကြီး ဦးစိန္တာက. . .။

"ရှိပါတယ်. . . ဝင်ခဲ့ပါ မိန်းကလေး"

"ဟုတ်ကဲ့ပါရှင့်"

မကြာမီ ရုပ်ရည်ရူပကာ ကျော့ရှင်းလှပသည့် မိန်းကလေးတစ်ဦးသည် ဆရာကြီး ဦးစိန္တာရှေ့သို့ ရောက်ရှိလာခဲ့သည်။

ဆရာကြီး ဦးစိန္တာသည် မိမိရှေ့တွင် ရောက်ရှိနေသော မိန်းမပျို၏ နဖူးရည် ဒူးရည်ကို ကြည့်လိုက်ကတည်းကပင် ဤအမျိုးသမီးသည် မြင့်မြတ်သော အမျိုးကောင်းသမီး ဖြစ်မည်ဟု သိလိုက်သည်။

"မိန်းကလေး. . . အသင် ဗေဒင်မေးရန်လာသလော"

"မှန်ပါသည် ဆရာကြီး"

"သို့ဆိုလျှင် အသင် သိချင်သည့်ကိစ္စကို မေးမြန်းပါလော့"

"ကျွန်ုပ်သည် နက္ခတ္တဒေဝီမင်းသမီး ဖြစ်သည်. . . ဤ





အရပ်နှင့်ဝေးကွာသော ပေါက္ခရဝတီမြို့မှ လာခဲ့ခြင်းဖြစ်သည်။ ပေါက္ခရဝတီမြို့၌ ကျွန်ုပ်၏ဖခမည်းတော် မင်းမဟာကြီး အုပ်စိုးခဲ့သည်။ မင်းမဟာကြီးတွင် သားတော် ကုမာရမင်းသားနှင့် သမီးတော် ကျွန်ုပ် နက္ခတ္တဒေဝီဟူ၍ အမြွှာမောင်နှမ ရှိခဲ့သည်။ မင်းသားကုမာရ၌ ကြင်ယာတော် မာယာမင်းသမီး ရှိ၏။ ဖခမည်းတော်သည် ကြမ်းတမ်းရက်စက်သော မင်းသား ကုမာရကို ထီးနန်းဆက်ခံမည့် အိမ်ရှေ့စံအရာသို့ မပေးပဲ ကျွန်ုပ်ကိုသာ အိမ်ရှေ့စံမင်းသမီးအဖြစ် အဆောင်အယောင်နှင့်တကွ အပ်နှင်းခဲ့သည်။

ယခုမူ ဖခမည်းတော် အိပ်ပျော်နေခိုက် ကုမာရမင်းသားက လုပ်ကြံသဖြင့် ဖခမည်းတော် နတ်ရွာစံခဲ့ပြီ။ ဤထီးနန်းကို လုယူခဲ့သဖြင့် ကျွန်ုပ်နှင့်တကွ စစ်သည်အချို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ ဤထီးနန်းကို ကျွန်ုပ် ပြန်လည်တိုက်ခိုက်သည် ဖြစ်ပါသဖြင့် ကျွန်ုပ် အောင်ပွဲရမည်လော. . . ရှုံးနိမ့်မည်လော ဆိုသည်ကို တွက်ချက်ပေးပါရန် လာခဲ့ခြင်းဖြစ်ပါတယ်"

"ဒါဆိုလျှင်. . . အသင်မင်းသမီးမွေးရက် မွေးနေ့နှင့် ကုမာရမင်းသား၏ မွေးရက်၊ မွေးနေ့ကို ပြောပါလော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်၏အစ်ကိုတော်မင်းသားကား ကျွန်ုပ်ထက် "တစ်အံ"သာ ကြီးပါတယ် ဆရာကြီး"

(မှတ်ချက်။ ။ တစ်အံသာမှာ ငါးမိနစ်အချိန်ဖြစ်သည်)

"အိမ်း. . . မွေးနေ့ မွေးရက် မွေးချိန် အတူတူဖြစ်တော့ ဇာတာခွင်တစ်ခွင်တည်း ဖြစ်ပေသည်။ တစ်အံသာတည်းဟူသော အချိန်ဖြင့် အောင်မြင်မှု ရှုံးနိမ့်မှု တွက်ချက်ရသည်မှာ ခက်ခဲ၏။ တစ်အံသာတည်းဟူသော အချိန်မှာ ပြောပလောက်သည့် အချိန်မဟုတ်ပေ။ ဤပုစ္ဆာ၏ အဖြေမှန်မှာ ခက်ခဲလှဘိ၏"

"ဆရာကြီးဟာ အနာဂတ်ဟောကိန်းကို မှန်ကန်အောင် ဟောနိုင်စွမ်းရှိသည်ဟု နာမည်ကြီးသူဖြစ်၍ မှန်ကန်အောင် ဟောကြားပါလော"

"ခက်ချေပြီ မင်းသမီး. . . တစ်အံသာဆိုသည့် အချိန်သည် အများအားဖြင့် ကွာခြားမှု မထင်ရှားပေ။ အောင်မြင်လျှင် အတူ. . . ကျရှုံးလျှင်လည်း အတူတူဖြစ်နိုင်၏။ သို့သော် တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်ရာတွင် အနိုင်နှင့် အရှုံး တစ်ခုခုတော့ ဖြစ်ပေမည်။ သို့ကြောင့် အသင်မင်းသမီး ရောက်လာချိန်အပေါ်





မူတည်၍ "လင်္ဂ"တတ်ပြီး ဟောပါအံ့"

"ဟောပေးပါ ဆရာကြီး"

"အသင်မင်းသမီး. . . ဤစစ်ပွဲ၌ အောင်မြင်မှုသရဖူ ဆောင်းပေလိမ့်မည်"

"ကောင်းလှပြီ ဆရာကြီး. . . ဒီမှာ ဗေဒင်ဟောခအဖြစ် ဤရွှေတုံးကို အဖိုးစားနား ပေးခဲ့ပါသည်။ အကယ်၍ အသင့်၏ ဟောကိန်း မမှန်ပါက လျှာဖြတ်ကြေး ဖြစ်ပေလိမ့်မည်"

နက္ခတ္တဗေဒီသည် ရွှေတုံးအချို့ကိုပေးကာ ဦးစိန္တာအိမ်မှ အမြန်ဆုံး ထွက်ခွာသွားခဲ့သည်။ သည့်တွင် ဦးစိန္တာမှာ. . .။

"ဒီမင်းသမီးဟာ ဘယ်လိုဘာလိမ့်. . . ဟောကိန်းမဆုံး သေးခင် ထပြန်သွားခဲ့ပြီ. . . သူမကား ဤစစ်ပွဲကို ခက်ခက်ခဲခဲ နှင့် အကြိမ်ကြိမ်တိုက်မှ နိုင်ပေမည်။ ဗေဒင်ဆုံးအောင် မဟော ရသေးခင် ပြန်ခဲ့ပြီ. . . ဟိုး. . . ရှေးထုံးစံအတိုင်း လျှာဖြတ်ကြေး ဆောင်းကာ ပြန်သွားခဲ့၏။ နောက်တစ်ခေါက်လာမှ ဤအကြောင်း ကို ဆက်ဟောရလိမ့်မည်"

ထိုခေတ်က ဗေဒင်မှန်မမှန်ကို လျှာဖြတ်ကြေး လော်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကြေး လောင်းတတ်ကြသည်။ ဤသို့ အလောင်းအစားလုပ်ခြင်းမှာလည်း အကြောင်းရှိသည်။ ဗေဒင်ပညာဆိုသည်မှာ အနာဂတ်ဟောကိန်းဖြစ်၍ ခက်ခဲသည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ကြရသည်။

ခက်ခဲသော ပညာရပ်တစ်ခုကို အသေအချာမတွက်ပဲ ဖြီးစလွယ်ဟောမည်စိုးသောကြောင့် မြင့်မားသေ ဒဏ်ကြေးဖြစ်သည့် လျှာဖြတ်၊ လက်ဖြတ် စသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကို စွန့်ပယ်သည့် ကြီးစွာသော ဒဏ်ကြေးဖြင့် အလောင်းအစား လုပ်ခဲ့ကြသည်။

နက္ခတ္တဒေဝီဆိုသည့် မင်းသမီးက လျှာဖြတ်ကြေး အလောင်းအစား ပြုခဲ့သော်လည်း ဦးစိန္တာမှာ မိမိ၏နယ်မြေတွင် ဤသို့သော ကိစ္စမျိုး မရှိဖူးသဖြင့် သူမ၏လောင်းကြေးကို ဂရုမထားပဲ အမှုမဲ့ အမှတ်မဲ့သာ နေခဲ့သည်။ ထိုသို့ဖြင့် ရာသီစက်ဝိုင်းလည်ပတ်ကာ တစ်နှစ်တည်းဟူသော အချိန်သို့ ရောက်ရှိခဲ့သည်။ နွေဦးကာလဖြစ်၍ သစ်ရွက်ကလေးများမှာ အစိမ်းရောင်မှ ဝါကျင့်ကျင့်အရောင်သို့ ပြောင်းလဲလာသည်။ လေအနှောတွင် သစ်ရွက်ဝါ





တို့ တဖြုတ်ဖြုတ် ကြွေကျလာခဲ့၏။ ဥဩကလေးများ တေးသီနေသည်မှာ လွမ်းချင့်စဖွယ် . . . နွေဦးရာသီ . . . ။

ထိုတစ်နှေ့ . . . ။

တိတ်ဆိတ်ငြိမ်သက်သော နွေဦးရာသီကလေးကား အခြေအနေတွေ ရုတ်ခြည်း ပြောင်းလဲသွားခဲ့သည်။ လေပြင်းများ တိုက်ခတ်လာသည့်အတွက် သစ်ပင်ကြီးငယ်တို့ ယိမ်းထိုးလှုပ်ရှားနေသည်။ သစ်ပင်ထက်မှ ငှက်ကလေးများလည်း ဟိုမှသည်သို့ တောင်းတင်ယံထက် ဟိုတစ်စု သည်တစ်စု ပျံသန်းနေကြသည်။ ကျီးကန်းများကလည်း . . . ။

"အား . . . အား . . . အား"

ဟု အော်ဟစ်ကာ ပျံသန်းနေကြသည်။ မိုးကောင်းကင်တစ်ခုလုံး အုံ့မှိုင်းလာကာ သစ်ရွက်များ သဲမှုန်များက ရှာလမ်းတစ်လျှောက် ထောင်းထောင်းထကာ မှုန်ရီဝိုးတဝါး ဖြစ်နေပါသည်။

ကလေးငယ်တစ်သိုက်က ပြောင်းလဲသွားသည့် ရာသီဥတုကိုကြည့်ရင်း ဟိုဟိုသည်သည် ပြေးလွှားနေကြသည်။

ထိုစဉ် . . . ရွာဦးဆီမှ မိန်းမတစ်ယောက် အပြေးကလေး



www.burmeseclassic.com

www.burmeseclassic.com



လာနေသည်။ အဝတ်အစားများက စုတ်ပြဲကာ သူမဝတ်ထားသည့် ထမီမှာ အစများ ဖွာလန်ကြဲမျှ အသွယ်သွယ်ဖြစ်နေ၏။ သူမ၏ဆံပင်ကို ဖြန့်ချထားသည်မှာ ဆံပင်တစ်ရပ် လူတစ်ရပ် တစ်ခေါက်ကွေးကျော်မျှ ရှိသည်။

ထိုဆံပင်ရှည်ကြီးကို တစ်ကိုယ်လုံးရစ်ပတ်ကာ ခပ်မြန်မြန်ပြေးလာနေသော သူရူးမတစ်ယောက်မှာ သူမ၏ဦးခေါင်းထက်မှာ နီရဲလှစွာသော ကြီးမားသည့် ခေါင်းရမ်းပန်းကြီးများကို ပန်ဆင်ထားသည်။ သူမကို ခွေးများက ဟောင်ရင်း နောက်မှ လိုက်လာခဲ့ကြသည်။

"ဝုတ်"

"ဝုတ်"

"ဝုတ်"

"ရှူး"

"ရှူး"

"ရှူး"

ကလေးငယ်တစ်သိုက်က ထိုသူရူးမနောက်မှ ခွေးများ





ကို ရှူးတိုက်ရင်း လိုက်လာခဲ့သည်။ ထိုအခါ သူရူးမက. . .။

"ဒုက္ခရောက်တဲ့သူကို ရှူးတိုက်တဲ့ကောင်လေးတွေ သည်လေပြွင်းထဲ ပါပါစေ"

"အရူးမ မစာဥ. . .နင်ပြောတာတွေ မဖြစ်ပါစေနဲ့"

"လေပြင်းကြီးကြီးထဲ ပါသွားပါစေ"

"အရူးမ မစာဥ. . .နင်ပဲ လေပြင်းထဲပါသွားပါစေ"

လေများတိုက်ခတ်နေသည့်ကြားက ကလေးတစ်သိုက်နှင့် သူရူးမတို့ စကားများနေကြသည်။ ထိုအချိန်က အရူးမကို အမည်မသိလျှင် မစာဥ ဟူ၍ အမည်ပေးလေ့ရှိသည်။ ယခုလည်း သူရူးမကို ကလေးတစ်သိုက်က စ,နောက်ရင်း မစာဥ ဟူ၍ အမည်ပေးခဲ့သည်။

"ဟဲ့. . .ဒီလမ်းက ဗေဒင်ဆရာကြီး ဦးစိန္တာအိမ်ကို သွားတဲ့လမ်း မဟုတ်လား"

"ဟုတ်ပါတယ်. . .ဘာလဲ မစာဥက ဗေဒင်သွားမေးမလို့လား"

"ဟယ်. . .ဘယ်ကဟုတ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ဘာလုပ်မလို့လဲ"

"လျှာသွားဖြတ်မလို့"

"မလုပ်ပါနဲ့ မစာဥရယ်"

"မတားနဲ့ . . . ငါ့ကို မတားကြနဲ့ . . . ကဲ . . . ဗိန်းမောင်းနဲ့သွားမယ် . . . ဗိန်းမောင်း . . . ဗိန်းမောင်း"

ဟု ဆိုကာ ထိုနေရာမှ ရွာလမ်းတစ်လျှောက် ဗိန်းမောင်းဆိုင်းတီးကာ ဆရာကြီး ဦးစိန္တာအိမ်ဆီသို့ ဒေါင်းဒေါင်းပြေးသွားခဲ့သည်။

ဆရာကြီး ဦးစိန္တာ . . .။

"အခါမဟုတ် ဒီလို လေပြင်းတွေတိုက်တာ နိမိတ်မကောင်းဘူး . . . ရာသီဥတုတွေဖောက်ပြန်ရင် လူတွေရဲ့စိတ်လည်း ဖောက်ပြန်တတ်တယ် . . . ဘုရား . . . ဘုရား"

အိမ်ရှေ့သို့ကြည့်ကာ ဖောက်ပြန်နေသည့်ရာသီဥတုကို ကြည့်ရင်း တစ်ကိုယ်တည်း ညည်းညူနေသည်။

"အိမ်း . . . ငါလည်း ဒီလထဲမှာ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းဘူး . . ဘယ်လိုမကောင်းတဲ့အဖြစ်တွေနဲ့များ ကြုံတွေ့ရမလဲ"





"လူ့ဘဝက ခက်ပါတယ် . . . လောကဓံတရား ရှစ်ပါးနဲ့ ကြုံတွေ့ရတတ်တာမို့ အကောင်းအဆိုးဒဏ်တွေကို ခံရမှာပဲ"

ထိုသို့တွေးတောနေစဉ် . . .။

"ဆရာကြီး ဦးစိန္တာနဲ့ တွေ့ချင်လို့ပါ"

သူရူးမတစ်ယောက်က ဤသို့ပြောရင်း အိမ်ပေါ်သို့တက်လာခဲ့သည်။ ဦးစိန္တာမှာ ဤကဲ့သို့ ရာသီဥတုဖောက်ပြန်ကာဆိုးဝါးစွာ လေပြင်းတိုက်ခတ်နေချိန်တွင် မမျှော်လင့်ပဲ သူရူးမတစ်ယောက် ရောက်ရှိလာသဖြင့် ကောင်းမြတ်သည့်နိမိတ်ပုံမဟုတ်မှန်း သိလိုက်သည်။

သူမကို လှမ်းကြည့်လိုက်တော့ . . .။

အင်္ကျီက အစုတ်အပြဲ ထမီက ဖွာလန်ကြဲဖြစ်နေသဖြင့် မိန်းမတစ်ယောက်၏ အရှက်မလုံတလုံ ဖြစ်နေသည့်အတွက် . . .။

"ရှင်မရေ . . . မြုံစောင်တဘက်ကြီး တစ်ထည်လောက်ယူလာပါဦး"

"ဟုတ်ကဲ့ . . . ယူလာပါပြီ"

"အေး . . . ဒါဆို . . ဟိုမိန်းကလေးကို မြုံပေးလိုက်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဆရာကြီး၏ဇနီးသည်က သူ့ရှေ့မကို ခြုံစောင်ကြီးဖြင့် ခြုံပေးလိုက်သည်။

"ကဲ...ကလေးမ..အသင်..ဘာပြောစရာရှိသနည်း"

"သင့်အမေးကိုမဖြေခင် သင်သည် ကျွန်ုပ်ကို သိပါသလော...ဖြေပါ"

ဦးစိန္တာသည် သူမအား စေ့စေ့ကြည့်လိုက်သည်။ သူမ၏ မျက်နှာမှာ သဲမှုန် ဖုံမှုန်များ ကပ်နေသဖြင့် ညစ်ပတ်ပေရေကာ မျက်နှာပုံသဏ္ဌာန်ကို ရုတ်တရက် မမှတ်မိပေ...။

"စိတ်မရှိပါနဲ့...အသင့်ကို ဆရာ မမှတ်မိပါ"

"လူတွေဟာ ဝတ်ကောင်းစားလှဝတ်လာတဲ့သူကို အရေးပေး မှတ်မိကြတယ်...အခုလို စုတ်စုတ်ပြတ်ပြတ်နဲ့ အရှေ့မကိုတော့ မမှတ်မိကြတော့ဘူးလား"

"ဆရာ...တကယ်မမှတ်မိပါ"

"ဒါဆိုရင်...ကျွန်ုပ် ပြောမည်...ကျွန်ုပ်ကား နက္ခတ္တဒေဝီ ဖြစ်သည်...ယခု အသင် မှတ်မိပြီလော"





"အိုး...နက္ခတ္တဒေဝီလား...အသို့ဖြစ်လာသနည်း"

ဆရာကြီးဦးစိန္တာက တအံ့တဩ မေးလိုက်သည်။

"ဟုတ်ပြီ...အသင်မမှတ်မိနိုင်အောင် ကျွန်ုပ်ရဲ့ဘဝ ရှုံးသွပ်ခဲ့ပြီ...သို့သော် ကျွန်ုပ်၏စိတ်ကိုထိန်းကာ ဤနေရာသို့ လာခဲ့သည်။"

"အသင့်ရဲ့အဖြစ်က မယုံကြည်နိုင်ဖွယ်ရာ ပြောင်းလဲသွားခဲ့သည်။ မည်သို့မည်ပုံ ဖြစ်ခဲ့သည်ကို ပြောပြပါလော"

"ကျွန်ုပ်လည်း လွန်စွာ ပြောချင်လွန်း၍ လာခဲ့သည်။ ကျွန်ုပ်ကား နက္ခတ္တဒေဝီဟူသည့် အမည်နှင့်လိုက်အောင် နက္ခတ္တဗေဒင်ပညာကို ကောင်းစွာ တတ်ကျွမ်းတတ်မြောက်ခဲ့သည်။ အစ်ကိုတော်နှင့် စစ်ဖြစ်မည့်အရေးကို ရှေးဦးမဆွကပင် ကျွန်ုပ် သိခဲ့သည်။ ကျွန်ုပ်နှင့် တစ်ကိုယ်တော်မှာ တစ်အံ့သာသာ အချိန် ကွာသည့်အတွက် အနိုင်အရှုံးကို ကျွန်ုပ် မမှန်းဆနိုင်၍ အသင့်ထံသို့ လာရောက် ဗေဒင်မေးခဲ့သည်။ ဤအထိ အသင်သိပါ၏လော"

"သိပါသည်"



www.burmeseclassic.com

www.burmeseclassic.com



"အသင်သည် ကျွန်ုပ် စစ်နိုင်မည်ဟု တစ်ခွန်းတည်းသောစကားကို ဆိုခဲ့သည့်အတွက် ကျွန်ုပ်မှာ ဝမ်းသာအားရဖြစ်ကာ ရွှေတုံးဆုများ ပေးခဲ့သည်။ သို့သော် ဗေဒင်ဆရာတို့၏ ရှေးထုံးအစဉ်အဆက်က ဗေဒင်ပညာရှင် အဆင့်မြင့်မားစေရန် ရည်ရွယ်ချက်နှင့် ဆုပေးဒဏ်ပေး စနစ်ကို ကျင့်သုံးခဲ့သည်ကို ရော အသင် သိပါ၏လော"

"သိပါသည်"

သို့ရာတွင် အသင်၏ ဟောကိန်းပြီးနောက် ကျွန်ုပ်နှင့် အစ်ကိုယ်တော်တို့ သုံးလအကြာတွင် စစ်မက်ဖြစ်ပွားခဲ့သည်။ ကျွန်ုပ်တို့နှစ်ဦး၏စစ်ပွဲကား ခုနစ်လတိုင်တိုင် ကြာခဲ့သည်။ ဤစစ်ပွဲ၌ ကျွန်ုပ်၏ ဆင်မြင်း အပါအဝင် တပ်မှူး တပ်သားပေါင်းများစွာ ဆုံးရှုံးခဲ့သည်။ ကျွန်ုပ်၏တပ်များက အစိတ်စိတ် အမွှာမွှာ ပျက်စီးကာ ကြီးစွာသော ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရကာ တပ်ပျက်ခဲ့သည်"

"ဤနေရာတွင် ကျွန်ုပ် စကားတစ်ခွန်း ဆိုပါရစေ"

"ပြောပါ"

"ဤအချိန်က ဤစကားကို ဟောရသော်လည်း ကျွန်ုပ်





၏ဟောကိန်းမှ မပြီးပြတ်သေး. . . အသင်သည် စစ်ပွဲကို တစ်ကြိမ်တည်းနှင့် မနိုင်ပါ. . . အခက်အခဲအမျိုးမျိုးနှင့် စစ်ပွဲကို အကြိမ်ကြိမ်တိုက်မှ အနိုင်ရပေမည်။ ထိုဟောကိန်းမှာ မဟောလိုက်ရသည့် ဟောကိန်းပင် ဖြစ်သည်"

"အသင်. . . ဟိုတစ်ချိန်က ဒီဟောကိန်းကို အဘယ့်ကြောင့် ချွင်းချန်ခဲ့ရသနည်း"

"အသင်မင်းသမီး. . . လောကြီးနေ၍ အပြီးတိုင်မဟောခဲ့ပါ"

"ဗေဒင်ပညာကို အသင်ဟာ အလွယ်တကူဖြင့် မြီးစွယ်ဟောခဲ့သည်။ ယနေ့ ကျွန်ုပ် အရှုံးနှင့်ရင်ဆိုင်ကာ စိတ်ခံစားရလွန်း၍ ရူးသွပ်သည့်အထိ ခံစားနေခဲ့ရသည်။ သို့အတွက် ကျွန်ုပ်နှင့် အသင် လောင်းကြေးထပ်ခဲ့သည့်အတိုင်း အသင့်၏ ပြတ်ရန် ကျွန်ုပ် ရောက်ရှိလာခဲ့သည်"

"အလို. . . နက္ခတ္တမင်းသမီး. . . အသင်၏လောင်းကြေးငွေ မြင်းထန်လှပေသည်။ ဤအပြစ်မှာ ကျွန်ုပ်တစ်ဦးတည်း၏ အပြစ်မဟုတ်ပါ. . . စဉ်းစားပါဦး. မင်းသမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်၏လောင်းကြေးကို စဉ်းစားရန်မလိုပါ. . . အသင့်ကို ယုံကြည်သည့်အတွက် တိုက်ပွဲဝင်၍ စစ်တိုက်ခိုက်ခဲ့သည်။ ယခု ကျွန်ုပ် ရှုံးနိမ့်ခဲ့ပြီ။ ရှုံးနိမ့်သမျှ အဆိုးဆုံးနှင့် ရင်ဆိုင်ခဲ့ရ ပြီ။ ဤအရှုံးကို အသင့် အဘယ်သို့ ကုစားပေးမည်နည်း။ အသင် ဖြေလော"

"မှန်ပါသည် မင်းသမီး. . . ကျွန်ုပ်၏ပေါ့ဆမှုသည် ကု စား၍မရနိုင်သည့်ပြစ်မှုကြီး ဖြစ်ခဲ့ပြီ. . . လူပေါင်းများစွာ ဆင် မြင်း စစ်သည်ပေါင်းများစွာ သေကြေပျက်စီးခဲ့သဖြင့် ကျွန်ုပ် များစွာ စိတ်မကောင်းခြင်း ဖြစ်မိသည်။ ကျွန်ုပ်၏ပေါ့ဆမှု အား နာမှုတို့သည် ကျွန်ုပ်၏ အားနည်းချက်ပင်တည်း။ သို့အတွက် ကြောင့် မင်းသမီး စိတ်ဆိုးဖြတ်ပါလော. . .။ ကျွန်ုပ်၏ အမှား အတွက် နာခံရန် အသင့်ရှိဘိ၏။

ဆရာကြီး ဦးစိန္တာလည်း မိမိ၏ပေါ့ဆမှု အားနာမှုတို့ ကြောင့် မြင်မြင်သမျှ ကိစ္စအားလုံး မပြောလိုက်မိဘဲ နောက်ဆုံး အခြေအနေဖြစ်သော အကောင်းဆုံးအဖြေကို စိတ်ကြိုက်လိုက်၍ ပြောလိုက်မိသည်။





ဤသည်ကား. . . ဦးစိန္တာ၏အမှားပင် ဖြစ်ချေသည်။

နက္ခတ္တဒေဝီမင်းသမီးကလည်း ဦးစိန္တာကိုယုံ၍ စစ်ခင်း ခဲ့သည့်အတွက် ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုတော့ ဖြစ်မိသောအမှားကို ဆရာကြီးဦးစိန္တာက သိခဲ့လေပြီ. . .။ အမှား သိသူအား အတတ်နိုင်ဆုံး ခွင့်လွှတ်ရစမြဲဟူသည့် ပညာရှိတို့ ဆိုမှာချက်ကို နက္ခတ္တဒေဝီသည် သတိရလိုက်မိသည်။

"အင်း. . . အမှားကိုသိပြီး ဝန်ခံတဲ့အတွက် လျှော့ဖြတ်ဖို့ အချက်ကို ကျွန်ုပ် စဉ်းစားမည်။ သို့သော် သေဆုံးသွားသည့် ရဲမက် များအတွက် အသင့်ကို အပြီးတိုင် ခွင့်လွှတ်ရန် မဖြစ်ပေ။ သို့ အတွက် အသင့်အပေါ်၌ ကျွန်ုပ်၏ မုန်းမာန်ဖွဲ့ ကျိန်စာဆိုးတစ်ခု ကို ကျွန်ုပ် ကျိန်ဆိုပါမည်"

"အသင် မင်းသမီး. . . အသင်နှစ်ခြိုက်ရာအမှုကိုပြုပါ တော့. . . အပြစ်ရှိသူတစ်ယောက်အနေဖြင့် "စောဒက"တက် ခြင်း မပြုပါ"

"ကောင်းလှပြီ. . . အသင်နားဆင်လော. . . ကျွန်ုပ်နှင့် ဆရာကြီး ဦးစိန္တာတို့နှစ်ဦးမှာ ဗေဒင်ပညာရပ်တစ်ခုတွင် အဖြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ရှာဖွေခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင် မဆုံးဖြတ်နိုင်သဖြင့် သူ့၏အဟောကို ကျွန်ုပ်လက်ခံကာ အစ်ကိုယ်တော်နှင့်-စစ်ခင်းခဲ့သည်။ ၎င်း၏အဟောမှာ ဤစစ်ပွဲ၌ ကျွန်ုပ် နိုင်မည်ဆိုသဖြင့် ရွှေတုံးများ ဆုတော်ငွေအဖြစ် ဆုချခဲ့သည်။ အကယ်၍ မှားယွင်းပါက လျှာဖြတ်မည်ဟု ကတိကဝတ်ပြုခဲ့သည်။

ယခုမူ အသင်၏ ဟောပြောချက် မှားယွင်းကာ ကျွန်ုပ်၏စစ်သည် အများအပြား ဆုံးရှုံးခဲ့သည်။ ထိုလူများကိုယ်စား အသင်၏လျှာကို ဖြတ်ရန်သာရှိပေသည်။ သို့သော်လည်း အသင်သည် အမှားကိုသိကာ ပြုသမျှ နုမည့်အနေအထားတွင်ရှိသဖြင့် လက်မြှောက်အရှုံးပေးသူအား ကြိုးချည်၍ ရိုက်နှက်ခြင်းမျိုး မလုပ်လိုပါ။ ထို့အတွက် အသင့်အား လျှာဖြတ်ခြင်းအမှုကို မပြုလုပ်တော့ပါ။ သို့ပင်ဖြစ်ငြားအံ့ ကျွန်ုပ်သည် အသင့်အား ကျိန်စာတစ်ခုကို ကျိန်ဆိုပါမည်"

"ကျွန်ုပ်၏ကျိန်စာသည် အသင့်၏ဘဝတစ်သက်တာလုံးအတွက် တည်ပါစေဟု ကျွန်ုပ် ကျိန်ဆိုပါသည်။ ဤကျိန်စာကား အသင်၌ နက္ခတ်များ ဖောက်ပြန်ချိန်တွင် သားဆိုးတစ်





ယောက်မွေးပါစေ. . . ထိုသားဆိုးသည် အသင့်၏လျှာကိုဖြတ်ပါစေ. . . အသင့်၏တစ်ဘဝလုံး သားဆိုး၏ဒဏ်ကို ထိတ်လန့်ကြောက်ရွံ့စွာ ခံစားရပါစေ. . . ဤသည်ကား ပုတ္တရမည်သောသားကို ကျိန်စာဆိုသည့်အတွက် ကျွန်ုပ်၏ ပုတ္တရကျိန်စာပင်တည်း"

"ဤကျိန်စာကို တိုင်းပြည်အတွက် အသက်စွန့်သွားသူများကိုယ်စား ကျွန်ုပ် ကျိန်ဆိုပါ၏"

သူမသည် ဤသို့သော ကြောက်မက်ဖွယ် ကျိန်စာဆိုးတို့ကို လေပြင်းများတိုက်ရာဘက်သို့ မျက်နှာမူပြီး လက်နှစ်ဖက်မြှောက်ဆန့်တန်းကာ ကျယ်လောင်သောအသံကြီးဖြင့် ဟစ်အော်ကာ ကျိန်ဆိုလိုက်ပါသည်။

ဤတွင် ကျယ်လောင်လှသော လေပြင်းကြီးမှာ. . .။

"ဝေါ. . . ဝေါ. . . ဝေါ"

တဝေါဝေါနှင့် တိုက်ခတ်ကာ ဤကျိန်စာဆိုးကြီးကို ဆောက်ခံသည့်နှယ် သစ်ပင်သစ်ကိုင်းများပါ ယိမ်းထိုးနေပါတော့သည်။ နက္ခတ္တဒေဝီမင်းသမီးသည် ထိုသို့ ပြင်းထန်စွာ တိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် လေပြင်းများအကြား ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

“ကျိန်စာဆိုးကြီး. . . ငါ့ရဲ့စိတ်ကို တမြေ့မြေ့ခံစားရအောင် သူကျိန်ဆိုသွားခဲ့ပြီ. . . ဒါဟာ သူမရဲ့ဆုံးရှုံးခြင်း မဟုတ်ဘူး. . . ငါ့ရဲ့ဆုံးရှုံးခြင်းပဲ”

ဆရာကြီးဦးစိန္တာမှာ အိမ်ရှေ့တံခါးဝမှ မတ်တပ်ရပ်ကာ နက္ခတ္တဒေဝီ ပြေးသွားရာဆီသို့ လှမ်းမျှော်ကြည့်ရင်း ဤသို့ ရေရွတ်လိုက်သည်။

ဦးစိန္တာ၏ဇနီးသည်မှာ လေပြင်းတိုက်ချိန်တွင် ရုတ်တရက် ရောက်ရှိလာကာ ကြောက်မယ်ဖွယ် ကျိန်စာဆိုးတို့ကို အော်ဟစ်ကျိန်ဆိုသွားသည်။ သူရူးမ၏ အမုန်းဖွဲ့ကျိန်စာကို ကြောက်ရွံ့စွာ နားထောင်ရင်း လွန်စွာ စိတ်မကောင်းဖြစ်ခဲ့မိသည်။

ထိုသူရူးမ ထွက်သွားပြီး မကြာမီ လေပြင်းတိုက်ခြင်းစဲသွားခဲ့သည်။

“ဩော်. . . လေပြင်းနဲ့အတူ ရောက်လာပြီး လေပြင်းနဲ့အတူ ပြန်ထွက်သွားတဲ့ နက္ခတ္တဒေဝီရယ်. . . အသင်နဲ့ကျွန်ုပ်ဟာ





ဘဝတစ်ခုခုမှာ ရန်ညှိုးရန်စရှိခဲ့လို့ ယခုဘဝမှာ ကျိန်စာဆိုးတို့နဲ့ ကျိန်ဆိုခဲ့တာလား မင်းသမီးရယ်”

“ဘဝများစွာ သံသရာက အမုန်းတို့ဖွဲ့ခဲ့ကြလေရော့သလား”

ယခုဘဝတွင် တစ်ခါမျှ မမြင်ဖူးပါပဲလျက် အဝေးတစ်နေရာမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီး ရက်စက်သည့် ကျိန်စာဆိုးတို့ကို ကျိန်ဆိုသွားခဲ့သည်။

“ဒါဆိုရင် ဘယ်လိုလုပ်မလဲ ကိုစိန္တာရယ်. . . ကျွန်မတို့မိသားစုဘဝလေးတော့ ပျော်ရွှင်မှုတွေ ပျက်စီးသွားခဲ့ပြီပေါ့”

“ဟုတ်ပါရဲ့ ရှင်မရယ်. . . ဒီလို စိုးရွံ့ကြောက်လန့်မယ့်အစား တစ်ခါတည်းသာ ငါ့ရဲ့လျှာကို ဖြတ်လိုက်တာကမှ ကောင်းဦးမယ်”

“ကိုစိန္တာရယ်. . . ကျွန်မက သားဆုပန်ထားတာ. . . အခုတော့ ဘယ်လိုလုပ်ရပါ့မလဲ”

ဇနီးသည် မယ်ကောင်းဘုံက ထိတ်လန့်စိုးရွံ့စွာ ဦးစိန္တာကို မေးလိုက်သည်။ ဦးစိန္တာသည် ဇနီးသည် မယ်ကောင်းဘုံ၏



www.burmeseclassic.com

www.burmeseclassic.com



ကျော့ပြင်ကိုသပ်ကာ. . .

"ကျိန်စာဆိုတိုင်း မထိနိုင်ပါဘူး. . . ရှင်မ စိတ်အေး အေးထားပါ"

"ကိုစိန္တာ. . . နက္ခတ္တဒေဝီရဲ့မျက်နှာဟာ ရဲရင့်ပြီး စိတ်ဓာတ်ပြင်းထန်တယ်. . . သူ့ရဲ့ကျိန်ဆိုမှုဟာ ပြင်းပြတဲ့ဆန္ဒရှိတယ်၊ ဒီလိုကျိန်စာမျိုးဟာ မီးလိုပူပြင်းတတ်တယ်. . . တကယ်လို့ သူ့ရဲ့ ကျိန်စာသာ သင့်ခဲ့ရင်တော့ ကျွန်မရဲ့သားလေးဟာ လူတော်လူကောင်း သားထူးသားမြတ်တော့ ဖြစ်တော့မှာမဟုတ်ဘူး. . . သားဆိုးသားမိုက် လူပေလူတေကလေး ဖြစ်သွားတော့မှာပဲ"

"ရှင်မရယ်. . . မဖြစ်သေးတဲ့အနာဂတ်အတွက် တွေးပြီးပူမနေပါနဲ့. . . ကျိန်တိုင်းသာဖြစ်မယ်ဆိုရင် မုန်းတဲ့သူတိုင်းကို လိုက်ပြီးကျိန်နေတော့မှာပေါ့"

"ရှင်ပြောတာလည်း ဟုတ်ပါတယ်. . . စိတ်ပင်ပန်းမှုကို စိတ်နဲ့ပဲ ဖြေဖျောက်တာ အကောင်းဆုံးပါပဲ"

ဦးစိန္တာတို့လင်မယားနှစ်ဦးမှာ. . .။

ထူးဆန်းစွာ ရောက်ရှိလာပြီး ကျိန်စာဆိုးတို့ဖြင့် ကျိန်





ဆိုသွားသည့် နက္ခတ္တဒေဝီတည်းဟူသော မင်းသမီးကြောင့် စိတ်အနှောင့်အယှက်များစွာဖြင့် ဘဝကို ဖြတ်သန်းခဲ့ကြပါသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

## “လျှာဖြတ်မည့်သူ”

နက္ခတ္တဒေဝီ ပြန်သွားပြီး လေးလခန့်အကြာတွင်...။

ဦးစိန္တာ၏ဖနီးသည် မယ်ကောင်းဘုံမှာ ပျို့အန်သော ဝေဒနာကို ခံစားနေရသည်။

“အင်း...သည်ပုံနဲ့တော့ မဖြစ်ဘူး...ဝမ်းဆွဲဆရာမကြီးကို သွားပြမှဖြစ်မယ်”

မယ်ကောင်းဘုံသည် မိမိကိုယ်ကို သံသယရှိသဖြင့် ဝမ်းဆွဲဆရာမကြီးထံသို့ သွားပြရာ...။

“မယ်ကောင်းဘုံမှာ ကိုယ်ဝန်သုံးလရှိနေပြီ”

“ရှင်”





မယ်ကောင်းဘုံမှာ ဝမ်းဆွဲဆရာမကြီး၏စကားကြောင့် ကြောက်ရွံ့တုန်လှုပ်သွားခဲ့သည်။

“မယ်ကောင်းဘုံ...ရှင့်မှာ သားသမီးရတနာရတာပဲ ဘာဖြစ်လို့ဝမ်းမသာတာလဲ”

“ဝမ်းမသာတာတော့ မဟုတ်ပါဘူး...မျှော်လင့်မထား တော့ အံ့သြသွားလို့ပါ”

“ရှင်တို့ အသက်ကြီးမှ သားဦးလေးရမှာဆိုတော့ ဝမ်းသာစရာပဲ...ဦးစိန္တာကြီး ဝမ်းသာအောင် ပြောလိုက်ပါဦး”

“ဟုတ်ကဲ့ပါ”

မယ်ကောင်းဘုံမှာ စိတ်လေးလံစွာ အိမ်သို့ပြန်သွားခဲ့ သည်။ ဦးစိန္တာမှာ မျက်နှာမကောင်းစွာနှင့် ပြန်လာသည့် မယ် ကောင်းဘုံအားကြည့်ပြီး...။

“ရှင်မ...ဘာဖြစ်လာသလဲ”

“ဘာမှမဖြစ်ပါဘူး ကိုစိန္တာရယ်”

“မဟုတ်ပါဘူး...မင်း တစ်ခုခုဖြစ်လာတာ ငါသိပါ တယ်...လင်မယားဆိုတာ အေးအတူ ပူအမျှပေါ့...ပြောစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါ''

မယ်ကောင်းဘုံမှာ အစက မပြောသေးဘူးဟု စိတ်ကူးထားသော်လည်း မျက်နှာရိပ် မျက်နှာကဲကိုသိသည့် ချစ်လင်ကို မညာလိုတော့၍ အမှန်ကိုဖွင့်ပြောလိုက်သည်။

''ကျွန်မတော့ လေးဆယ်ကျော်မှ ကံပေါ်ဆိုသလို မစားချင် မသောက်ချင် အော့အန်နေလို့ ဝမ်းဆွဲဆရာမကြီးကို သွားပြတော့. . . ကိုယ်ဝန်သုံးလရှိနေပြီတဲ့''

''ဟာ. . . ဒါဆို သိပ်ကောင်းတာပေါ့. . . ငါတို့လိုချင်တဲ့ သားသမီးရတနာ ရတော့မှာပေါ့. . . ဒါဟာ ဝမ်းသာစရာပဲ. . . ဘာဖြစ်လို့ မျက်နှာမကောင်းဖြစ်ရတာလဲ''

''ကိုစိန္တာရယ်. . . မေ့တတ်ရန်ကော''

''ဘာမေ့တာလဲ ရှင်မရဲ့''

''ကျွန်မတို့ကို နက္ခတ္တဒေဝီမင်းသမီးက ကျိန်စာတိုက်သွားတာ ရှင်မေ့နေပြီလား. . . လှပဖြတ်မည့်သားလေး မွေးပါစေတဲ့. . . အဟီး. . . အဟီး. . . ကျွန်မတော့ သေချင်တာပါပဲ''

ပြောပြောဆိုဆို မယ်ကောင်းဘုံက ဟီးချကာ ငိုကြွေး





လိုက်သည်။ သည့်တွင် ဦးစိန္တာက. . .။

''ရှူးလည်းရှူးပါဘိ မယ်ကောင်းဘုံရယ်. . . အခုမှ သန္ဓေတည်တဲ့ကလေးကို အနာဂတ်အတွက် ရင်လေးမနေပါနဲ့. . . ကျိန်စာဆိုတာ ဖြစ်ချင်မှဖြစ်တတ်တာ. . . စိတ်ချမ်းသာအောင်နေပါ ရှင်မရယ်''

ဤသို့ နှစ်သိမ့်ပေးလိုက်သည်။

''ရှင်တို့က ယောကျ်ားလေးဆိုတော့ သူတစ်ပါးရဲ့စကားကို အလေးမထားဘူး. . . ကျွန်မက မိန်းမသားဆိုတော့ ကျိန်စာတိုက်တာတွေကို ကြောက်တယ်. . . အထူးသဖြင့် ကျွန်မကိုယ်တိုင် ပင်ပန်းဆင်းရဲပါစေ မကြောက်ဘူး. . . ဒါပေမယ့် ကျွန်မရဲ့သားသမီးဟာ လူဆိုးလူမိုက် မိဘတစ်လီ ရန်သူမည်တတ်တဲ့ သားဆိုး သမီးဆိုး မဖြစ်စေချင်ဘူး''

''ကဲ. . . ကဲ. . . ကိုယ်ဝန်ဆောင်စမှာ ဘာမှစဉ်းစားမနေနဲ့တော့. . . အားရှိတဲ့ အစားအစာစားပြီး စိတ်အေးလက်အေးနေပါတော့. . . ဒါမှ မင်းရော ကလေးပါ ကျန်းမာမှာ''

''ကောင်းပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



မယ်ကောင်းဘုံ၏ အတွင်းစိတ်သဏ္ဌာန်မှာ စိုးရွံ့ထိတ်လန့်နေသော်လည်း ချစ်လင် စိတ်ဆင်းရဲမည်စိုးသဖြင့် အပူရုပ်ကို ထိန်းချုပ်ကာ အိမ်ခန်းထဲသို့ ဝင်သွားခဲ့သည်။

ဦးစိန္တာမှာလည်း မယ်ကောင်းဘုံအား စိတ်ချမ်းသာစေရန် ချော့မော့ပြောရသော်လည်း အသက်လေးဆယ်ကျော်မှ ဇနီးသည် မယ်ကောင်းဘုံမှာ ကိုယ်ဝန်ရှိလာသဖြင့် အိမ်ရှေ့ပက်လက်ကုလားထိုင်မှာထိုင်ရင်း. . .။

"အင်း. . . နက္ခတ္တဒေဝီရဲ့ကျိန်စာဟာ အစပြုလာပြီလား"

ထိုသို့စဉ်းစားမိကာ သက်ပြင်းအကြိမ်ကြိမ် ချခဲ့မိသည်။

"အင်း. . . မယ်ကောင်းဘုံ စိတ်ချမ်းသာအောင် ပြောရပေမယ်လို့ တကယ်သာ ငါ့ရဲ့လျှာကိုဖြတ်မယ့်အားကလေးသာ မွေးလာခဲ့ရင်. . . အလို. . . ဘုရား. . . ဘုရား. . . ဆက်မတွေးရဲအောင်ပါလား"

ဆရာကြီးဦးစိန္တာသည် ဤသို့တွေးရင်း လွန်စွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။





သည့်လိုနှင့် ကိုယ်ဝန်မှာ တဖြည်းဖြည်း ရင့်လာခဲ့သည်။

"အင်း. . . မယ်ကောင်းဘုံ မွေးမယ့်လကို တွက်ကြည့်ဦးမှပဲ"

မယ်ကောင်းဘုံ မွေးမည့်လကို တွက်ကြည့်ရာ. . .။

"ဂြိုဟ်သွားဂြိုဟ်လာတွေကလည်း မကောင်းပါလား၊ ဖွားဖက်ကျင့်တဲ့ ဂြိုဟ်က ကျင့်တယ်၊ ရှေ့သွားရမယ့်ဂြိုဟ်က ရပ်နေပြီး နောက်ကဂြိုဟ်က ရှေ့ကိုကျော်သွားတော့မယ်. . . အင်း. . . ဂြိုဟ်နေဂြိုဟ်စား မမှန်ပါလား. . . ဒါ့အပြင် နေကြတ်လကြတ်ဦးမယ်. . . ခက်တော့တာပဲ. . . ဒီလိုဂြိုဟ်တွေဖောက်ပြန်တဲ့အချိန်မှာ မွေးမယ့်ကလေးဟာ ကောင်းရင်လည်း အရမ်းကောင်းမယ်. . . ဆိုးရင်လည်း အရမ်းဆိုးမယ်. . . အစွန်းနှစ်ဖက်ညီမျှတဲ့ ကလေးကို မွေးဖွားရလိမ့်မယ်. . . ဒီလိုဂြိုဟ်တွေဖောက်ပြန်တဲ့အချိန်မှာ အဇာတသတ်ကို ဗိမ္ဗိသာမင်းကြီးက မွေးဖွားခဲ့ဖူးတယ်. . . ဒါဆိုရင် နက္ခတ္တဒေဝီ ကျိန်စာဆိုခဲ့သလို အဖေ့ကို လျှာဖြတ်မယ့်ကလေး မွေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ထိုသို့ဖြင့် နေ့စဉ် ဟင်းချက်ကာ မအိပ်နိုင် မစားနိုင်အောင် ဖြစ်ခဲ့သည်။ သို့သော်လည်း မယ်ကောင်းဘုံအား ဖွင့်မပြောပဲ တိတ်တဆိတ် နေခဲ့သည်။ ဤတွင် မယ်ကောင်းဘုံက. . .။

"ကျွန်မလေ. . . ဒီကလေး ကိုယ်ဝန်ဆောင်မှ ကျောက်သင်ပုန်းနဲ့ ကန့်ကူဆံ လိုချင်တယ်"

"ဘာလုပ်မလို့လဲ"

"ကျွစ်လည်း လက်ရိုးတွက်ချင်လို့ပေါ့"

"အေး. . . တွက်ပေါ့ကွာ. . . ဗေဒင်ဆရာကတော်ပဲ. . . အခြေခံတော့ တတ်ရမှာပေါ့"

"နောက်ပြီးတော့. . . ကျွပ် ကွမ်းစားလိုက်တာနဲ့ လျှာပြတ်ထွက်မတတ် ခံစားရတယ်"

"ဟေ"

သည်စကားကိုကြားတော့ ဦးစိန္တာကြီး လန့်သွားသည်။ လျှာဖြတ်ဆိုသည့် စကားမှာ ဦးစိန္တာအဖို့ မကြားချင်ဆုံးသော စကားပင်. . .။





"ရှင်ကလည်း လျှာပြတ်မယ် ပြောတာနဲ့ မျက်လုံးကြီး ပြူးပြီး စိုက်ကြည့်နေလိုက်တာ. . . ကျွန်မတောင်လန့်တယ်"

"ဩော်. . . ရှင်မရယ်. . . ငါက မင်း တစ်ခုခုဖြစ်မှာစိုး ရိမ်လို့ပါ"

ဦးစိန္တာက မယ်ကောင်းဘုံ ထိတ်လန့်မည်စိုးသဖြင့် စကားလွှဲပြီး ပြောလိုက်သည်။ သို့ရာတွင် သူ၏ရင်ထဲ၌. . .။

"အင်း. . . ချင်ခြင်းတတ်တဲ့နိမိတ်တွေက အနာဂတ် ဟောကိန်းအတွက် ရင်လေးစရာအဖြေတွေ ဖြစ်လာလိမ့်မယ် ထင်ပါရဲ့"

ဤအတွေးများဖြင့် ယောက်ယက်ခတ်နေသည်။

ဦးစိန္တာမှာ ဗေဒင်ပညာ၌ ကျွမ်းကျင်သူဖြစ်သည့်အလျောက် မကြာခင် ရောက်ရှိတော့မည့် အနာဂတ်အရေးကို ကြိုတင်မှန်းဆနေမိသည်။ သို့သော် အသက်ကြီးမှ မိခင်ဖြစ်မည့် မယ်ကောင်းဘုံကိုလည်း သိမှာစိုးရိမ်လှသည်။ ဒီ့ဟာစိတ်ကြောင့် နေ့စဉ်နေ့တိုင်း စိတ်မရွှင်နိုင်အောင် ဖြစ်နေရတော့သည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့. . .။

ဦးစိန္တာတစ်ယောက် စိတ်မောစွာ စောင့်စားခဲ့ရသည့် နေ့သို့ ရောက်ရှိခဲ့ပြီ။

"အမလေး. . . ကိုစိန္တာရဲ့. . . ဗိုက်နာလိုက်တာ"

သည်နေ့ နံနက်စောစောကပင် မယ်ကောင်းဘုံမှာ မျက်နှာရှုံ့မဲ့ပြီး ညည်းညူလိုက်သည်။

သည်နေ့မှာ. . . ဂြိုဟ်စီးဂြိုဟ်နင်းများ မကောင်းပဲ ရှုပ်ထွေးနေသည်။ ဂြိုဟ်သွားဂြိုဟ်လာအရ နိကတုံကျင့်သည့်ဂြိုဟ်က ကျင့်နေသည်. . . ဂြိုဟ်များဖောက်ပြန်နေချိန်တွင် မယ်ကောင်းဘုံမှာ စတင်ဗိုက်နာခဲ့သည်။

ဦးစိန္တာမှာ ဝမ်းဆွဲဆရာမကြီးကို သွားခေါ်ကာ မီးနေခန်း၌ စောင့်ခိုင်းထားသဖြင့် မယ်ကောင်းဘုံမှာ အလူးအလဲဗိုက်နာနေချေပြီ။ မျက်နှာပြင်၌ ချွေးဒီးဒီးကျနေသည်။ ထိုအချိန်တွင် လေတဟူးဟူး စတင်တိုက်ခတ်လာသည်။

ဟိုတစ်ခါ နက္ခတ္တဒေဝီ လာစဉ်ကကဲ့သို့ လေခပ်ကြမ်းကြမ်းတိုက်ကာ သဲမှုန်များ သစ်ရွက်များ လမ်းတစ်လျှောက်တွင်





လွင့်ပျံနေသည်။ မကြာမီ အခြေအနေမှာ ပိုဆိုးလာပြီး သစ်ပင်ကြီးငယ်တို့ ယိမ်းထိုးလှုပ်ရှားနေပါသည်။

မယ်ကောင်းဘုံမှာ လေပြင်းနှင့်အတူ ကမ္ဘာလေလှုပ်များကာ ပင်ပန်းကြီးစွာ ဗိုက်နာနေပါသည်။ အလွန်အမင်း နာကျင်မှုကို ခံစားရင်း နေ့လည်အချိန်သို့ ရောက်လာခဲ့သဖြင့် မယ်ကောင်းဘုံမှာ သတိမလစ်အောင် အားတင်းထားခဲ့သည်။

သည်တွင် ဦးစိန္တာမှာ. . .။

"နောက်တစ်နာမှာ နေကြွတ်တော့မယ်. . . နေကြွတ်ချိန်မှာ မမွေးပါစေနဲ့"

ယနေ့ မွန်းတည့်ပြီး ထစ်နာရီအကြာတွင် နေကြွတ်တော့မည်ကို သိနေသဖြင့် မိမိ၏သားဦးလေးအား နေကြွတ်ချိန်နှင့် မတိုက်ဆိုင်စေရန် ဆုတောင်းနေပါသည်။

"မယ်ကောင်းဘုံ. . . ဘယ်လိုနေလဲ"

"အရမ်းဗိုက်နာတယ် ဆရာမကြီးရယ်"

"မကြာခင် မွေးတော့မယ်ကွဲ့. . . ဒါကြောင့် ဗိုက်နာတာ စိတ်လာတာကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"အားတင်းထားနော်. . . ရေမွှာပေါက်သွားပြီ"

"အင်း. . . အင်း"

မယ်ကောင်းဘုံမှာ အလွန်အမင်း နာကျင်စွာ ခံစားရင်း ချွေးသီးချွေးပေါက်များ ကျနေပါတော့သည်။ ဝမ်းဆွဲဆရာမကြီးက မယ်ကောင်းဘုံ၏ ဝမ်းဗိုက်ကို ပွတ်ပေးရင်း. . . ချွေးများကို သုတ်ပေးကာ. . .။

"နောက်တစ်နာရီလောက်ဆိုရင် မွေးပါပြီ"

"အင်း. . . အင်း"

မယ်ကောင်းဘုံမှာ ဝမ်းဆွဲဆရာမကြီး၏စကားကို ကြားတစ်ချက် မကြားတစ်ချက် တအင်းအင်းနှင့် ညည်းညူရင်း ဟိုဘက်သည်ဘက် လူးလိမ့်နေသည်။ ဩော်. . . ဤသည်ကား မိန်းမတစ်ယောက်၏ ကာယိကဒုက္ခပင် ဖြစ်ပေသည်။ ဗိုက်နာတာ ကြာလာသဖြင့် တဖြည်းဖြည်း အင်အားလျော့နည်းလာကာ သတိလစ်လုလု. . .။

မယ်ကောင်းဘုံတစ်ယောက် လေထဲတွင် တလွင့်လွင့်





ျောပါနေသည်။ ထိုစဉ်. . . ဟိုးအဝေးတစ်နေရာမှ အဖြူရောင်ဝတ်စုံရှင်တစ်ယောက်သည်လည်း တိမ်တွေဆီမှ တလွင့်လွင့် လွင့်မျောကာ သူမ၏အနီးသို့ ရောက်ရှိလာခဲ့သည်။

သူမနှင့် တဖြည်းဖြည်းနီးကပ်လာခဲ့သည့်အတွက် အဖြူရောင်ဝတ်စုံရှင်၏မျက်နှာကို ထင်းနေအောင် မြင်လိုက်ရသည်။

"သည်မျက်နှာဟာ ငါ သိပ်သိနေတဲ့ မျက်နှာပါလား။ ဒါပေမယ့် သူမရဲ့အမည်ကို ငါ စဉ်းစားလို့မရဘူး"

မယ်ကောင်းဘုံက လူကိုသိသော်လည်း နာမည်ကို မည်သို့မျှ စဉ်းစား၍မရအောင် ရှိနေသည်။ သည်တွင် အဖြူရောင်ဝတ်စုံရှင်က မဲ့ပြုံးကလေးတစ်ချက်ပြုံးကာ. . .။

"ရှင်. . . ကျွန်မရဲ့နာမည်ကို သိပြီလော"

"အသင့်နာမည်ကို ကျွန်မ စဉ်းစားလို့မရပါ"

"ကျွန်ုပ်ရဲ့နာမည်က နက္ခတ္တဒေဝီ ဖြစ်တယ်. . . အသင်သူဟာ ကျွန်ုပ်ကို သတိမေ့နေပြီဖြစ်လို့ သတိပေးရအောင် လာခဲ့ခြင်းဖြစ်တယ်"

နက္ခတ္တဒေဝီ ဆိုသည်နှင့် မယ်ကောင်းဘုံမှာ သူမ၏ကျိန်



www.burmeseclassic.com

www.burmeseclassic.com



စာကို သတိရသွားကာ ကျဉ်စက်နှင့်တို့လိုက်သည့်အလား ခံစား ရကာ...။

"အခုအချိန်မှာ ကျွန်မဟာ မိန်းမတို့ရဲ့ ကာယိကဒုက္ခ ကို ခံစားနေရတဲ့အချိန်ပါ...မိန်းမချင်း ကိုယ်ချင်းစာနာသော အားဖြင့် ကျိန်စာဆိုးတို့ကို မကျိန်ဆိုပါနှင့် မင်းသမီး...ကျွန်မ တောင်းပန်ပါတယ်"

"မယ်ကောင်းဘုံ...ကျွန်ုပ်နှင့် ဗေဒင်ဆရာကြီးတို့အ ကြားမှာ အသင်ဟာ မြေဇာပင်ဖြစ်ချေပြီ...အသင့်အား သနား ညှာတာမိသော်လည်း လောင်းကြေးတစ်ခုအတွက် အဆုံးအဖြတ် ပေးမယ့် လူသားတစ်ယောက်ဟာ လူ့ပြည်ကို ရောက်လာနီးပြီ သည့်အတွက် ကျွန်ုပ်လာပြီး သတိပေးခြင်းဖြစ်သည်။ အသင်ရဲ့ ကာယိကဒုက္ခတို့ ချုပ်ငြိမ်းလုပြီ...သို့သော် အသင် သတိမမေ့ စေဖို့ သတိပေးလိုက်မည်...မကြာမီ ရာဟုက နေမင်းကြီးကို ဝါးမျိုတော့မည်...သည်အချိန်မှာ ကျိန်စာဆိုးအားလုံး အသင် တို့အပေါ် ကျရောက်ပေလိမ့်မည်"

"မလုပ်ပါနဲ့ မင်းသမီး...တောင်းပန်ပါတယ်"





ထိုစဉ်...သည်ကမ္ဘာမြေကြီးမှ ကြည့်လိုက်စဉ်တခဏ ကမ္ဘာ၏အရိပ်သည် နေမင်းကြီးအား တဖြည်းဖြည်း ဖုံးအုပ်လာ ပြီး...။

နေ့စဉ်စစ်မှ အလင်းရောင်လုံးဝ ကင်းမဲ့ကာ ပကတိ အမှောင်ထု ဖုံးလွှမ်းသွားချိန်...။

"နေကြတ်ပြီဟေ့"

"ဟုတ်ပဲ့...နေကြတ်ပြီတော့"

"ဘာမှမမြင်ရတော့ဘူး"

"ဟုတ်တယ်...အမှောင်ထုဖုံးလွှမ်းသွားပြီ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေစဉ်...။

"ဘွမ်း"

"အူဝဲ...အူဝဲ"

"ကလေးမွေးပြီဟေ့"

"မီးခွက်ထွန်းကြပါဟေ့"

မီးနေခန်းတစ်ခုလုံး ချက်ချင်း အလုပ်ရှုပ်သွားခဲ့သည်။ မီးခွက်ထွန်းသူကထွန်း ကလေးကိုပွေ့သူကပွေ့...။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဘာလေးလဲ"

"ယောကျ်ားလေး"

"ချစ်စရာကြီးတော့. . . ဖြူဖြူဖွေးဖွေးကြီး"

ထိုသို့အော်လိုက်သည့်အသံကြောင့် မယ်ကောင်းဘုံ ပြန်၍ သတိလည်လာသည်။

"ဘာတဲ့. . . သားလေး ဟုတ်လား"

"ဟုတ်ပါတယ်. . . သားလေး မွေးပါတယ် ဆရာကတော်"

ထိုသို့ပြောနေစဉ် နေမင်းကြီးကို ရာဟုက အန်ချလိုက်သည့်အတွက် အလင်းရောင်ကလေး စတင်ပြူထွက်လာခဲ့သည်။

"ဟော. . . နေကြတ်တာပြီးသွားပြီ. . . အလင်းရောင် ပေါ်လာပြီ"

လက်သည်ဆရာမကြီးက ပြောလိုက်သည်။

"ကလေးကိုကြည့်ကြပါဦး. . . ကိုယ်လက်အင်္ဂါ ပြည့်စုံပါရဲ့လား"

အရီးမြက လက်သည်ဆရာမကြီးကို လှမ်းပြောလိုက်သည်။





"အရီးမြကလည်း. . . တကတဲတော် အဖြစ်သည်းနေလိုက်တာ"

"သည်းရတယ်ရှင့်. . . ဒါဟာ မယ်ကောင်းဘုံတို့ရဲ့ သားဦးရတနာလေ"

"ကျုပ်က သေသေချာချာ ကြည့်ပြီးပါပြီ. . . ကိုယ်လက်အင်္ဂါ အစုံပါပါတယ်. . . ရင်ညွန့်မှာ မှဲ့ကလေးတစ်လုံး ပါတယ်၊ ဖုတ်ပေါ်မှာ မှဲ့တစ်လုံးပါတယ်. . . ပါးစပ်မှာလည်း မှဲ့စက်ကလေး တစ်စက်ပါသေးတယ်"

"ဟယ်. . . ဒါဆိုရင်. . . ဒီကလေးက ထူးခြားတဲ့ကလေး ပေါ့"

"သိပ်ဟုတ်တာပေါ့. . . လျှာမှာအစက်ပါတဲ့ကလေးဟာ ဘုန်းတန်ခိုး ထွန်းတောက်မယ့်ကလေး ဖြစ်မှာပေါ့"

ထိုသို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေစဉ် မီးနေခန်းအပြင်ဘက်မှ ဦးစိန္တာက လက်သည်ဆရာမကြီးကို လှမ်းမေးလိုက်သည်။

"ဆရာမကြီး. . . မွေးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မွေးပြီ ဆရာကြီးရေ. . . ယောကျ်ားလေး"

"ဟုတ်လား"

"ဟုတ်ပါ့တော် ဟုတ်ပါ့. . . လျှာမှာအစက်ကလေး တောင်ပါသေး"

"ဘုရား. . . ဘုရား. . . လျှာမှာအစက်ပါတယ်ဆိုပါ လား. . . ဘာကြောင့် ဒီလောက်တိုက်ဆိုင်ရပါလိမ့်"

လျှာမှာအစက်ပါသည်ဟုဆိုသဖြင့် ဦးစိန္တာမှာ လန့်လန့် ဖြန့်ဖြန့် ဖြစ်သွားခဲ့သည်။ နောက်မှ စိတ်ကိုဖြေရင်း. . .။

"အင်း. . . မိမ္ဗိသာရမင်းကြီးဟာ ဒီလိုနက္ခတ်တွေ ကြိုဟ် တွေ ဖောက်ပြန်တဲ့အချိန်မှာ မွေးခဲ့တဲ့ အဇာတသတ်မင်းသား ကလေးကို သူ့ကိုသတ်မယ့်သားမှန်း သိပါရက်နဲ့ မေတ္တာစေတနာ ထားပြီး ချစ်နိုင်ခဲ့တယ်. . . သူဟာ ဘုရင်တစ်ပါးဖြစ်တာတောင် ရာဇမာန်မရှိပဲ မိဘရဲ့မေတ္တာကို ဖော်ပြနိုင်သေးရင်. . . ငါလို ဘာမှမဟုတ်တဲ့ ဗေဒင်ဆရာတစ်ယောက်က လျှာဖြတ်မယ့်ကလေး မှန်းသိပေမယ့် မိဘရဲ့မေတ္တာတရားကို ပြရမှာပဲ"

"ဟုတ်ပါတယ်လေ. . . အကောင်းဆုံးကို မျှော်လင့်ထား





ပေမယ့် အဆိုးဆုံးနဲ့ ကြုံတွေ့လည်း မိဘမေတ္တာနဲ့ ရင်ဆိုင်ဖို့ အသင့်ပါပဲ"

ဤသို့ တွေးတောမိသည်။

ထိုစဉ်. . .။

"ဆရာကြီး. . . ဒီကလေးကို ဘာနာမည်ပေးမှာလဲ"

"ဟုတ်ပါတယ်. . . လျှာစက်အာစက်ပါတဲ့ ကလေးမို့ ဒီကလေးကို နာမည်ပေးပါတော့"

ထူးခြားသော ကလေးငယ်၏ ကြန်အင်လက္ခဏာ ထူး ခြားမှုကြောင့် ဆွေမျိုးများ လုပ်ဖော်ကိုင်ဖက်များ အစရှိသည့် လူထုပရိသတ်ကြီးက တခဲနက် တောင်းဆိုကြလေသည်။

"အင်း. . . လျှာမှာအစက်ပါတယ်ဆိုကတည်းက သူ့ အတွက် ကံကောင်းမယ့်နိမိတ်ပုံဖြစ်သလို. . . ငါ့အတွက် ကံဆိုး မယ့် နိမိတ်ပုံလည်း ဖြစ်နိုင်တယ်. . . ဒါပေမယ့် ဖြစ်လိုက ဖြစ်ပါစေတော့. . . ကံကြမ္မာ စီမံတဲ့အတိုင်းပဲပေါ့"

"အမည်ပေးဖို့ကိစ္စကို စဉ်းစားလိုက်တော့ ဟံသာဝတီ ပြည့်ရှင် ဆင်ဖြူရှင်ဗညားဦးရဲ့သားတော် ဗညားနွဲ့ဟာ လျှာမှာ



www.burmeseclassic.com

www.burmeseclassic.com



အစက်ပါလို့ မွန်ဘာသာစကားနဲ့ "ဗသုန်ဗန်စက်"လို့ အမည် ပေးခဲ့တယ်။ နောင်ကြီးပြင်းလာတဲ့တစ်နေ့မှာ ထင်ရှားကျော်ကြား တဲ့ ရာဇာဓိရာဇ် ဆိုတဲ့ မွန်ဘုရင်ကြီးတစ်ပါး ဖြစ်ခဲ့တယ်။ ဒီတော့ ငါ့သားလေးဟာ လျှာမှာအစက်ပါတဲ့အတွက် မြန်မာလို "မင်း လျှာစက်"လို့ အမည်ပေးလိုက်မယ်"

ဦးစိန္တာလည်း ဤသို့စိတ်ကူးကာ. . .။

"ကျုပ်ရဲ့သားလေးကို လျှာမှာအစက်ပါတဲ့အတွက် မြန်မာ ဝိဝိ မြန်မာနာမည် ပေးလိုက်မယ်. . . သားကလေးနာမည် "မင်းလျှာစက်"တဲ့"

"ဟယ်. . . ဒီနာမည်မျိုး တစ်ခါမှ မကြားစဖူးပါပဲ"

"ဟုတ်ပါတယ်. . သားကလေးနာမည်. . မင်းလျှာစက် တဲ့"

ထိုသို့ဖြင့် ထူးခြားသောကလေးတစ်ယောက် ကမ္ဘာ ပေါ်တွင် ဖွားသန္ဓေစင်လာခဲ့သည်။

ထိုစဉ် ဗေဒင်ဆရာကြီး ဦးစိန္တာက. . .။





"ငါ့သားရဲ့ဇာတာခွင်ကို ချကြည့်ဦးမှပဲ"

ဟူ၍ အကြံရကာ ကျောက်သင်ပုန်းနှင့် ကန့်ကူဆံကို ယူ၍ ဇာတာချကြည့်လိုက်သောအခါ. . .။

"အင်း. . . ဗေဒင်မှန်မမှန် လျှာဖြတ်ကြေးပြုပြီး ဟော ကိန်းထုတ်တဲ့ ပုဏ္ဏားကြီးနဲ့ သူ့ရဲ့သား မေနကန်းရဲ့ဇာတာခွင် အတိုင်းပါလား. . . ပုဂံပြည်က ပုဏ္ဏားကြီးဟာ သူ့ရဲ့သား မေနကန်း နဲ့ လျှာဖြတ်ကြေးလောင်းကြေးပြုပြီး ပညာပြိုင်ကြတဲ့အခါမှာ သူ့ရဲ့သား မေနကန်းက နိုင်သွားတဲ့အတွက် ကတိအတိုင်း ပုဏ္ဏား ကြီးဟာ လျှာဖြတ်ခြင်းခံခဲ့ရတယ်. . . အခုလည်း ငါ့သား မင်းလျှာစက် ရဲ့ ဇာတာခွင်ဟာ မေနကန်းရဲ့ဇာတာခွင်နဲ့ တစ်ထပ်တည်းကျနေ ပါကောလား"

"အင်း. . . ဒီကလေးဟာ ဒီဇာတာအရ ငါတို့နဲ့ မကြာခင် ခွဲခွာရလိမ့်မယ်. . . ပြီးတော့ ဗေဒင်ပညာကို တစ်ဖက်ကမ်းခတ် အောင် တတ်မြောက်လိမ့်မယ်. . . မြင့်မြတ်တဲ့ မိန်းမကောင်းနဲ့ တွေ့ဆုံရလိမ့်မယ်. . . ပြီးရင် သူဟာ ငါ့ရဲ့လျှာကိုဖြတ်လိမ့်မယ်"

"သူနဲ့ငါ. . . အဲဒီတစ်နေ့ကို စောင့်ကြည့်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလျှာစက်နဲ့ စိန္တာတို့ တစ်နေ့မှာ ပွဲကြီးပွဲကောင်းနဲ့ ကြုံရလိမ့်မယ်. . . ဒါဟာ ရှေးဘဝက ရန်ငြိုးရန်စ ဝဋ်ကြွေးပါခဲ့လေသလား. . . ဒါမှမဟုတ် နက္ခတ္တဒေဝီရဲ့ ကျိန်စာကြောင့်ဖြစ်လေသလား. . ."

ဗေဒင်ဆရာကြီးဦးစိန္တာမှာ သားငယ် မင်းလျှာစက်၏ ဇာတာခွင်ကိုချရင်း အနာဂတ်အရေး မျှော်တွေးကာ စိတ်မသက်မသာ ဖြစ်ခဲ့ရသည်။

မိဘဟူသည် သားသမီးများအပေါ်၌ အဆုံးမဲ့သော ချစ်ခြင်းမေတ္တာဖြင့် တသွင်သွင်စီးဆင်းကာ အချစ်များစွာကို ပေးခဲ့သည်။ စားဝတ်နေရေး လိုအပ်သမျှ ဖြည့်ဆည်းကာ အနစ်နာခံပြီး ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ မိမိ၏သားသမီးများကို အသိအတတ် လိမ္မာရေးခြားရှိအောင် သွန်သင်ညွှန်ပြပေးခဲ့သည်။ ရင်နှင့်လွယ်ကာ မွေးခဲ့ရသည့်အတွက် သားသမီးကလေး ကျန်းမာအောင် ပြုစုခဲ့ကြသည်။

ထိုသို့ အကြွင်းမဲ့ချစ်ခြင်းဖြင့် နွေးထွေးစေခဲ့သော သားငယ်ကလေးက မိမိ၏ငြိုးသူရန်ဘက်ဖြစ်ကာ လျှာဖြတ်မည့် ရန်





သူတော်ကြီး ဖြစ်လိမ့်မည်ဟု ကြိုတင်သိသောအခါ ဦးစိန္တာတစ်ယောက် မည်မျှ ရင်ကွဲပက်လက်ဖြစ်မည်နည်း. . .။

တတ်နိုင်ပါဘူး။ ဖြစ်လိုရာဖြစ်စေတော့။ ကံကြမ္မာရဲ့အလှည့်အပြောင်းမှာ ပေဖြစ်ရင်လည်း အထုခံရုံပါ။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )
## "မည်းနက်သောကြွက်မှာဆိုး"

မင်းလျှာစက်ကလေး အသက်ကိုးနှစ်တင်းတင်းပြည့်ချိန်တွင်...။

အကြောင်းတရားများက တိုက်ဆိုင်လာသည်ဟု ဆိုရလေမလား...။ ကံကြမ္မာဂြိုဟ်ဆိုးက ငြိုးမာန်ဖွဲ့ရက်စက်လေသလား...။ မဆိုနိုင်အောင်... ခင်မကာန်ရွာကြီးတွင် ဂြိုဟ်ဆိုးဝင်ခဲ့သည်။

ဤသည်ကား...။ ထိုတစ်ညတွင်...။

စည်ကားသိုက်မြိုက်လှပြီး စီးပွားရေးပြေလည်သော ခင်မကာန်ရွာကြီးသို့ သည့်လူဆိုးများ ဝင်ရောက်လာခဲ့သည်။





"ခွပ်... ခွပ်... ခွပ်"

ရွာဦးထိပ်မှ ရွာလမ်းမအတိုင်း ဓားလွယ်ထားသည့် လူဆိုး တစ်အုပ်သည် မြင်းကိုယ်စီ စီးကာ ရွာထဲသို့ဝင်ရောက်လာခဲ့သည်။ ထို့နောက် သူကြီးအိမ်သို့ဝင်ကာ တံခါးဖွင့်ခိုင်းလိုက်သည်။

"သူကြီး... တံခါးဖွင့်စမ်း"

သူကြီးမှာ ကြောက်ရွံ့လှသဖြင့် ကြောက်ဒူးတုန်နေသည်။

"သူကြီး... တံခါးဖွင့်ဆိုတာ မကြားဘူးလား"

"ဖွင့်ပါပြီ... ဖွင့်ပါပြီ"

သူကြီးမှာ ကြောက်ကြောက်လန့်လန့်နှင့် တံခါးဖွင့်ပေးလိုက်သည်။

"ကဲ... သူကြီး... ရှိတာအကုန်ထုတ်"

"ကျွန်တော်တို့မှာ ဘာမှမရှိပါဘူး"

"တယ်... သူကြီးတော့ နာချင်ပြီထင်တယ်"

"ဆရာကြီးတို့ရယ် သူကြီးကိုဘာမှမလုပ်ပါနဲ့... ကျုပ်မှာရှိတာစုတ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်က ကြောက်ရွံ့စွာဖြင့် လက်ဝတ်လက်စား ရွှေထည်အချို့ကို ထုတ်ပေးလိုက်သည်။

"ကဲ... သူကြီးနဲ့အိမ်သားတွေကို ကြိုးတုပ်ထားလိုက်စမ်း"

"ဟုတ်ကဲ့ ဆရာကြီး"

လူဆိုးခေါင်းဆောင်၏စကားကြောင့် သူကြီးနှင့်အိမ်သားများကို ကြိုးတုပ်ပြီးနောက် အခြားသော ချမ်းသာသည့်အိမ်များသို့ဝင်ကာ လုယက်တိုက်ခိုက်ခဲ့ကြပါသည်။

ထို့နောက် ပေဒင်ဆရာကြီး ဦးစိန္တာ၏အိမ်သို့ဝင်ကာ

"ကဲ... ပေဒင်ဆရာကြီး... ရှိတာထုတ်စမ်း"

"ရှင်မရေ... ရှိတာ ပေးလိုက်ပါကွယ်"

"ကျွန်မတို့မှာ ဘာမှမရှိပါဘူး ဆရာကြီးရယ်"

"မင်းတို့မိန်းမတွေဟာ ပစ္စည်းတော်တော်မက်တဲ့သူတွေပဲ... ဘာမှမရှိဘူးဆိုရင် ဟောဟိုချောင်ထဲမှာ ထိုင်နေတဲ့ကောင်လေးကို သွားခေါ်လာခဲ့"

လူဆိုးခေါင်းဆောင်က ဤသို့အမိန့်ပေးလိုက်ရာ မင်း





လျှာစက်ကို ဖမ်းခေါ်လာခဲ့သည်။ မင်းလျှာစက်ကလေးမှာ လူဆိုးတစ်ယောက်၏ လက်ထဲတွင် ယက်ကန်ယက်ကန်နှင့် ပါလာခဲ့သည်။

"ဒီကလေး မသေစေချင်ရင်... ရှိတာအကုန်ထုတ်ပေး"

ဟူ၍ ခပ်ကြမ်းကြမ်း ပြောလိုက်ရာ မယ်ကောင်းဘုံမှာ ကြောက်ရွံ့စိုးထိတ်ပြီး...။

"ပေးပါ့မယ်... ရှိတာအားလုံး ပေးပါ့မယ်... ကလေးရဲ့အသက်ကိုတော့ ချမ်းသာပေးပါ"

"အိမ်း... ဒီလိုမှပေါ့"

မယ်ကောင်းဘုံမှာ သားကလေးအသက်ကို စိုးရိမ်သဖြင့် [illegible]ကျစ်လစ်လစ် ဝှက်ထားသည့် ရွှေထုပ်ကလေးကို ပေးလိုက်ပါသည်။

"ဒီမှာ... ရွှေထုပ်ပါ"

ထိုအခါ လူဆိုးခေါင်းဆောင်ကြီးက ရွှေထုပ်ကိုကြည့်ပြီး...။

"ဒီအထုပ်က နည်းသေးတယ်... နောက်ထပ်ကျန်သော



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးဦး''

''ဆရာကြီးရယ် ဒါ အကုန်ပါပဲ. . . သားလေးကိုလွှတ်ပေးပါ''

''ခင်ဗျားလိမ်နေတာ. . . ဒီလောက်နည်းနည်းကလေးနဲ့ ကျုပ်မကျေနပ်နိုင်ဘူး. . . ဒီတော့ ဒီကလေးကို ဓားစာခံခေါ်သွားမယ်. . . ရွာထိပ်ကညောင်ပင်မှာ ရွှေတစ်ဆယ်သားနဲ့ လာရွေးလှည့်''

''ဆရာကြီး ဒီလိုမလုပ်ပါနဲ့. . . ကျွန်မသားလေးကို ပြန်ပေးပါ''

''ကိုင်း. . . ကြာတယ်၊ ဒီကလေးကိုခေါ်လာခဲ့. . . သွားမယ်''

ပြောပြောဆိုဆို ကလေးကို လက်တစ်ဖက်မှ ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားပါတော့သည်။

''အမလေး. . . သားလေး. . . သားလေးပါသွားပြီ''

လူဆိုးတစ်သိုက်က ထိုကလေးကို အိမ်ပြင်သို့ ခေါ်သွားလေသည်။ ထို့နောက် အခြားအိမ်များကိုလုယက်ပြီး ရွာကိုမီး





ရှို့က်ပါတော့သည်။

''မီး. . . မီး. . . မီးလောင်နေပြီဟေ့''

''ပြေးကြဗျာ့. . . ပြေးကြ''

''မီး. . . မီး. . . တစ်ရွာလုံးလောင်နေပြီ''

ရွာတစ်ရွာလုံး မီးလောင်နေသဖြင့် ရွာသူရွာသားများမှာ ရွှေထုပ်ငွေထုပ်များ အဝတ်အစားထုပ်များ ယူဆောင်ကာ အသည်းအသန်ဖြင့် ဟိုပြေးသည်ပြေး ပြေးနေကြပါတော့သည်။

''ဟား. . . ဟား. . . ဟား''

''ဟိုမှာ အထုပ်တွေပိုက်ပြီး ပြေးလာတာ. . . လုကြစမ်း[illegible]''

လူဆိုးခေါင်းဆောင်ကြီးက အမိန့်ပေးလိုက်ရာ ယင်းသားများက ရွာသူရွာသားများထံမှ အထုပ်များကို အတင်းအဓမ္မ ဆွဲယူကာ လုယက်ကြသည်။

''မလုပ်ပါနဲ့ ဆရာကြီးတို့ရယ်''

''ခင်ဗျားတို့က ဘာအခုမှ ကြောက်နေတာလဲ''

''ဘုံး''



www.burmeseclassic.com

www.burmeseclassic.com



"ဘုံး"

ရွာသူရွာသားများကို ရိုက်နှက်ထိုးကြိတ်ကာ ပစ္စည်းများ

ကို လုယူခဲ့ကြပါသည်။

ဤသို့ မီးတောက်မီးလျှံများကြားတွင် ကြမ်းတမ်းသော

လုယက်တိုက်ခိုက်မှုမှာ လွန်စွာ ရက်စက်လှပေသည်။ ထိုမြင်ကွင်း

မှာလည်း ငရဲသို့ရောက်နေသည့်အလား ဆူညံပွက်သံများ၊ ကြိမ်မောင်း

အော်ဟစ်သံများ၊ ရိုက်နှက်သံများ၊ ငိုယိုတောင်းပန်သံများနှင့်

ဆူညံရှုပ်ထွေးနေပါတော့သည်။

သည်တွင် လူဆိုးခေါင်းဆောင်ကြီးမှာ. . . ။

"ဟေ့ကောင်တွေ. . . ငါ ရွာထိပ်က ညောင်ပင်မှာစောင့်

နေမယ်. . . ဟိုကောင်လေးကို ငါ့မြင်းပေါ်တင်လိုက်. . . အမြန်

သူတို့လာရွေးရင် အဆင်သင့်ဖြစ်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးသည် မင်းလျှာစက်ကို မြင်းပေါ်တင်ပြီး ခေါင်း

ဆောင်ကာ လူဆိုးအချို့နှင့်အတူ ရွာထိပ်ရှိ ညောင်ပင်ဆီသို့

ဖုန်းမှိုင်းစီးသွားပါတော့သည်။





ထိုစဉ်. . . ဗေဒင်ဆရာကြီး ဦးစိန္တာအိမ်၌တွင်. . . ။

"ရှင်မ. . . အချိန်မရှိဘူး. . . မင်းဝှက်ထားတဲ့ ရွှေချိန်

တစ်ဆယ်သား အမြန်ဆုံး ကျုပ်ကိုပေးပါတော့"

"ခုနကလည်း ပေးလိုက်ပြီးပြီဆိုတော့. . . ရွှေတစ်ဆယ်

သား မရှိတော့ဘူး"

"ခက်တာပဲ. . . ဒီလောက် ရွာပျက်နေတဲ့အချိန်မှာ လူ

ဆိုးတွေက တစ်ဆယ်သားပြည့်မပြည့် ဘယ်သူက ချိန်ခွင်မှာ

တင်ပြီး ချိန်နေမှာတုန်း. . . ရှိတာသာပေး. . . ကိုယ်ပေးတဲ့အထုပ်

က တစ်ဆယ်သားပေါ့"

"ကောင်းပါပြီရှင်. . . ဒါဆိုရင် ရှိတာလေးကိုပေးလိုက်

မယ်"

"မြန်မြန်လုပ်"

"ဟုတ်ကဲ့ပါ"

ဦးစိန္တာလည်း မယ်ကောင်းဘုံဆီမှ ရွှေထုပ်ကိုယူကာ

ရွာထိပ်ရှိ ညောင်ပင်ကြီးဆီသို့ အမြန်ဆုံးပြေးလာခဲ့သည်။

ထိုအချိန်တွင် ရွာထဲတွင်ကျန်ရစ်ခဲ့ပြီး ရွှေငွေပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို လုယက်နေသည့် လူဆိုးများထံသို့ ရွာတန်းရှည်ဘက်မှ ရွာသားများသည် တုတ်၊ ဓား၊ လက်နက် ရရာစွဲကိုင်ကာ စစ်ကူအဖြစ် ခင်မကန်ရွာဆီသို့ အပြေးလာခဲ့သည်။

"ဟာ. . . ရွာတန်းရှည်ဘက်ကလူတွေ လာနေပြီ. . . ငါတို့လည်း ရွှေငွေပစ္စည်း သင့်သလောက်ရပြီဆိုတော့ ပြေးမှဖြစ်မယ်"

လူဆိုးခေါင်းဆောင်ကြီးသည် ဤသို့တွေးမိကာ. . .။

"ဟေ့ကောင်တွေ. . . ပြေးကြစို့. . . ပြေးကြစို့လေး"

အသံကျယ်ကြီးဖြင့် ဟစ်အော်ကာ မြင်းကို တရကြမ်းမောင်း၍ ထွက်ပြေးလေသည်။ သူ၏ရင်ခွင်ထက်တွင် ကိုးနှစ်သားအရွယ် မင်းလျှာစက်ကလေးသည် လိုက်ပါလာခဲ့လေသည်။

ဗေဒင်ဆရာကြီး ဦးစိန္တာမှာ အပြေးလာခဲ့သော်လည်း အလာကောင်းပေမယ့် အခါနှောင်းခဲ့လေပြီ. . .။

လူဆိုးခေါင်းဆောင်ကြီးနှင့် ငယ်သားတစ်သိုက်တို့ မြင်းကို ဒုန်းစိုင်းပြေးသည့်အတွက် အမှောင်ထု ဖုံးလွှမ်းနေသည့်ကြားတွင် မီးတောက်တို့၏အလင်းကြောင့် ၎င်းတို့အုပ်စုကို မသဲမကွဲမြင်တွေ့လိုက်ရသည်။





"ငါ့သားလေးတော့ ပါသွားပါပကော"

ပိုးစာဝါးဘာတွေ့ရသည့် မြင်းစီးလူဆိုးအုပ်စုကို ကြည့်ရင်း ဝမ်းပမ်းတနည်း ညည်းညူလိုက်သည်။

"အင်း. . . ငါ့သားလေးတော့ လူဆိုးတွေရဲ့လက်ထဲမှာ နေ့ရောက်ရချည်ရဲ့. . . သူဟာ ငယ်စဉ်အခါကတည်းက မိဘနဲ့ ခွဲနေရမယ်ဆိုတဲ့ ဗေဒင်အဟောဟာ အခုအချိန်ကစပြီး မှန်လာပြီပေါ့. . . ဘုရား. . . ဘုရား. . . ရှေ့ဆက်ပြီး မကောင်းတဲ့ဂြိုဟ်ဆိုးဂြိုဟ်နှင်းတွေနဲ့ မတွေ့ကြုံရပါစေနှင့် ဘုရား"

ဤသို့ရေရွတ်ကာ မြင်းစီးလူဆိုးအုပ်စုကို လှမ်းကြည့်လိုက်သည်။ မြင်းခွာသံများလည်း ပျောက်ခဲ့ပြီ၊ လူဆိုးအုပ်စုလည်း အမှောင်တွင်း၌ ပျောက်ကွယ်သွားတော့သည်။

"ဩော်. . . မည်းနက်တဲ့ကံကြမ္မာက အစပျိုးလာခဲ့ပြီ. . . ခြေရာလည်းပျောက် ရေလည်းနောက်ဆိုသလို ဖြစ်ပါပေါ့လား"

ဦးစိန္တာသည် ဝမ်းနည်းစွာ မြည်တမ်းရင်း အိမ်သို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါသည်။

အိမ်သို့ပြန်ရောက်သောအခါ မယ်ကောင်းဘုံက အပြေးထွက်လာပြီး...

"ကိုစိန္တာ...သားလေးရော...သားလေးရောဟင်"

အမောတကော မေးလိုက်သည်။

"ရှင်မရယ်...ရွာတန်းရှည်ဘက်က အကူအညီလာပေးတဲ့ရွာသားတွေ ရောက်လာလို့...သူတို့ ထွက်ပြေးသွားကြပြီ"

"ဒါဆိုရင်...သူတို့နဲ့အတူ သားကလေး ပါသွားပြီပေါ့"

"အေး...ဟုတ်တယ်"

"အမလေး...အဖြစ်ဆိုးလှချည့်လား သားလေးရဲ့"

မယ်ကောင်းဘုံမှာ လွန်စွာ ဝမ်းနည်းကြေကွဲကာ မူးမေ့ပြီး မတ်တပ်မှ လဲကျသွားပါတော့သည်။

သည်တော့မှ ဦးစိန္တာလည်း သတိဝင်လာပြီး မယ်ကောင်းဘုံကို ပွေ့ဖက်ကာ အိမ်ပေါ်သို့ ခေါ်ဆောင်လာခဲ့သည်။

ထိုစဉ် အရိုးမြတ်နွှိုအုပ်စု ရောက်လာပြီး နှာရှူမှုန့်များ နှာခေါင်းသို့ပွတ်ပေးကာ နှာနှပ်ပေးခဲ့ကြပါသည်။





"ဟပ်ချိုး...ဟပ်ချိုး"

"သားလေး...သားလေး လျှာစက်...လျှာစက်"

"မယ်ကောင်းဘုံ သတိထားပါ"

"သားလေးတော့ လူဆိုးတွေရဲ့လက်ထဲ ပါသွားပါပြီ"

"မယ်ကောင်းဘုံရယ်...သူတို့က ရွှေလိုချင်တဲ့သူပဲ တစ်နေ့နေ့မှာ ပြန်လာပြီး ဆက်သွယ်မှာပေါ့"

"ဟုတ်ပါတယ်...ဒါဟာ အတိုက်အတန့်ကလေးပါ"

"မယ်ကောင်းဘုံ...မင်း နေကောင်းမှ သားလေးနဲ့ တွေ့ရမှာ...ဒီတော့ မင်း နေကောင်းအောင်နေပါ"

"ကျွန်မသားလေးကို သွားရှာပေးပါ ကိုစိန္တာရယ်"

"အေးပါ...ငါ သွားရှာပေးပါ့မယ်"

ဦးစိန္တာ အပါအဝင် အားလုံးက မယ်ကောင်းဘုံအား ချော့မော့ပြောဆိုခဲ့ကြသည်။

သို့သော်လည်း...နေ့စဉ်ပင် တမ်းတမ်းတတ ငိုကြွေးနေသဖြင့်...။ ဗေဒင်ကိန်းခန်းအရ မပြောမဖြစ်တော့သည့် အခြေအနေမှန်ကို ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မ. . . မင်းလည်း ဗေဒင်ဆရာကြီးတစ်ဆူရဲ့ သမီး ဖြစ်သလို ငါ့ရဲ့မိန်းမလည်းဖြစ်ပေတယ်. . . မင်းဟာ လက်ရိုးကို ကျွမ်းကျင်စွာ တွက်ချက်နိုင်တဲ့အတွက် မင်းသားရဲ့ဇာတာကို မင်း တွက်စစ်ကြည့်ပါလော့"

"ကျွန်မဟာ သားလေးမွေးပြီးကတည်းက သူ့ဇာတာကို တွက်ချက်မကြည့်ဖူးပါ. . . အခုတော့ ကျွန်မ တွက်ချက်ကြည့်မယ်"

မယ်ကောင်းဘုံက သားကလေး၏ဇာတာကို တွက်ကြည့်ရာ. . .။

"ဟာ. . . ဒီဇာတာရှင်ဟာ ဗေဒင်ပညာမှာ ထူးချွန်းပြီး ဖအေကိုလျှာဖြတ်တဲ့ မေမှန်ကန်းရဲ့ဇာတာခွင်နဲ့ တစ်ထပ်တည်း ကျနေပါလား"

သူမက အံ့သြစွာပြောလိုက်သည်။

"အင်း. . . ဆက်တွက်ပါဦး ရှင်မ"

မယ်ကောင်းဘုံက ဆက်တွက်ရာ. . .။

"ဟုတ်ပဲ့ ကိုစိန္တာရေ. . . ကျွန်မတို့သားဟာ ငယ်စဉ်မှာ





ဒီတကွဲ ဖတဲကွဲ နေရမယ့် ဇာတာရှင်ဖြစ်တယ်. . . ကျွန်မတို့နဲ့ သူတာ မလွဲမသွေ ပြန်တွေ့ရလိမ့်မယ်. . . အဲဒီအချိန်မှာ သူဟာ ရှင်ရဲ့လျှာကိုဖြတ်လိမ့်မယ်"

"ကဲ. . . ရှင်မ တွေ့ပြီမဟုတ်လား. . . ဒီအချိန်မှာ ကံကြမ္မာက သားလေးနဲ့ကျုပ်တို့ကို ခွဲခွာရမယ့်အချိန်လို့ဆိုပြီး သတ်မှတ်ကြပြီ. . . ဒီတော့ မင်းရဲ့ဝမ်းနည်းမှုကို ပြေပျောက်ပါတော့"

"ကိုစိန္တာ. . . ကျွန်မတို့တော့ နက္ခတ္တဒေဝီ ကျိန်ဆိုတဲ့ ကျိန်စာဆိုးတို့ သင့်မယ်အချိန်ကို စောင့်ကြည့်ရမယ်. . . ဘာပဲ အဖြစ် မသေခင် ပြန်တွေ့ရမယ့် အနာဂတ်မှာ မိဘအတွက် ဆယ်လောက်ခါးသီးတဲ့ဒုက္ခ ဖြစ်ပါစေ ခါးစည်းခံပြီး သားလေးနဲ့ တွေ့မယ်"

"မယ်ကောင်းဘုံ ရှင်မရယ်. . . မင်းဟာ ငါထင်တာ ထက်တောင် သားအပေါ်မှာ မေတ္တာကြီးမားလှချည်လား"

"ဒါဟာ အမေတစ်ယောက်ရဲ့ မေတ္တာရှင့်. . . အနှိုင်းမဲ့တဲ့ မေတ္တာတရားအကြောင်းကို သားလေး ကောင်းကောင်းသိစေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ. . . မင်းနားလည်တယ်ဆိုရင်ပဲ ငါကျေနပ်ပါပြီ"

ဦးစိန္တာတို့လင်မယားနှစ်ယောက်မှာ တစ်ဦးကိုတစ်ဦး နှစ်သိမ့်ရင်း သားကလေးကို လွမ်းဆွတ်သတိရနေမိတော့သည်။

➤ ➤ ➤

မင်းလျှာစက်ကလေးမှာလည်း ဘုမသိ ဘမသိနှင့် လူ ဆိုးခေါင်းဆောင်ကြီး ဦးဒေဝ ခေါ်ရာနောက်သို့ လိုက်ပါခဲ့ရသည်။

ဦးဒေဝတို့ စခန်းချရာနေရာကား လွန်စွာ တောထူထပ်သည့် မြိုင်ကြီးမဟာ တောကြီးပင် ဖြစ်ပါသည်။ ထိုတောကြီးကား သစ်ပင် ဝါးပင်များ ထူထပ်စွာ ပေါက်ရောက်သဖြင့် နေ့ဘက်ပင်ဖြစ်လင့်ကစား နေပျောက်မထိုးအောင် အုံ့ဆိုင်းနေပါသည်။

မင်းလျှာစက်လေးအား တောကြီးအတွင်းရှိ ၎င်းတို့၏ စခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ၎င်းတို့၏စခန်းမှာ အင်ဖက်များမိုးပြီး ဝါးကပ်ကာ ဝါးကပ်ခင်းထားသည့် တဲကြီးများသာ ဖြစ်ပါသည်။ တချို့အင်ဖက်များမှာ ပေါက်ပြဲနေပြီး မိုးမလုံ လေမ





လုံ ဖြစ်နေပါသည်။

မွန်းတည့်သည့်တိုင်အောင် လျှာစက်ကလေးအား ဘာမှ ကျွေးသေးသဖြင့် လွန်စွာ ဗိုက်ဆာနေပါသည်။ ထို့ကြောင့် အစောင့်လူဆိုးအား မောင်လျှာစက်မှ. . .။

"ဦးလေး. . . ကျွန်တော် ဗိုက်ဆာတယ်. . . တစ်ခုခု ကျွေးပါ"

ဟူ၍ ပြောလိုက်သည်။

"အေး. . . မင်းကိုကျွေးဖို့ ဆန်ကွဲကြိုနေတယ်"

လျှာစက်သည် ဗိုက်ဆာဆာနှင့် ထိုင်စောင့်နေစဉ် မကြာမီ အငွေ့တစ်ထောင်းထောင်းထနေသော ဆန်ကွဲဆန်ပြုတ်ပန်းကန် ယူလာခဲ့သည်။

"ဟော့. . . ကလေး ရော့"

အစောင့်လူဆိုးက ဆန်ကွဲဆန်ပြုတ်ပန်းကန်ကို လှမ်းပေးလိုက်သည်။

"ဟင်း. . . ဒီဆန်ပြုတ်ထဲမှာ ဘာတွေထည့်ထားတာလဲ"

"ငှက်ပျောအူတွေ ထည့်ထားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆန်ပြုတ်က ငှက်ပျောအူနဲ့ ဆန်နဲ့ ပြုတ်တာလား"

"အေးပေါ့ကွ"

"ဒီလိုမျိုး ကျွန်တော် မစားတတ်ဘူး. . . ထမင်းနဲ့ဟင်း ပေးပါ"

"မင်း တော်တော်လျှာရှည်တဲ့အကောင်. . . တောထဲမှာ ပိုက်ဆံရှိတာတောင် ဆန်ဝယ်လို့ရတာ မဟုတ်ဘူး. . . ဒီဆန်ကွဲ ကျွေးတာတောင် တော်တော်ဟန်ကျနေပြီ. . . ဆန်ကွဲမရှိရင် ငှက်ပျော်အူပြုတ်နဲ့ စားရတာ"

"ကျွန်တော် ဒီလိုမစားနိုင်ဘူး. . . အဟီး. . . ဟီး"

မင်းလျှားစက်မှာ သူ့အိမ်၌ စားကောင်းသောက်ဖွယ်များ ကိုသာ စားရသဖြင့် အော်ဟစ်ငိုယိုပါတော့သည်။

"ဟိတ်. . . ကောင်လေး. . . တိတ်စမ်း"

"မတိတ်ဘူးဗျာ. . . ငိုမှာပဲ"

"မငိုနဲ့တိတ်"

"အဟီး. . . အဟီး"

"ဒီကောင်လေး. . . မငိုနဲ့ဆိုတာ ပြောမရဘူးလား"





"မရဘူး"

မင်းလျှာစက်မှာ မိဘနှစ်ပါးက အလိုလိုက် အကြိုက် ဆောင်ကာ သူစားချင်သည့် မုန့်ပဲသရေစာနှင့် ဟင်းအမျိုးမျိုးကို ချက်ကျွေးသဖြင့် ယခုကဲ့သို့ ဆန်ကွဲဆန်ပြုတ် ငှက်ပျော်အူပြုတ် များကို မည်သို့မျှ မစားနိုင်ပေ။ ၎င်းအပြင် အိမ်မှာ ဗိုလ်လုပ် နေသူဖြစ်၍ တစ်ခွန်းမခံပဲ ပြန်ပြောနေခဲ့သည်။

အစောင့်လူဆိုးမှာ ကလေးတစ်ယောက်က ပြန်ပြော နေသဖြင့် စိတ်ဆိုးကာ. . .။

"ဒီလောက်တောင် ပြန်ပြောနေတဲ့ကလေး. . . ကဲဟာ ဆိုတာ"

"ဘုန်း"

"ဘုန်း"

၎င်း၏ကျောကုန်းကို တဘုန်းဘုန်းရိုက်လိုက်သည်။

မင်းလျှာစက်မှာ ဗိုက်ဆာရသည့်အထဲတွင် နာကျင်စွာ ရိုက်ခံရသဖြင့် သည်းထန်စွာ ငိုကျွေးလိုက်စဉ် ၎င်း၏မျက်စေ့ ရှေ့တွင် သွေးစွန်းနေသည့် လက်တစ်ဖက်ကို "ဖြတ်ကနဲ" မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့်. . .။

"ခင်ဗျား ကျွန်တော့်ကိုရိုက်တယ်. . . ခင်ဗျားရဲ့လက် ခါးရှပါစေ"

ဟု မျက်စေ့ကိုစုံမှိတ်ကာ ကျိန်ဆဲလိုက်ပါသည်။

"တယ်. . . ဒီကောင်ကလေး. . . ဒီလောက်ရိုက်တာ တောင်မှ မမှတ်သေးဘူး. . . ငါ့ကို ကျိန်ဆဲနေတယ်. . . ထပ် ပြီးရိုက်လိုက်ရ. . . သေသွားဦးမယ်"

ထိုသို့ပြောနေစဉ်. . . ကင်းလှည့်သည့် လူဆိုးခေါင်း ဆောင်ကြီးမှာ အနီးသို့ရောက်ရှိလာပြီး. . .။

"ဘာဖြစ်နေတာလဲ"

အသံမာမာဖြင့် လှမ်းမေးလိုက်ရာ အစောင့်လူဆိုးက

"သူ့ကို ဆန်ပြုတ်တိုက်တာ မသောက်ပဲ ငြိုဟ်ဆန်နေ လို့ပါ ဆရာကြီး"

"ဒီကလေးကို ဘယ်သူက ဆန်ပြုတ်တိုက်တာလဲ. . . ဒီကလေး ကျန်းမာမှ ရွှေတစ်ဆယ်သား ရမှာ. . . ဘာဖြစ်လို့ ကောင်းကောင်းမကျွေးတာလဲ"





"ချက်ပြုတ်တဲ့အဖွဲ့က ဆန်ပြုတ်တိုက်ခိုင်းလို့ပါ ဆရာ ကြီး"

"ဒီလောက်တောင် အသုံးမကျတဲ့အကောင်. . . ငါ ခါး နဲ့ခုတ်လိုက်ရ"

လူဆိုးခေါင်းဆောင်ကြီးက စိတ်ဆိုးမာန်ဆိုးနှင့် ဓားကို ဆွဲလိုက်ရာ အစောင့်လူဆိုးက ကြောက်အားလန့်အားနှင့်. . .။

"မလုပ်ပါနဲ့ ဆရာကြီး"

ဟု ပြောပြောဆိုဆိုနှင့် ဓားကိုရှောင်လိုက်ရာ ဓားရှောင် သည့်ဘက်နှင့် ဓားအိမ်မှလွတ်သည့်ဘက်မှာ တစ်ဘက်တည်း ဖြစ်သွားကာ မမျှော်လင့်ပဲ အစောင့်လူဆိုးမှာ "ရှဲ"ကနဲ ဓားရှ သွားပါတော့သည်။

"အမလေး. . . ဆရာကြီး. . . ဓားရှသွားပြီ"

"သေစမ်း. . . ဒီလောက်တောင် အ,တဲ့အကောင်"

အစောင့်လူဆိုးမှာ မင်းလျှာစက်ကလေးကို ကြောက်ရွံ့ စွာ လှမ်းကြည့်လိုက်သည်။ ခုနကပင် ကျိန်လိုက်သည့်စကား မှာ ချက်ချင်းပင် လက်ကို ဓားထိသွားခဲ့ပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုက်မှုလော. . . သို့တည်းမဟုတ် လျှာစက်အာ
စက် ရှိသူတစ်ယောက်၏ ကျိန်စာပင်လော. . .။ အစောင့်လူဆိုး
လည်း မင်းလျှာစက်၏ ကျိန်ဆိုမှုမှာ ချက်ချင်းလက်ငင်း အကျိုး
ပေးသဖြင့် ဘာမှမပြောရဲတော့ပဲ ငြိမ်သက်စွာနေခဲ့ပါတော့သည်။

ထိုနေ့မှစ၍ မင်းလျှာစက်အား အစားအသောက် ကောင်း
မွန်စွာ ကျွေးမွေးခဲ့ပါတော့သည်။

တစ်နေ့တွင် လူဆိုးခေါင်းဆောင်ကြီး ရောက်လာ
ကာ. . .။

"ဒီည. . . ထားဝယ်ချောင်ရွာကို ဓားပြသွားတိုက်မယ်
အဆင်သင့်လုပ်ထားကြ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုသို့ပြောဆိုနေစဉ် မင်းလျှာစက်၏ မျက်စေ့နှစ်လုံးပိတ်
သွားပြီး ၎င်း၏အာရုံထဲတွင် လူဆိုးများ ပြေးလွှားကာ နောက်မှ
ရွာသားများက ဓားနှင့်လိုက်နေသည့်ပုံကို ဖျတ်ကနဲ တွေ့လိုက်
ရသဖြင့်. . .။

"ဒီည. . . ဓားပြတိုက်လိုက်ကတော့ ဦးတို့ ခွေးပြေးဝက်





ပြေး ပြေးရလိမ့်မယ်"

ဟူ၍ တားဆီး၍မရအောင် လွှတ်ကနဲ ပြောလိုက်မိသည်။

ထိုသို့ပြောလိုက်သည့်စကားကို လူဆိုးခေါင်းဆောင်ကြီး
ကြားသောအခါ လွန်စွာ စိတ်ဆိုးလျှက်. . .။

"ဟေ့ကောင်လေး. . . မင်းနဲ့မဆိုင်တဲ့ကိစ္စကို မင်း ဘာ
ဖြစ်လို့ ဝင်ပြောရတာလဲ"

"မသိဘူးဗျာ. . . ပါးစပ်ထဲက သူ့အလိုလို ထွက်သွား
တာပဲ"

"အရှုးလေး. . . မင်းရှုးတိုင်း လျှောက်မပြောနဲ့. . . မား
သေသွားမယ်"

"ဓားစာမိမှာက ကျွန်တော် မဟုတ်ဘူး. . . ခင်ဗျားပဲ"

"တောက်"

မင်းလျှာစက်က-ဤသို့ပြောသဖြင့် လူဆိုးခေါင်းဆောင်
က "တောက်"ဟူ၍ ခပ်ပြင်းပြင်း တောက်ခေါက်လိုက်သည်။

ထိုသို့ဖြင့် ထိုနေ့ညက. . . ထားဝယ်ချောင်ရွာသို့ သွား
ရောက်ကာ ဓားပြတိုက်ခဲ့ကြသည်။ ထိုရွာသားများက ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



၌ မည်သို့သတင်းရသည်မသိ. . .။ ကင်းပုန်းဝင်ကာ စောင့်ဆိုင်
ပြီး တိုက်ခိုက်သဖြင့် မည်သည့်ပစ္စည်းမျှ မရပဲ ခွေးပြေးဝင်
ပြေး ပြေးခဲ့ရသည်။ ထိုရွာသားများ၏ တိုက်ခိုက်မှုကြောင့် ထ
ပြခေါင်းဆောင်ကြီး၌ လက်တွင် ဓားဒဏ်ရာရကာ သွေးစိမ်းရှ
ရှင်ဖြင့် ပြန်လာခဲ့ရသည်။

စခန်းရောက်မှ လက်မှဓားဒဏ်ရာကို ဆေးကြော
ဆေးထည့်ပြီး ပတ်တီးစည်းလိုက်သည်။

ထိုစဉ် မင်းလျှာစက်က ပတ်တီးစည်းနေသော ဦးဒေ
ကို. . .။

"ဦးလေး ဦးဒေဝ. . . လက်က ဘာဖြစ်လို့လဲ"

ဟု မေးလိုက်ရာ. . .။

"ခွေးမသားလေး. . . ခရီးသွားကာနီး မဦးမချွတ်ပြေ
လိုက်လို့ ငါတို့ ခွေးပြေးဝက်ပြေး ပြေးလာခဲ့ရကယ်. . . ငါလ
မှာလည်း ဓားဒဏ်ရာ ရခဲ့တယ်"

"သိသားပဲ. . . ဦးလေးပဲ ကျွန်တော့်ကို ဓားစာမိသွ
မယ်လို့ ကျိန်တာကိုး"





"ဟေ့ကောင်လေး. . . ငါက လူဆိုး. . . ငါ့ကို ဘာမှ
အကြီး ပြောမနေနဲ့ ငါလက်မခံဘူး. . . ဒါပေမယ့် ငါအလုပ်လုပ်
ခဲ့အချိန်မှာ မင်းပါးစပ်ကို သေသေချာချာပိတ်ထား"

"ဦးလေး ဦးဒေဝ. . . လူသေမှ ပါးစပ်ပိတ်ထားတာ၊
ကျွန်တော့်ကို ပါးစပ်ပိတ်မခိုင်းပါနဲ့. . . ပါးစပ်ပိတ်ခိုင်းတဲ့သူဟာ
သူ့အလိုလို ပါးစပ်ပိတ်သွားရပါလိမ့်မယ်"

"ဟေ့ကောင် လျှာစက်. . . တော်တော့. . . စကားမ
ပြောနဲ့တော့"

"အဲဒီလိုပြောပါ ဦးလေးဦးဒေဝရဲ့"

လူဆိုးခေါင်းဆောင်ဖြစ်သော ဦးဒေဝပင် မင်းလျှာစက်
အလေးအား ဒေါသထွက်ပြီး မပြောရဲခဲ့ပေ. . .။

လျှာစက်ဆိုသည့်အတိုင်း လျှာစက်အာစက်ထက်ကာ
ပြောလိုက်သည့်စကားအတိုင်း ဖြစ်လာခဲ့ခြင်းပေလော. . . ဟူ၍
လူဆိုးခေါင်းဆောင်ကြီး ဦးဒေဝက တွေးမိကာ နှုတ်ဆိတ်ကာ
နေခဲ့ပါတော့သည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## "လူဆိုးကြီးဦးဒေဝနှင့် မြစက်ရောင်တား"

လူဆိုးစခန်း၌ မင်းလျှာစက် နေထိုင်ခဲ့သည်မှာ သုံးလကျော်မျှ အချိန်ကြာမြင့်ခဲ့လေပြီ. . .။

"ဦးလေး ဦးဒေဝ. . . ကျွန်တော့်ကို အဖေဆီပြန်ပို့ပါ"

မင်းလျှာစက်မှာ မိဘများအား လွမ်းဆွတ်သတိရသဖြင့် ပြန်ပို့ရန်ပြောလိုက်သည်။

"အေး. . . ငါကလည်း မင်းကို မင်းမိဘဆီ အမြန်ပြန်ပို့ချင်တာပေါ့. . . ဒါပေမယ့် အခြေအနေက မကောင်းဘူးကွဲ့၊ ရွာတွေအားလုံး စုပေါင်းပြီး ဝိုင်းတိုက်ကြတော့ မင်းပြောသလို ခွေးပြေးဝက်ပြေး ပြေးနေရတယ်ကွ. . . တကယ်တော့ မင်းကို





ပြန်ပို့ရင် ငါက ရွှေတွေအများကြီး ရမှာဆိုတော့ ပြန်ပို့ချင်တာပေါ့ကွယ်"

"ဒါဆို. . . ဘယ်တော့ပြန်ပို့မှာလဲ"

"နောက်လလောက်ဆိုရင်တော့ ပြန်ပို့နိုင်လိမ့်မယ်ထင်ပါရဲ့"

"ဒါဆို. . . ဦးလေးကတိအတိုင်း ပြန်ပို့ပေးရမယ်နော်"

"အေးပါကွ. . . မင်းက ငယ်သာငယ်တာ. . . စကားအတော့ တော်တော်တတ်တယ်"

"ဦးလေး. . . လိုက်ပို့ပေးနော်"

"အေးပါဟ"

မင်းလျှာစက်ကလေးမှာ အိမ်ပြန်ချင်လွန်း၍ နေ့စဉ်ပင် ဦးဒေဝကို ပူဆာခဲ့သည်။ လူဆိုးခေါင်းဆောင် ဦးဒေဝကလည်း မင်းကိုလိုက်ပို့ပေးလျှင် ရွှေတစ်ဆယ်သား ရမည်ဖြစ်၍ လိုက်ပို့ရန် ကြိုးစားခဲ့သည်။

သို့သော် အခြေအနေမှာ မတည်ငြိမ်သေးသည့်အတွက် ညသို့မျှ ပြန်ပို့၍မရပေ. . .။ တစ်ညတွင်. . .။



www.burmeseclassic.com

မင်းလျှာစက်ကလေး အိပ်မက်တစ်ခု မက်ခဲ့သည်။

ထိုအိပ်မက်ထဲတွင်. . .။

ဤတောကြီးတစ်ခုလုံး မိုးမှောင်ကြီးကျသွားခဲ့သည်။ ထိုစဉ် အဖြူရောင်ဝတ်ရုံကို ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး. . .။

"မနက်ဖြန်နံနက်မှစပြီး လေပြင်းမုန်တိုင်း တိုက်လိမ့်မယ်. . . မင်းတို့နေတဲ့စခန်းမှာ သစ်ပင်တွေပြိုလဲပြီး စခန်းပျက်သွားလိမ့်မယ်. . . အဲဒီနေရာရဲ့ အနောက်ဘက်ရူးရူးမှာ ကျောက်ဂူကြီးတစ်ဂူ ရှိတယ်. . . အဲဒီကျောက်ဂူကြီးမှာ သွားရောက်ခိုလှုံမှ အသက်ဘေးကလွတ်လိမ့်မယ်"

"ဒါဆို. . . ကျွန်တော်က ဘာလုပ်ရမလဲ"

"မင်း. . . ဦးဒေဝကို အိပ်မက်အကြောင်းပြောပြီး ခေါ်သွားပါ"

"ဟုတ်ကဲ့ပါ"

ထိုသို့အိပ်မက်မက်ပြီး အိပ်မက်မှ လန့်နိုးခဲ့သည်။

ၡင်းသည် အစောင့်လူဆိုးအား နှိုးပြီးနောက်. . .။





"ဦလေး ဦးဒေဝဆီ လိုက်ပို့ပေးပါ"

"ဟာ. . . ဒီကလေး. . . ပေါက်တီးပေါက်ရှာ ပြောနေပြန်ပြီ. . . ဒီအချိန်မှာ ငါတို့ဆရာကြီးက အိပ်တုန်း"

"အိပ်ရင်လည်း နှိုးပေးဗျာ"

"ငါ မနှိုးရဲဘူး. . . သွားနှိုးတဲ့သူကို ဖါးရိုက်လွှတ်လိမ့်မယ်"

"ဒါဆိုလည်း. . . ကျွန်တော်ကိုယ်တိုင် သွားနှိုးမယ်"

"သွားနှိုး. . . သွားနှိုး. . . ဒါမှ ပါးရိုက်ခံရမှာ"

"လိုက်ပို့ပါဗျာ"

ထိုသို့ဖြင့် အစောင့်လူဆိုးက မင်းလျှာစက်ကို ဆရာကြီးဦးဒေဝ၏အိပ်ခန်းဆောင်ထဲသို့ လိုက်ပို့ပေးလိုက်သည်။

"ဦးလေး ဦးဒေဝ. . . ထပါဦး"

"ဦးလေး ဦးဒေဝ. . . ထပါဦး"

အိပ်ဆောင်တံခါးကို တဒုန်းဒုန်း ထုနှိုးလိုက်ရာ. . .။

"ဟေ့ကောင်. . . ငါ့ကို အချိန်မတော်မှာ ဘာဖြစ်လို့

www.burmeseclassic.com



လာနိုးတာလဲ''

ဦးဒေဝမှာ စိတ်ဆိုးမာန်ဆိုးနှင့် အော်ဟစ်လိုက်သည်။

''ဦးလေး. . . ကျွန်တော် မင်းလျှာစက်ပါ''

''ပြော. . . ပြော''

''မုန်တိုင်းတိုက်တော့မှာမို့ လာပြောတာ''

''ဟာ. . . မုန်တိုင်းတိုက်မယ် ဟုတ်လား''

ပြောပြောဆိုဆို တံခါးကို ဝုန်းကနဲ ဖွင့်ကာ. . .။

''လျှာစက်. . . လာ. . . လာ. . . ငါ့အခန်းထဲကိုဝင်''

မင်းလျှာစက်လေးကို လက်ဆွဲပြီး အခန်းတွင်းသို့ သွင်းလိုက်သည်။ ထို့နောက်. . . မင်းလျှာစက်အား. . .။

''ဟေ့ကောင်လေး. . . မင်းက ဘာဖြစ်လို့ မုန်တိုင်းတိုက်တော့မယ်လို့ ပြောတာလဲ''

''ခုနက အိပ်ရင်းနဲ့ အိပ်မက်မက်တယ်. . . ဝတ်ရုံအဖြူရောင် ဝတ်ထားတဲ့အမျိုးသမီးက ပြောတယ်. . . မနက်ဖြန်နံနက်ကစပြီး လေပြင်းမုန်တိုင်း တိုက်မယ်တဲ့. . . သစ်ပင်တွေ တောအုပ်တွေ လဲပြိုပြီး ဒီစခန်းကြီး ပျက်သွားမယ်တဲ့''





''ဟေ. . . ဒါဆိုရင်. . . ငါတို့ ဘယ်ကိုသွားပုန်းရမလဲ''

''အဲဒီအတွက်ကတော့ စခန်းရဲ့ အနောက်တည့်တည့် ...ာ ကျောက်ဂူကြီးတစ်ခု ရှိတယ်တဲ့. . . အဲဒီမှာ သွားပုန်းရမယ် ...ဲ့''

''သြော်. . . ဟုတ်တယ်. . . အနောက်ဘက်မှာ ဂူဝကျယ် ... အတွင်းမှာလည်း အကျယ်ကြီးဖြစ်နေတဲ့ ဂူကြီးတစ်ဂူရှိတယ်၊ ...ဒီနားမှာ ခရမ်းပြာတွေ ပွင့်နေတဲ့အတွက် ခရမ်းပြာဂူလို့လည်း ...ါတယ်''

''ကျွန်တော်တော့ ဂူကြီးရှိမှန်းလည်း မသိဘူး. . . ဂူကြီး ...ာညည်လည်း မသိဘူး. . . အိပ်မက်မက်တဲ့အတိုင်း ပြောတာ''

''အေး. . . မင်းပါးစပ်ကထွက်တာမှန်သမျှ ငါက ကြောက် ...ရတယ်. . . မင်းပြောတာတွေက မှန်လွန်းလို့''

''မသိပါဘူး ဦးလေးရယ်. . . အိပ်မက်ထဲမှာ ဦးလေးကို ...ပြောပြရမယ်ဆိုလို့ ပြောပြတာပါ''

''အေး. . . အေး. . . ဒါဆိုရင် မင်း ငါနဲ့လာပြီး အိပ် ...တော့. . . မင်းတဲဆီကို ပြန်မသွားနဲ့တော့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးလေး"

မင်းလျှာစက်လေးလည်း ဦးဒေဝထံ၌ အိပ်ပျော်နေ

သည်။ တဖြည်းဖြည်းနှင့် နံနက်မိုးသောက် အလင်းသို့ရော

ခဲ့သည်။ သည်အချိန်တွင် လေမတိုက်သေးပဲ ပကာတိ တည်ငြိမ်

နေပါသည်။

"ဟောကောင်လေး. . . ထတော့"

ဦးဒေဝက မင်းလျှာစက်ကို ခြေထောက်နှင့်ကန်ပြီး နှိုး

လိုက်သည်။

"ဦးလေး. . . ကျွန်တော့်ကို ဘာဖြစ်လို့နှိုးတာလဲ"

"ဟောကောင်လေး. . . မင်းပဲ ငါ့ကို လေပြင်းမုန်တိုင်း

တိုက်မလေး ဘာလေးနဲ့. . . ချိုးပြော မိုးပြော ပြောပြီး အိပ်ရေး

ပျက်အောင်လုပ်တယ်"

"ဦးလေးကလည်း ကျွန်တော်က အိပ်မက်မက်တဲ့အ

ကြောင်း ပြောတာပဲ"

"မင်းပြောတော့ ဒီနေ့မနက် လေပြင်းတိုက်မယ်ဆို. . .

အခု မနက်ရောက်ပြီ. . . ဘာလေမှလည်း မတိုက်သေးပါလား"





"ဒါတွေ ကျွန်တော် မသိဘူး ဦးလေးရယ်. . . အိပ်ချင်

တာပဲသိတယ်"

"အေးလေ. . . အိပ်ချင်လည်းအိပ်ပေါ့ကွာ. . . ဒါပေမယ့်

အနောက်ဖက်က ကျောက်ဂူကြီးရောက်ဖို့ မြင်းနဲ့သွားတာတောင်

ရောက်ဖို့ တစ်နာရီလောက်တော့ သွားရမှာ. . . မင်းအိပ်မက်

အတိုင်း လေပြင်းတိုက်မှသွားရင် လမ်းမှာ သစ်ပင်တွေပြိုလဲနေမှာ

နဲ့. . . အဲဒီနားမှာပဲ မင်းသေလိုက်ပေါ့ကွာ"

"ဟာ. . . ဒါဆို. . . အခုပဲသွားမယ်"

မင်းလျှာစက်ကလေးမှာ လူးလဲထပြီး ဦးဒေဝ၏နောက်

သို့ အပြေးကလေး ထလာခဲ့သည်။

စခန်းမှ လူဆိုးများ မြင်းကိုယ်စီနှင့် အဆင်သင့် စောင့်

ဆိုင်းနေကြသည်။

"ဟောကောင်လေး. . . လာ. . . မြင်းပေါ်တက်"

ဦးဒေဝက ပြောပြောဆိုဆို မင်းလျှာစက်၏လက်ကိုဆွဲ

ပြီး မြင်းပေါ်သို့ တင်လိုက်သည်။ ထို့နောက် မြင်းကို မှန်မှန်စီး

ရင်း သူ့ကို စကားလှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး. . . ငါတို့က မင်းအိပ်မက်ကိုကြောက်လို့ ကျောက်ဂူကြီးဆီကိုသွားတာ မဟုတ်ဘူး. . . ငါတို့ဆက် အင်အားကြီးတဲ့အဖွဲ့က လာတိုက်မယ် သတင်းရလို့ မတိုက်ချင်လို့ ထွက်ပြေးလာတာ"

"အဲဒီအကြောင်းတွေ ကျွန်တော် မသိဘူး. . . ကျောက်ဂူထဲရောက်သွားရင် ကျွန်တော်တို့ အသက်ရှင်မှာပဲ"

"အေး. . . မင်းကလည်း မင်းအတွေးနဲ့မင်း. . . ငါကလည်း ငါ့အတွေးနဲ့ငါ ဆိုတာမျိုး ဖြစ်နေပြီ"

ထိုသို့ဖြင့် တောလမ်းခရီးသို့သွားစဉ်. . .။

လမ်းတစ်ဝက်၌ လေများ စတင်တိုက်ခတ်လာခဲ့ပါသည်။

"ဝိုး. . . ဝိုး. . . ဝိုး"

"ဟော. . . လေ,စတိုက်လာပြီ"

လူဆိုးခေါင်းဆောင် ဆရာကြီး ဦးဒေဝက တိုက်ခတ်လာသည့် လေခပ်ကြမ်းကြမ်းကြောင့် ဤသို့ပြောလိုက်ပါသည်။

ထိုစဉ်. . . လေရောမိုးပါ တဖွဲဖွဲ ရွာသွန်းလာသည်။

"ဒီခရီးကိုဆက်ဖို့ နာရီဝက်လောက်ပဲ လိုတော့တယ်"





ဤအဖွဲ့၏ ဒုတိယခေါင်းဆောင် တုတ်ကြီးက ဆက်၍ပြောလိုက်သည်။

သည့်တွင် ဦးဒေဝက. . .။

"ဟော့ကောင် တုတ်ကြီး. . . လေဆိုတာ ချက်ချင်း လေငြိမ်းတိုက်လာတာ မဟုတ်ဘူး. . . တဖြည်းဖြည်း အားယူပြီး တိုက်ရတာဆိုတော့ နာရီဝက်အတွင်း လေပြင်းမကျနိုင်သေးပါဘူး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ငါတို့ ကျောက်ဂူကြီးကို ရောက်တဲ့အချိန်မှာ မိုးသီးတို့အဖွဲ့ဟာ တို့စခန်းကို ရောက်လာလိမ့်မယ်. . . ငါတို့စခန်းရောက်ရင် ငါတို့ကိုတိုက်ခိုက်ပြီး ငါတို့စုဆောင်းထားတဲ့ ရွှေငွေပစ္စည်းတွေကို ယူကြလိမ့်မယ်. . . အခုတော့ မိုးသီးတို့အကြံကို တို့က ကြိုသိလို့ ပြေးပြီ. . . မိုးတွေ လေတိုက်ပြီး စခန်းကသစ်ပင်တွေပြိုကျရင် သေကြပေတော့"

"ဟား. . . ဟား. . . ဟား"

ဤတွင် သစ်ပင်ကြီးငယ်တို့ ဝိုမိုလှုပ်ရှားလာသော သစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းများ တစ်ကိုင်းနှင့်တစ်ကိုင်း ရိုက်မိသည့်အသံများ ပေါ်ထွက်လာခဲ့သည်။ မိုးကား သည်းသည်းကလေး ရွာနေသည်။

"ဖြောင်း. . . ဖြောင်း"

"ဟော့ကောင်တွေ. . . လေရောမိုးပါ တိုက်လာပြီ. . . မြင်းကို ခပ်မြန်မြန်စီးကြ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ငင်းတို့အုပ်စုသည် ဤလမ်းကိုသွားနေကျဖြစ်၍ ခရီးလမ်းကို ကျွမ်းနေသဖြင့် ထိုလူသွားလမ်းကလေးမှ အမြန်ဆုံးခရီးနှင်ခဲ့သည်။ ထိုသို့သွားရင်း မကြာမီအချိန်တွင်. . .။

"ဟော. . . ဟိုမှာ ကျောက်ဂူကြီးကို လှမ်းမြင်နေရပြီ"

"ဟုတ်တယ်. . . မြန်မြန်ဝင်ကြစို့" လူဆိုးတစ်ယောက်က အဆင်ခြင်မဲ့စွာ ပြောလိုက်သည်။

ဤတွင် ဦးဒေဝက "ကျောက်ဂူထဲမဝင်ခင် တုတ်ရှည်ရှည်နဲ့ လှမ်းပြီးရိုက်ကြ. . . တကယ်လို့ မြွေဝင်ခွေရင်တောင် ချက်ချင်းသိနိုင်တယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"





ကျောက်ဂူကြီး၏အဝသို့ ရောက်သောအခါ ငင်းတို့သည် တုတ်ရှည်တစ်ခုကို ရှာကာ ထိုနေရာမှ အထဲအထိ တုတ်ဖြင့် ခြောက်လှန့်ခဲ့ကြသည်။

"ဘာမှမရှိပါဘူး ဆရာကြီး"

အခြားတုန့်ပြန်မှုတစ်ခုမျှ အသံမကြားရသဖြင့် ဤသို့ သုံးအော်ရင်း ကျောက်ဂူကြီးထဲသို့ ဝင်လိုက်ကြသည်။

ထိုအချိန်တွင် မိုးရေ လေပြင်းမုန်တိုင်းတို့ ပြင်းထန်စွာ တိုက်ခတ်လာခဲ့သည်။ မိုးရောလေပါ တိုက်သဖြင့် နေရာတိုင်းမှာ မှိုင်းမှုန်နေသည်။

"ဖြောင်း. . . ဖြောင်း"

သစ်ကိုင်းများ တစ်ကိုင်းနှင့်တစ်ကိုင်း ရိုက်မိပြီး သစ်ပင်ကြီး၏ ကိုင်းတစ်ချို့မှာ ကျိုးပဲ့ကုန်သည်။

"လေတွေ ပြင်းပြင်းထန်ထန်တိုက်ပြီး မိုးတွေရွာနေပြီ"

"တော်ပါသေးရဲ့. . . ကျောက်ဂူကြီးထဲရောက်မှ လေတွေမိုးတွေ ရွာလို့"

"ဟော့ကောင်တွေ. . . စကားမရှည်ကြနဲ့. . . လူရေပြီးပါ



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲဝင်ကြ''

ဂူကြီးကား. . . လွန်စွာ ကြီးမားလှပေသည်။ မြင်းရော လူများအားလုံး ဆန့်သည်။ ထိုဂူကြီးသည် အခြားဂူများနှင့်မတူပဲ အရှေ့ရော အနောက်ပါ ပွင့်နေပြီး ဂူဝနှစ်ခုပါရှိသည်။

ထို့ကြောင့် ဂူအတွင်းပိုင်းကလည်း လင်းနေသည်။

တစ်နေ့လုံး ဂူကြီးအတွင်း၌ မိုးလေဒဏ်ကို ခံနိုင်ရန် ခိုအောင်းနေခဲ့ကြသည်။

''အင်း. . . ဒီအချိန်မှာ မိုးသီးတို့အဖွဲ့သာ တို့စခန်းကို ရောက်လာရင် သူတို့တော့ ဒုက္ခရောက်မှာသေချာတယ်''

''ဟုတ်ပါတယ် ဆရာကြီး''

ထိုသို့ဖြင့် ဂူကြီးအတွင်း၌ စောင့်ဆိုင်းနေခဲ့ရာ ညနေစောင်းအချိန်ရောက်မှ မိုးရောလေပါ ငြိမ်သက်သွားခဲ့သည်။

''ဟော့ကောင်တွေ. . . မိုက်ဆာတယ်ကွာ''

''ဆရာကြီး. . . ဆန်နည်းနည်းပဲ ယူလာခဲ့လို့ ဒီတစ်ခါ ဆန်ပြုတ်ပဲရမယ်''

''အေးကွာ. . . ရှိတာလုပ်ပေါ့. . . အရမ်းဆာနေပြီ''





ငင်းတို့အုပ်စု ညနေရောက်မှ ဆန်ပြုတ်စားရင်း အဆာပြေခဲ့ရသည်။ တစ်ညလုံး သည်ကျောက်ဂူကြီးထဲတွင် နားခိုအိပ်စက်ခဲ့ကြသည်။

နံနက်မိုးလင်းသေအခါ. . .။

ဦးဒေဝသည် ငင်း၏တပည့်များနှင့်အတူ ကျောက်ဂူကြီးအပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်။

''ဟာ. . . သစ်ပင်တွေပြိုလဲနေတာများ လမ်းတွေတောင်ပိတ်နေပြီ''

သစ်ပင်ကြီးများမှာ အမြစ်ကပင် ကျွတ်လဲကာ မြင်မကောင်းအောင် ပျက်စီးနေသည်။

''ဟော့ကောင် တုတ်ကြီး. . . မင်း ငါတို့စခန်းကို သွားချောင်းကြည့်ပြီး ပြန်ပြောစမ်း''

''ဟုတ်ကဲ့ ဆရာကြီး''

တုတ်ကြီးမှာ ဦးဒေဝ၏ အမိန့်အတိုင်း မြင်းကိုထားခဲ့ကာ ခြေလျင်ခရီးဖြင့် ငင်းတို့၏စခန်းဟောင်းကြီးရှိရာသို့ သွားရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများ လဲပြိုနေမှုကြောင့် မူလလူသွားလမ်းတောလမ်းများ ပျောက်ကွယ်ပြီး အပျက်အစီး အပိုင်းအစများသာ ပြန့်ကျဲနေသည်။

ထိုအပျက်အစီးများကို ကျော်ခွပြီး မိမိတို့စခန်းကို သွားခဲ့ရသည်။ တုတ်ကြီးမှာ လမ်းတစ်လမ်းလုံး ပျက်စီးနေသည်ကိုတွေ့ရ၍. . .။

"အင်း. . . လမ်းတစ်လျှောက်လုံး ဒီလောက်တောင်သစ်ပင်တွေ ပြိုလဲနေတာ. . . ငါတို့စခန်းလည်း တော်တော်ပျက်စီးမှာပဲ. . . ငါတို့တောင် မြင်းနဲ့သွားလို့ သီသီလေး လွတ်တာ"

ထိုသို့တွေးရင်း သွာရင်းဖြင့် သွားခဲ့ရာ ယခင်က ခြေလျှင်ဖြင့် သုံးနာရီ. . . မြင်းဖြင့် တစ်နာရီခန့် သွားရသောခရီးမှာအပျက်အစီးများကြောင့် ခရီးမတွင်ဖြစ်ကာ လေးနာရီ မရှိတရှိခန့်ကြာမှ စခန်းအနီးသို့ ရောက်ရှိခဲ့သည်။

စခန်းကို လှမ်းမြင်လိုက်သည်နှင့်. . .။

"အလို. . . ဘုရား. . . ဘုရား. . . စခန်းတစ်ခုလုံး သစ်ပင်ကြီးတွေအောက်မှာ ပြားပြားဝပ်နေပါလား"





သစ်ပင်ကြီးများလဲကျသဖြင့် တဲများမှာ မြေကြီးတွင်ပြားပြားဝပ်နေသည်။ တုတ်ကြီးမှာ စခန်းအတွင်းသို့ဝင်လာပြီးကြည့်သောအခါ. . .။

"ဟာ. . . မိုးသီးတို့အဖွဲ့သားတွေ အတုံးအရုံး သေနေကြပါလား"

သစ်လုံးများအောက်တွင် သွေးကွက်များစွာ စွန်းထင်းပြီး လဲကျသေဆုံးနေသည့် အလောင်းများကို တွေ့လိုက်ရသည်။

"အင်း. . . မိုးသီးတို့အဖွဲ့ ငါတို့ကိုတိုက်ခိုက်ပြီး ရွှေငွေရယူမယ်ဆိုတဲ့ လောဘဇောကြောင့်. . . အခုလို သေဆုံးရတာပဲ"

ထိုသို့ စဉ်းစားမိခဲ့သည်။

"အင်း. . . ဒီအကြောင်းတွေကို ငါ ဆရာကြီးဆီ အမြန်ပြန်သွားပြောမှပဲ"

တုတ်ကြီးသည် ဤသို့တွေးမိကာ ဆရာကြီးဦးဒေဝဆီသို့ပြန်ဆုံး အပြေးပြန်လာခဲ့သည်။

"ဟောဟဲ. . . ဟောဟဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့...တုတ်ကြီး...ဘယ်လိုဖြစ်လာတာတုန်း''

ဆရာကြီး ဦးဒေဝက လှမ်းမေးလိုက်ရာ...။

''ကျွန်တော်တို့ အရမ်းကံကောင်းတယ် ဆရာကြီး''

''ဘာတွေကံကောင်းလို့လဲ''

''မိုးသီးတို့အဖွဲ့တွေ စခန်းထဲမှာ သစ်ပင်ပိလို့ သေနေကြတာ အတုံးအရုံးပဲ''

''ဟေ''

''ဒါဆို...ငါတို့သွားကြည့်ကြမယ်''

ထိုသို့ဖြင့် ဦးဒေဝတို့အုပ်စုမှာ စခန်းသို့ ခက်ခက်ခဲခဲ ပြန်ခဲ့ကြသည်။ တုတ်ကြီး ပြောသည့်အတိုင်း မှန်ပေသည်။ စခန်းတစ်ခုလုံးမှာ သစ်ပင်ကြီးများပိကာ အားလုံး ပျက်စီးနေခဲ့သည်။

ထိုတဲများနှင့် သစ်လုံးများအကြားတွင် သွေးညှီနံ့များ ပောင်ထနေပြီး ယင်မမည်းရိုင်းကြီးများက တဝီဝီအော်မြည်နေပါသည်။

မြင်ရသည့်မြင်ကွင်းက မသတီစရာပင်...။

ထိုမြေပြင်ပေါ်တွင် အလောင်းများမှာ ဟိုမှသည်မှ ပြန့်





ကျဲနေပါသည်။ တစ်ချို့မှာ ခေါင်းနှင့်သစ်ပင်နှင့် ထိပြီး ဦးခေါင်းမှာ ပြားနေပါသည်။ တစ်ချို့ကလည်း ရင်ဘတ်ကိုဖြတ်ကာ သစ်ပင်ကြီး ပိနေသည့်အတွက် မချိမဆန့်ဖြင့် သေပွဲဝင်ခဲ့ကြသည်။

''ဟော...ဟိုမှာ...မိုးသီးပါလား...သူလည်း တို့စခန်းမှာလာပြီး သေပွဲဝင်ရတယ်''

ပက်လက်အနေအထားနှင့် သစ်ပင်ပိကာ သေဆုံးနေသည့် မိုးသီး၏ရုပ်အလောင်းကို ကြည့်ရင်း ဦးဒေဝက ပြောလိုက်သည်။

မိုးသီး၏နောက်ကျောတွင် ဓားရှည်ကြီးတစ်ခုကို လွယ်ထားပြီး ရင်ဘတ်၌ ပုဆိုးနှင့်ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို လွယ်သိုင်းထားသည်။

ဦးဒေဝသည် မိုးသီး၏နောက်ကျောတွင် လွယ်ထားသည့် ဓားကို ခက်ခက်ခဲခဲ ဆွဲယူပြီး...။

''ဒီဓားက မြစက်ရောင်ဓားပဲ...ဒီဓားကို လိုချင်လွန်းလို့ သူနဲ့ငါဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဓားပြိုင်ပွဲ ကျင်းပခဲ့ကြတယ်...အဲဒီပြိုင်ပွဲမှာ သူနိုင်လို့ မြစက်ရောင်ဓားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သူ ရခဲ့တယ်. . . ငါဟာ ဒီဓားကို မရလိုက်တဲ့အတွက် လွန်စွာ ဝမ်းနည်းခဲ့ရတယ်. . . ကံကြမ္မာအလှည့်အပြောင်းဟာ အတော် ဆန်းကြယ်တယ်. . . ဒီဓားကိုမရခဲ့တဲ့ ငါဟာ ဝမ်းနည်းရင်း ဘယ်တော့မှမရတော့ဘူးလို့ ထင်ထားခဲ့တယ်. . . အခုတော့ ငါ့ရဲ့ ရှေ့မှောက်ကို ရောက်လာခဲ့ပြီပေါ့. . . ဒီနေ့ဟာ ငါ့ရဲ့ဝမ်းအသာဆုံးနေ့တစ်နေ့ပဲ"

"ဟား. . . ဟား. . . ဟား"

"ဦးလေး ဦးဒေဝ"

"ဘာလဲ. . . လျှာစက်"

"အဲဒီလူကြီးရဲ့ ရင်ဘတ်မှာ အထုပ်တစ်ထုပ်"

မင်းလျှာစက်က ပြောလိုက်ရာ ဓားကိုင်ထားသည့် ဦးဒေဝမှာ စလွယ်သိုင်းထားသည့်အထုပ်ကို မြစက်ရောင်ဓားနှင့် ဖြတ်ပိုင်းကာ ကော်ယူလိုက်သည်။

"ချလွင်"

"ချလွင်"

"ချလွင်"





ဆိုသည့် အသံနှင့်အတူ လက်စွပ်၊ နားဋောင်း၊ လက်ကောက်၊ ဆွဲကြိုး အစရှိသည့် ရွှေထည်ပစ္စည်းများစွာ ထွက်ကျလာပါသည်။

"အင်း. . . ဒါတွေဟာ မိုးသီးရဲ့ တိုက်ရာပါ ပစ္စည်းတွေပဲဖြစ်မယ်"

"ဖြစ်နိုင်ပါတယ် ဆရာကြီး"

"ကဲ. . . ကဲ. . . ပစ္စည်းတွေကို ကောက်ပြီးသိမ်းလိုက်၊ ပြီးမှ အချိုးကျ ခွဲဝေပေးမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တုတ်ကြီးတို့အဖွဲ့သားများက ရွှေထည်ပစ္စည်းများကို ကောက်ယူလိုက်သည်။ သည့်တွင် ဦးဒေဝက. . .။

"မိုးသီး. . . မိုးသီး. . . အင်အားကြီးတယ်ဆိုပြီး လူဆိုးအချင်းချင်းကိုတောင် သစ္စာဖောက်ပြီး ပြန်တိုက်ခိုက်တဲ့ လူဆိုးကြီး. . . အခုတော့ မင်းပဲကံဆိုးတာလား. . . ငါပဲ ကံကောင်းတာလား မသိဘူး. . . မင်း အင်မတန်မြတ်နိုးတဲ့ မြစက်ရောင်ဓားနဲ့တကွ ရွှေထည်ပစ္စည်းများကိုပါ ငါ့စခန်းအရောက် လာပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပြီ''

ဤသို့ ညည်းညူကာ ပြောလိုက်သည်။

ရင်း၏တပည့်များဖြစ်သော တုတ်ကြီး အပါအဝင် လူဆိုး များက. . .။

''ဟုတ်ပါတယ် ဆရာကြီး. . . ဆရာကြီး ကံကောင်း တာပါ. . . ဗမ္ဘူမှာတလူ ဆိုသလိုပါပဲ''

ဤသို့ မြှောက်ပင့်ပြောဆိုကြရာ ဦးဒေဝက ရှင်းပြပါသည်။

''တကယ်တော့. . . ဒီဇာတ်လမ်းကို ငါရှင်းပြမယ်. . . မိုးသီး တို့လူစု ငါ့ခန်းကို လာတိုက်မယ့်အကြောင်းကို ငါက သူ့ဆီကို လွှတ်ထားတဲ့ ငါ့ရဲ့လူယုံတော်ကတစ်ဆင့် သတင်းပေးလို့ ငါသိ ခဲ့ရတယ်. . . အဲဒီညမှာပဲ လျှာစက်က လေပြင်းတိုက်မယ်ဆိုတဲ့ အိပ်မက်အကြောင်းကို လာပြောတဲ့အတွက် ငါ မအိပ်တော့ပဲ တစ်ညလုံး စဉ်းစားနေမိတယ်. . . လျှာစက်ဟာ ထူးခြားတဲ့ ကလေးတစ်ယောက်ဖြစ်ပြီးတော့ သူဟာ လျှာစက်အာစက်ကောင်း တဲ့အတွက် သူပြောသမျှဟာ တိုက်တိုက်ဆိုင်ဆိုင် မှန်လာတာကို သတိထားမိတယ်. . . ဒါကြောင့် ငါဟာ ဒီစခန်းက မိုးလင်းလင်း





ချင်း ထွက်ခွာလာခဲ့တယ်. . . ဒီနေရာမှာ ငါ့ရဲ့လူယုံတော်ကို ကျေးဇူးတင်သင့်သလို. . . လျှာစက်ကိုလည်း ကျေးဇူးတင်ရမယ်''

''လျှာစက်. . . လျှာစက်ကလေး. . . မင်းကို ကျေးဇူး တင်ပါတယ်''

''မင်း. . . ငါတို့နဲ့ အမြဲပဲ အတူတူနေပါ လျှာစက်ရယ်''

''လျှာစက်ကို ဟင်းကောင်းကောင်း ချက်ကျွေးကြဖော့''

''ဟုတ်တယ်. . . ဟုတ်တယ်. . . မုန့်တွေအများကြီး ဝယ်ကျွေးရမယ်''

ဤသို့ဖြင့် လူဆိုးတစ်သိုက်အကြားတွင် လျှာစက်ကလေး အား ဝိုင်းဝန်း၍ ချီးပိုးကာ ဇာတ်ပြုခဲ့ကြပါသည်။

လျှာစက်မှာမူကား. . . မိဘ၏အိမ်သို့သာ ပြန်ချင်သဖြင့် ၎င်းတို့က ဝိုင်း၍ပွေ့ချီမြှောက်ပင့်ကာ ကျေးဇူးတင်ကြသော်လည်း မပျော်ရွှင်နိုင်ပဲ မှိုင်တွေလျှက်ရှိပါတော့သည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )
## "လေ့သူကြီးသမီး ပယည်းအူ"

မုန်တိုင်းစဲပြီးနောက်ပိုင်းတွင် စိတ်မကောင်းစရာ သတင်း ဆိုးကို ကြားသိခဲ့ရသည်။ လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့်အတူ ဒီရေများ လှိုင်းတံပိုးများ အမြင့်ဆုံးတက်လာကာ မြစ်ကမ်းအနီး ရှိ ရွာသိမ်ရွာငယ်များကို ရိုက်ပုတ်ဖျက်စီးသွားခဲ့သည်။ ထိုအတွင်း ခင်မကာန်ရွာ ရွာတန်းရှည်ရွာ ဘုတ်ကံရွာ အစရှိသည့် မြစ်နှင့် တစ်လျှောက်တွင်ရှိသည့် ရွာများမှာ ရွာလုံးကျွတ် ပျက်စီးကာ သေသူသေ ပျောက်သူပျောက်နှင့် ကြီးစွာသော အတိဒုက္ခရောက် ခဲ့ကြသည်။

"လှျာစက်ရေ. . . မင်းမိဘများနေတဲ့ ရွာကြီးတော့ ဒီ





ရေတွေ တိုက်စားပြီး ရွာပျက်ကြီးဖြစ်သွားပြီတဲ့"

"ဒါဆိုရင်. . . အဖေတို့ရော"

"အိမ်း. . . ရွာထဲကလူတွေ သေတဲ့လူကသေ၊ ပျောက် တဲ့လူကပျောက်နဲ့. . . သူတို့လည်း ဘယ်ရောက်ကုန်မှန်း မသိ တော့ပါဘူးကွာ"

"ဦးလေး. . . ကျွန်တော့်ကို အဲဒီရွာကို လိုက်ပို့ပေးပါ"

"တော်တော်အလိုက်ကန်းဆိုးမသိတဲ့ ခွေးမသားလေး၊ ဒါတို့က လူကောင်းတွေမဟုတ်ဘူး. . . သူခိုးဓားပြ လူဆိုးတွေ လေ. . . ရွာထဲကို သွားချင်တိုင်း သွားလို့ရတာမဟုတ်ဘူး. . . ရွာ သားတွေက ငါတို့ကိုတွေ့ရင် ဝိုင်းတိုက်ကြမှာ"

"ကျွန်တော်က အဖေတို့အမေတို့ကို တွေ့ချင်တာဆို တော့ ဘယ်လိုလုပ်ရမလဲ. . . ဦးလေးပဲ လိုက်ပို့မယ်ပြောထား ပြီးတော့"

"ဟေ့ကောင်လေး. . . မင်းဟာ အခြေအနေနဲ့ အချိန် အခါကို ဘာမှနားမလည်တဲ့အကောင်ပဲ. . . ရွာတွေပျက်ကုန်လို့ ငါတို့တောင် ဘယ်မှာဓားပြတိုက်ရမှန်းမသိလို့ စိတ်ညစ်နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ. . . သွား. . . သွား. . . ဒီကောင်လေးကို ငါ မမြင်ကွယ်ရာခေါ်သွားစမ်း''

ဦးဒေဝက အော်ပြောလိုက်သဖြင့် တုတ်ကြီးက မင်းလျှာစက်လေးကို ခပ်လှမ်းလှမ်းသို့ ခေါ်သွားခဲ့သည်။

မင်းလျှာစက်ကလေးမှာ အံကိုတင်းတင်းကြိတ်ကာ. . .။

''ခင်ဗျားတို့လိုက်မပို့လည်း ဘာအရေးလဲ. . . ကျွန်တော့်ဘာသာ ကျွန်တော် အဖေတို့ဆီရောက်အောင် ထွက်ပြေးမယ်''

ဤသို့ ကြိမ်းဝါးလိုက်သည်။

ထို့နောက် ဦးဒေဝက ၎င်း၏ယပ်သားများအား. . .။

''ငါတို့ ဒီစခန်းကပြောင်းမှဖြစ်မယ်. . . ဒီအလောင်းတွေ မြေမြှုပ်ပေးလိုက်ပါ. . . သူတို့ဟာ ငါတို့အတွက် ရွှေငွေပစ္စည်းတွေကို ယူလာပေးတဲ့ ကျေးဇူးရှင်တွေပဲ''

''ဟုတ်ကဲ့ပါ ဆရာကြီး''

၎င်းတို့အုပ်စုသည် သေဆုံးသူများ၏ အလောင်းများကို မြေမြှုပ်ပေးပြီးနောက် ရောဝတီမြစ်ညာဘက်သို့ ဆန်တက်ကာ





ခရီးဆက်ခဲ့ပါသည်။ ဦးဒေဝတို့အုပ်စုသည် တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီးနောက် စည်ကားသောရွာကြီးတစ်ရွာသို့ ရောက်ခဲ့သည်။

''အင်း. . . ဒီရွာကြီးကိုကြည့်ရတာ စီးပွားရေးလုပ်ငန်းကောင်းမွန်မယ့်ပုံပဲ. . . ငါတို့လည်း ခိုးဆိုးတိုက်ခိုက်ပြီး ပြေးနေရတဲ့ဘဝကို စိတ်ကုန်ပြီ. . . ရွှေငွေပစ္စည်းများကို ထုခွဲရောင်းချပြီး ဒီရွာမှာ သူဌေးအမည်ခံပြီး အခြေချရရင် ကောင်းမယ်ထင်တယ်''

''ကောင်းပါတယ် ဆရာကြီး''

ထိုသို့ဖြင့် ဆိတ်ဖြူရွာကြီးတွင် သူဌေးကြီး ဦးဝဏ္ဏဟူ၍ အမည်ပြောင်းကာ နေထိုင်ခဲ့သည်။ ၎င်း၏တပည့်များကလည်း ကုန်ရောင်းကုန်ဝယ် ပွဲရုံလုပ်ငန်းများ လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကာ ဦးဝဏ္ဏနှင့်အတူတူ နေထိုင်ခဲ့ကြသည်။

၎င်းတို့မှာ ကုန်ရောင်းကုန်ဝယ် ပွဲရုံလုပ်ငန်းများ လုပ်ကိုင်သဖြင့် တစ်နေ့တစ်နေ့ မအားလပ်နိုင်အောင် လုပ်ကိုင်နေရပါသည်။ မင်းလျှာစက်လေးမှာ မိဘနှစ်ပါးအား နေ့စဉ် သတိရကာ. . .။



www.burmeseclassic.com

www.burmeseclassic.com



''ငါ့အဖေနဲ့အမေ. . . အသက်ရှင်ရက်မှ ရှိပါသေးလား''

''ဘာပဲဖြစ်ဖြစ် ငါ ဒီလိုနေလို့တော့ မဖြစ်ဘူး. . . သူ တို့ဆီကို ထွက်ပြေးမှဖြစ်မယ်''

ဤသို့ ကြံစည်စိတ်ကူးမိသည်။

တစ်နေ့တွင် ၎င်းတို့ရွာကြီးသို့ ကုန်ပစ္စည်းရောင်းဝယ် သည့် အညာဆန်လှေကြီးတစ်စင်း ဆိုက်ရောက်လာသည်။ ထို လှေကြီး၌ အောက်ပြည်အောက်ရွာထွက် ကုန်ပစ္စည်းဖြစ်သော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ မြေထုမင်းအိုး၊ ဟင်းအိုး၊ ဆား စသည့် ပစ္စည်းများပါရှိပြီး အထက်အညာသို့ တင်ပို့ရောင်းချ သည်။ အညာထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး အောက်ပြည် အောက်ရွာ၌ ပြန်ပြီး အရောင်းအဝယ် ပြုခဲ့ကြသည်။ ထိုလှေသူ ကြီးမှာ ဦးဘိုးကွန့်ဖြစ်ပြီး နာမည်နှင့်လိုက်အောင် အကွန့်အညှ များနှင့် အတော်စပ်စုတတ်သူဖြစ်သည်။

လှေသူကြီး ဦးဘိုးကွန့်ကိုတွေ့သောအခါ မင်းလျှာစက် လေးမှာ ဤသို့စိတ်ကူးမိသည်။

''အင်း. . . လှေသူကြီး ဦးဘိုးကွန့်ကို အကူအညီတောင်း





ပြီး အဖေတို့ရွာကို ပြန်ရရင်ကောင်းမယ်''

ထိုသို့အကြံဖြင့် လှေသူကြီး ဦးဘိုးကွန့် ကုန်ဝယ်လာ ည့် မင်းလျှာစက်က သွားရောက်ကာ အကူအညီတောင်းခဲ့သည်။

''ဦးလေး. . . ကျွန်တော် စကားတစ်ခွန်းလောက် ပြော ခွင့်ရစေခင်ဗျာ''

''ပြောပါ''

''ကျွန်တော်ဟာ ဦးလေး ကုန်ဝယ်နေတဲ့ ဦးဝဏ္ဏဏပွဲရုံက ဦးဝဏ္ဏဏရဲ့တူ မင်းလျှာစက်ပါ''

''အေး. . . ဒါ့ကြောင့် ပွဲရုံမှာ မင်းကိုတွေ့ဖူးနေတာပဲ''

''ကျွန်တော်ဟာ စစ်ကိုင်းခရိုင်က ခင်မကန်ရွာကပါ။ မိဘတွေဆီကိုပြန်ချင်လို့ ဦးလေးလှေနဲ့ လိုက်ချင်လို့ပါ''

''အေးလေ. . . လိုက်ခဲ့ပေါ့. . . လိုက်လို့ရပါတယ်''

''ဒါပေမယ့် . . ကျွန်တော့်ဦးလေး ဦးဝဏ္ဏဏကို ဒီအကြောင်း မသိပါစေနဲ့''

''ဒါဆိုရင် . . . မင်းက ခိုးပြီးလိုက်ချင်တာပေါ့''

''ဟုတ်ကဲ့ခင်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်လို့ ခိုးလိုက်ချင်တာလဲ"

"အင်း"

လျှာစက်ကလေး စဉ်းစားကာ ဥာဏ်ဆင်ပြီးပြောလိုက်သည်။

"အဖေနဲ့ဦးလေးက စိတ်ဆိုးပြီး မခေါ်ကြဘူး...ကျွန်တော့်ကို အဖေက ဦးလေးကို အပိုင်ပေးထားတာ...ဦးလေးက မွေးစားအဖေပေါ့...သူတို့က မခေါ်တော့ ကျွန်တော့်ကို လိုက်မပို့ဘူးပေါ့...ဒါပေမယ့် အဖေတို့ရွာက ပျက်စီးသွားတယ်ဆိုတော့ ကျွန်တော်က သွားပြီးကြည့်ချင်တာပေါ့"

"ဒါကို...မင်းဦးလေးက မလွှတ်ဘူးပေါ့"

"ဟုတ်ပါတယ်...အဲဒီရွာကိုသွားရုံပါပဲ...ပြီးရင် ဦးလေးဆီကို ပြန်မှာပါ"

"အေး...ဒါဆို မင်းကို ငါခေါ်သွားပေးမယ်...ဒါပေမယ့် မင်းဦးလေး သိရင်လည်း မကောင်းဘူး...ဒီတော့ ဒီလိုလုပ်"

"ဟုတ်ကဲ့ပါ"





"မင်း...ငါ့လှေထွက်ပြီးတဲ့အထိ ပွဲရုံမှာနေရမယ်...နောက်တစ်နေ့မှာ ငါ လှေကို ဟိုဘက်က လက်ပံရွာကလေးရဲ့အရှေ့ကမ်းစပ်မှာ ရပ်ထားမယ်...အဲဒါ မင်းလာခဲ့ပေတော့။ဒါမှ မင်းဦးလေးက ငါခေါ်သွားတာ မသိမှာ"

"ဟုတ်ကဲ့ ဦးလေး...ကျေးဇူးတင်ပါတယ်...ဦးလေးရဲ့ကျေးဇူးကို တစ်နေ့မှာ ပြန်ဆပ်ပါ့မယ်"

"ရပါတယ်ကွာ...ဒါလေးကူညီရတာ အပန်းမကြီးပါဘူး...ဒါပေမယ့် မင်းကို ငါခေါ်သွားတာ မင်းဦးလေး မသိပါစေနဲ့...သိုသိုသိပ်သိပ် လုပ်ပါကွာ"

"ဟုတ်ကဲ့ပါ ဦးလေး"

ထိုစကားကို ကြားရသောအခါ မင်းလျှာစက်လေး လွန်စွာ ပျော်ရွှင်သွားပါသည်။

"အင်း...ငါသိပ်သွားချင်တဲ့ မိဘတွေဆီကို ရောက်တော့မယ်...ဝမ်းသာလိုက်တာ"

မင်းလျှာစက်သည် ဤသို့တွေးမိကာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လှေကြီးထွက်မည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တိုင်ပင်ပြီး သုံးရက်အကြာတွင် အညာဆန်လှေကြီးမှာ အောက်ပြည်သို့ စုန်ဆင်းလာခဲ့သည်။ ၎င်းသည် အညာဆန်လှေကြီး ထွက်သွားပြီးနောက် နောက်တစ်နေ့ နံနက်စောစောတွင် စုဆောင်းထားသည့် မုန့်ဖိုးငွေ အနည်းငယ်နှင့် အဝတ်အစားအချို့ကိုယူဆောင်ကာ လက်ပံရွာကလေးဆီသို့ အပြေးလာခဲ့သည်။

"ဟော. . . ဟိုမှာ. . . အညာဆန်လှေကြီးကို တွေ့ပြီ"

မင်းလျှာစက်ကလေးသည် အညာဆန်လှေကြီးကို တွေ့ရသဖြင့် လွန်စွာ အားတက်သွားပါတော့သည်။ လှေကြီး၏အနီးသို့ရောက်သည်နှင့် ပြုံးရွှင်စွာ ဆီးကြိုနေသော လှေသူကြီးကို တွေ့လိုက်ရပါသည်။

"မောင်လျှာစက်. . . လာဟေ့"

"ဟုတ်ကဲ့ပါ ဦးလေး"

မင်းလျှာစက်လေး လှေပေါ်ကိုရောက်သည်နှင့် လှေကြီးမှာ စတင်ထွက်ခွာခဲ့သည်။

"လွတ်ပြီ. . . ကျွတ်ပြီ. . . ဦးလေး ဦးဒေဝဆီက လွတ်





မြောက်ခဲ့ပြီ"

လှောင်အိမ်မှ လွတ်လိုက်သည့် ငှက်အလား သူ၏စိတ်၌ ပေါ့ပါးလွတ်လပ်ကာ လွန်စွာ ပျော်ရွှင်သွားပါတော့သည်။ လှေဦးတွင်ထိုင်ကာ အေးချမ်းသော လေနုအေးကလေး၏ တိုက်ခတ်မှုကို ခံစားရင်း ရင်ထဲတွင် လွန်စွာ ချမ်းမြေ့သော ပီတိဖြစ်ခဲ့သည်။

ထိုသို့သော အေးချမ်းမှုပီတိများဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့စွာ ခံစားနေစဉ်. . .။

"ဟဲ့. . . ကောင်လေး. . . နင်ကဘယ်သူလဲ"

မိန်းကလေးငယ်ကလေးတစ်ယောက်၏အသံကို ကြားလိုက်ရသည့်အတွက် ငေးနေရာမှ ဆတ်ကနဲ လှည့်ကြည့်မိသည်။

"ဟယ်. . . ကောင်မလေးတစ်ယောက်ပါလား"

ရှန်သားအပွင့်ရိုက် ရင်ဖုံးအင်္ကျီလက်ရှည်ကလေးနှင့် ရှုရတီလုံချည်ကလေးကို သပ်ရပ်စွာ ဝတ်ဆင်ထားသည့် သူနှင့်ရွယ်တူ မိန်းကလေးတစ်ယောက်ကို မြင်တွေ့ရသဖြင့် သူက



www.burmeseclassic.com

www.burmeseclassic.com



လွှန်စွာ အံ့ဩသွားခဲ့သည်။

ထို့ကြောင့် ဘာစကားမှမဆိုနိုင်ပဲ ကောင်မလေးကို စိုက်ကြည့်နေမိသည်။ သည်တော့ ကောင်မလေးက စိတ်မရှည်နိုင်ပဲ ခါးကလေးကိုထောက်ကာ. . .။

"ဟဲ့ ကောင်လေး. . . နင့်ကို ငါမေးနေတယ်. . . နင် ဘယ်သူလဲလို့"

"ဩော်. . . ဩော်. . . ငါ့နာမည် "လှျာစက်"ပါ"

"ဟင်း. . . နာမည်ကြီးကလည်း ထူးထူးဆန်းဆန်း လှျာစက်တဲ့. . . နင်က မြွေဝင်စားတာလား"

"မသိဘူး. . . ငါ့အဖေပေးတဲ့နာမည်ပဲ"

"ဒါနဲ့. . . နင်က ဘာဖြစ်လို့ ငါ့လှေပေါ်ကို ရောက်လာရတာလဲ"

"ဒါက. . . နင့်လှေ ဟုတ်လား"

"ဟုတ်တယ်. . . ဒါက ငါ့လှေ. . . ငါ့အဖေက လှေသူကြီး ဦးဘိုးကွန့်တဲ့"

သူမက မျက်နှာလေးကိုချီထားပြီး မာန်ပါပါပြောလိုက်





သည်။

"ဩော်. . . ဒါဆို နင်က လှေသူကြီးသမီးပေါ့"

"ဟုတ်တယ်. . . နင်ကရော ဘယ်သူ့သားလဲ"

"ငါက. . . ဗေဒင်ဆရာကြီး ဦးစိန္တာရဲ့သားပေါ့"

"ဗေဒင်ဆရာရဲ့သားက ဘာဖြစ်လို့ ငါ့လှေပေါ်ကို ရောက်နေတာတုန်း"

"ငါ့အဖေဆီကိုပြန်ဖို့. . . ဒီလှေနဲ့လိုက်လာတာ"

ထိုမှအစချီကာ လှေသူကြီး ဦးဘိုးကွန့်အား ပြောပြသည့်အတိုင်း ဉာဏ်ဆင်ကာ လုပ်ဇာတ်ပြု၍ အကြောင်းစုံကို ပြောပြလိုက်ပါသည်။

"ဩော်. . . နင်က ဒီလိုကိုး"

"အေး. . . ဟုတ်တယ်"

"ဒါဆိုရင်. . . နင်က ခင်မကာန်ရောက်ရင် ဆင်းသွားတော့မှာပေါ့"

"အေးပေါ့ဟ"

"ဒီလိုဆိုရင်. . . နင်နဲ့ငါ ခင်မကာန် မရောက်ခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဖွဲ့မယ်"

"အေး. . . ကောင်းတယ်"

"ဒါဆိုရင်. . . ငါ အိုးပုတ်ကလေးတွေ သွားယူလိုက်ဦးမယ်"

"ဟာ. . . ဒါက. . . မိန်းကလေးတွေ ကစားတာ. . . ငါက အိုးပုတ်တမ်း မကစားဘူး"

"ဒါဆိုရင်. . . ဘာကစားမှာလဲ"

"ဩဇာစေ့နဲ့ စစ်တိုက်တမ်းကစားမယ်"

"အေး. . . ကစားမယ်. . . ဒါဆို ငါ ဩဇာစေ့ သွားယူလိုက်ဦးမယ်"

ထိုသို့ပြောပြီး ကောင်မလေးက ထွက်သွားခဲ့သည်။ မကြာခင်မှာ ဩဇာစေ့တွေ ထည့်ထားသည့် ဖူကြီးကိုပိုက်ကာ ပြန်လာခဲ့သည်။

ထို့နောက် ဩဇာစေ့တစ်ဝက်ကိုပေးကာ. . .။

"ဒီဩဇာစေ့က ငါက နင့်ကိုချေးတာနော်. . . နင်ရှုံးရင် ပြန်ဆပ်ရမယ်"





"ဒီလောက်တော့ သိပါတယ်ဟ. . . ရှုံးမှတော့ ပြန်ဆပ်ရမှာပေါ့. . . ဒါနဲ့ နင်က ဒီစကားပွဲမှာနိုင်ရင် ဘာကြေးလဲ"

"တစ်ပြားကြေး"

"အေး. . . ဟုတ်ပြီ. . . ငါ တစ်ပွဲနိုင်ရင် နင်က ငါ့ကို တစ်ပြားပေးရမယ်နော်"

"နင်ရှုံးရင်ကော. . . တစ်ပြားလောက်တော့ ပေးနိုင်ပါတယ်ဟာ"

"အေး. . . ဒါဆို ပွဲစမယ်"

သည့်နောက် ဩဇာစေ့များကို တစ်ဖက်စီ တန်းစီလိုက်သည်။ ထိုသို့ တန်းစီနေစဉ်. . .။

"ဟဲ့. . . ကောင်မလေး"

"နင်. . . ငါ့ကို ကောင်မလေးလို့ မခေါ်နဲ့"

"ကောင်မလေးလို့ မခေါ်လို့. . . နင့်ကို ကောင်လေးလို့ ခေါ်ရမှာလား"

"ငါ့နာမည်ရှိတယ်. . . ငါ့နာမည်ကိုခေါ်ပေါ့"

"ဒါဆို. . . နင့်နာမည် ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည်. . .''မသည်းအူ'' ''

"နင့်နာမည်ကလည်း တစ်မျိုးပဲ. . . မသည်းအူ. . . မသည်းအူ. . . ခေါ်လို့တော့ကောင်းသားပဲ''

"ခေါ်လို့ကောင်းမှာပေါ့. . . ငါ့အဖေက အမေမရှိတဲ့ သမီးလေးကို အသည်းထဲအူထဲက ချစ်လွန်းလို့ မသည်းအူလို့ ခေါ်တာလို့ ပြောဖူးတယ်''

"အေး. . . နင့်မျက်နှာလုလုကလေးနဲ့ အဲဒီနာမည်နဲ့ လိုက်တယ်''

"နင်. . . ငါ့ကိုလာပြီး မြှောက်ပြောမနေနဲ့. . . ကဲ. . . စစ်တိုက်တန်းစမယ်''

"အေး''

သူတို့နှစ်ဦး စစ်တိုက်တမ်း စတင်ကစားခဲ့ကြသည်။

"သည်းအူ. . . နင်က အရင်စပြီး တိုက်ပေတော့''

"အေး. . . ငါလာပြီ''

ဟုဆိုကာ ရှေ့တန်းတွင် စီတန်းထားသည့် ဩဇာစေ့ ကလေးဖြင့် လျှာစက်၏ ဩဇာစေ့အတန်းထဲသို့ တောက်လိုက်





သည်။

"ဟုတ်ပြီ. . . ငါးစေ့ထိသွားပြီ''

"ဒါဆို. . . ငါ့အလှည့်နော်. . . ကဲ. . . တောက်ပြီဟေ့''

"ဟာ. . . ဆယ်စေ့တောင် ထိပြီဟေ့''

ဤသို့တောက်ရင်း သုံးပွဲတိတိ လျှာစက်က အနိုင်ရခဲ့သည်။

"ကဲ. . . သည်းအူ. . . ငါ သုံးပွဲနိုင်တယ်နော်''

"သုံးပွဲဆိုရင် ငါက သုံးပြားပေးမှာပေါ့''

"မပေးနဲ့ဦး. . . တို့ ဆက်ကစားကြမယ်''

ထိုသို့ဖြင့် နောက်ထပ် သုံးပွဲထပ်ကာ ကစားခဲ့သည်။ ထိုသုံးပွဲတွင် သည်းအူက အနိုင်ရခဲ့သည်။

"ကဲ. . . လျှာစက်ရေ ငါ သုံးပွဲနိုင်ပြီ. . . ဒီတော့ နင်နဲ့ ငါနဲ့ သရေပဲ''

"အေး. . . ဟုတ်ပါတယ်''

တကယ်တော့ လျှာစက်က သည်းအူထံမှ သုံးပြား မယူ လို၍ လျှော့ကစားကာ အရှုံးပေးခဲ့ခြင်းဖြစ်သည်ကို သည်းအူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မသိခဲ့ချေ။

ထိုစဉ်. . . လှေထိုးသားတစ်ဦး ရောက်ရှိလာပြီး. . .။

“ဟဲ့. . . ကလေးနှစ်ယောက် ထမင်းစားမယ်. . . ပေါင်းမိုးထဲလာခဲ့ကြ”

“ဟုတ်ကဲ့”

လျှာစက်တို့နှစ်ဦးမှာ ပေါင်းမိုးအောက်ဝင်ကာ ထမင်းစားခဲ့ကြသည်။ ဤအညာဆန်လှေကြီးအတွင်းတွင် ဟင်းလျာများ ပြည့်နေသည်။ ကြက်သားနှင့်ဘူးသီး ကာလသားချက်၊ ငပိထောင်း၊ ငပိရေကျို တို့စရာအမျိုးမျိုးနှင့် ငါးရံ့ခြောက်ဖုတ်ဆီဆမ်း. . .။

သည်လိုဟင်းမျိုး မစားရသည်မှာ ကြာခဲ့ပြီ။ ဦးဒေဝတို့နှင့်နေစဉ်က တောထဲတောင်ထဲ၌ နေရသဖြင့် အားလုံး ရေလုံပြုတ်ဟင်းများသာ စားခဲ့ရသည်။ ယခုမူ အမေ့အိမ်ကချက်သည့်ဟင်းနှယ် ဖွယ်ဖွယ်ရာရာ ပြည့်ပြည့်စုံစုံဖြစ်၍ လွန်စွာစား၍ကောင်းလှသဖြင့် ဇလုံနှင့်သုံးကြိမ်မျှ စားခဲ့သည်။

ဤမျှ အသက်ငယ်ငယ်ကလေးနှင့် ဇလုံသုံးခါ စားနိုင်





သဖြင့် သည်းအူက အံ့သြပြီး. . .။

“နင်က ငယ်ငယ်ကလေးနဲ့ ဒီလောက်တောင်စားနိုင်တယ်”

“အေး. . . ဒီလိုဟင်းမျိုး မစားရတာကြာပြီ. . . အခုစားကောင်းလွန်းလို့ သုံးဇလုံတောင် စားလိုက်တယ်”

“ငါ့သူငယ်ချင်း စားပါ. . . ဝအောင်စားပါ”

သည်းအူက စေတနာ ပလပ္ပနှင့် ကျွေးလိုက်သည်။

သည်တွင် လှေထိုးသားတစ်ဦး ရောက်ရှိလာပြီး. . .။

“ဟေ့ကောင်လေး. . . မြန်မြန်စား. . . ပြီးရင် ပုန်းညက်မှုန့်နယ်ရမယ်”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့”

လျှာစက်မှာ ပုန်းညက်မှုန့်ဆိုသည်ကို မမြင်စဖူး။ မည်သည့်နေရာတွင် အသုံးပြုမှန်းလည်း မသိပေ. . .။

“ရော့. . . ဒီမှာပုန်းညက်မှုန့်. . . ဒီမှာ ရေနံဆီ”

“အဲဒါ ဘာလုပ်ရမှာလဲ”

“စေးထန်းသွားအောင် နယ်ရမယ်. . . ဒီမယ်ကြည့် ဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုနယ်ရတယ်''

လေ့ထိုးသားကပြသဖြင့် လျှာစက်က သူလုပ်ပြသည့်နည်းအတိုင်း လိုက်လုပ်ရာ စေးထန်းထန်းပျော့စိစိ အရာကိုရရှိခဲ့သည်။

''အဲဒီ ပုန်းညက်တွေယူပြီး လှေဝမ်းထဲ ယူလာခဲ့''

ပြီးနောက် လှေဝမ်းထဲရှိ ဆက်ကြောင်းများကိုသုတ်ပြပြီး. . .။

''ဒီမှာ. . . ရေစိမ့်တဲ့နေရာတွေ တွေ့လား''

''ဟုတ်ကဲ့ တွေ့ပါတယ်''

''အဲဒီနေရာတွေကို ပုန်းညက်နဲ့ဖာရတယ်''

''ဟုတ်ကဲ့. . . ဟုတ်ကဲ့''

ထိုသို့ဖြင့် အညာဆန်လှေကြီးတွင် တောက်တိုမယ်ရလုပ်ကိုင်ရင်း ထိုလှေဖြင့် ပါလာခဲ့ပါသည်။ အောက်ပြည်သို့ စုန်ဆင်းခဲ့သော်လည်း ရွာတစ်ရွာတွင် ဈေးရောင်းနေရသဖြင့် တစ်ရွာ၌ အနည်းဆုံး ငါးရက်ခန့် ကြာတတ်ပါသည်။

မောင်လျှာစက်သည် အညာဆန်လှေကြီးနှင့် လိုက်ခဲ့ရာ





တစ်လနီးပါး ကြာခဲ့လေပြီ. . .။ သည်းအူကလေးနှင့် ဆော့ကစားသည်မှာ လွန်စွာ ပျော်ရွှင်ခဲ့လေသည်။ မိတဆိုးသမီးကလေးသည်းအူကလည်း ခင်တွယ်စရာ ကစားဖော်ဟူ၍ လျှာစက်တစ်ယောက်သာ ရှိသဖြင့် လျှာစက်တို့ရွာသို့ ရောက်သွားလျှင် အဖော်တင်းမဲ့သွားမည်စိုးသည့်အတွက်. . .။

''လျှာစက်ရယ်. . . နင့်ရွာရောက်လို့ ဆင်းသွားရင် နင့်အမေအဖေနဲ့တွေ့ပြီး ငါ့ကိုမေ့သွားတော့မှာပဲ''

''သည်းအူရယ်. . . နင်က ငါ့အပေါ် ဒီလောက်ကောင်းတာ. . . ဘယ်မေ့ပါ့မလဲဟယ်''

''နင်နဲ့ငါ ကစားရတာပျော်တယ် လျှာစက်ရယ်. . . နင့်ရွာရောက်ပြီးရင် တစ်ရက်နှစ်ရက်လောက်ပဲနေပြီး ငါတို့လှေနဲ့ပြန်လိုက်ခဲ့ရမယ်နော်''

''အေးပါဟာ''

လျှာစက်က သည်းအူ စိတ်ချမ်းသာအောင် ပြောလိုက်သည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

## "ရှေ့ကြုတ်လက်ဆောင်ရှင်"

လျှာစက်တို့ စီးနင်းလိုက်ပါလာသော အညာဆန်လှေကြီးမှာ ခင်မကန်ရွာသို့ရောက်ရန် သုံးရက်ခန့်သာ လိုတော့သည်။

သည်တွင် ထူးဆန်းသော စကားတစ်ခွန်းကို သည်းအူကပြောခဲ့သည်။

"လျှာစက်. . .နောက်သုံးရက်ဆိုရင် နင်တို့ရွာကို ရောက်တော့မယ်နော်. . . ငါတို့ ပြန်တွေ့ကြဖို့ မလွယ်တော့ဘူး. . .ဒီတော့ တို့ ခရေစေ့တောက်တမ်း ကစားမယ်"

"ကစားလေ"





"ဒါပေမယ့်. . .အလောင်းအစားနဲ့ ကစားမယ်"

"အေး. . .ကစားမယ်"

"တစ်ရက်မှာ သုံးပွဲပဲကစားမယ်. . .သုံးရက်ဆိုတော့ ကိုးပွဲပေါ့. . .အဲဒီကိုးပွဲမှာ နိုင်တဲ့လူက ရှုံးတဲ့လူကို မတွေ့တွေ့အောင် လိုက်ရှာရမယ်. . .တွေ့တဲ့အချိန်ကစပြီး ကျွန်ခံကြေး"

"ဟာ. . .သည်းအူရယ်. . .နင့်ရဲ့လောင်းကြေးက သိပ်ကြီးတာပဲ. . .မဖြစ်ဘူး. . .ငါ မကစားနိုင်ဘူး. . .နင်ရှုံးသွားရင်လည်း ကျေးရွာရှင်တစ်ယောက်ရဲ့သမီးမို့ ကျွန်မပြုရက်ဘူး၊ ငါကလည်း ငါ့ကိုယ်ငါ ဘာလုပ်ရမှန်းမသိတဲ့အကောင်ဆိုတော့ ငါတို့ ဘယ်တော့ပြန်ဆုံမလဲ. . .ငါက နင့်ဆီမှာ ကျွန်ပြုဖို့ နင့်ကို ဘယ်လိုလိုက်ရှာရမလဲ"

"ဘာပဲဖြစ်ဖြစ်. . .ဒီစကားဟာ ကျွန်ပြုဖို့ထက် တို့တစ်နေ့ ပြန်တွေ့အောင် လောင်းကြေးအနေနဲ့ပြောခဲ့တာပါ"

"နင်. . .ဘာဖြစ်လို့ ဒီလောင်းကြေးကို ရွေးရတာလဲ"

"ငါဟာ နင့်ကို အမြဲတမ်း သူငယ်ချင်း ဖြစ်ချင်တယ်။ နင်နဲ့ အတူတူနေရတဲ့အချိန်တွေမှာ နင်က ငါ့ကို စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ထားခဲ့တယ်. . . နင် ရှာကိုပြန်မယ်ဆိုတော့ ငါတို့ခွဲကြရမှာပေါ့. . . နင့်ကို ငါမခွဲချင်ဘူး. . . ဒါကြောင့် နင်နဲ့ပြန်တွေ့ဖို့ ဒီလောင်းကြေးကို ရွေးတာပါ''

''ဒါဆို. . . ကျွန်ုပြုကြေး မလောင်းပါနဲ့. . . ရှုံးတဲ့သူက နိုင်တဲ့သူကို လိုက်ရှာကြေး လောင်းရအောင်''

''အေး. . . ကောင်းတယ်''

ထိုသို့ဖြင့် ယနေ့တွင် ခရေစေ့တောက်တမ်း သုံးပွဲကစားခဲ့ရာ သုံးပွဲစလုံး သည်းအူက နိုင်ခဲ့သည်။

''လျှာစက်. . . မနက်ဖြန် ဆက်ကစားမယ်နော်''

''အေး. . . မနက်ဖြန်ကျမှ ငါ အနိုင်ကစားပြမယ်''

သည်နေ့အဖို့ သည်မျှနှင့် ကျေနပ်ခဲ့ကြသည်။

နောက်တစ်နေ့တွင် စတင်ကစားကြသည်။

သုံးပွဲကစားရာတွင် သုံးပွဲစလုံး လျှာစက်က အနိုင်ရသည်။

''ကဲ. . . သည်းအူ. . . နင့်ရဲ့မနေ့က အနိုင်ပွဲကို ငါ အားလုံးချေပပြီနော်''





''အေးပါ. . . မနက်ဖြန်မှာ သုံးပွဲကျန်သေးတယ်. . . ဆက်ပြီးယှဉ်ပြိုင်ကြတာပေါ့''

''အေးပါဟာ''

ဤသို့ဖြင့် ဒုတိယနေ့မှာ ကုန်ဆုံးသွားခဲ့သည်။ ဤနေ့တွင် အနိုင်အရှုံးမရှိ သာရေပွဲသာဖြစ်နေပါသည်။

သည်နေ့. . . သူတို့နှစ်ဦး၏လောင်းကြေးကို အဆုံးအဖြတ်ပေးမည့်နေ့ပင် ဖြစ်ပါသည်။ ထို့အတူပင် သည်နေ့သည် သူတို့နှစ်ဦး တွေ့ဆုံခြင်း၏ နောက်ဆုံးနေ့လည်း ဖြစ်သောကြောင့်။

သူတို့နှစ်ဦး၏ နောက်ဆုံးနေ့. . .။

''ကဲ. . . ပြိုင်ပွဲရမယ်''

''ကျွန်မက အရင်တောက်မယ်''

''တောက်ပါ''

''ကဲ. . . စပြီ''

သည်ပွဲကလေးကို စတင်ကစားခဲ့သည်။

သည်းအူက လက်မှန်နေ၍လားမသိ. . . [illegible]

သည်းအူ နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား လှျာစက်. . . ဒီပွဲမှာ ငါနိုင်တယ်"

"နင် အပြောမကြီးနဲ့ဦး. . . နောက်နှစ်ပွဲ ကစားဖို့ကျန်သေးတယ်"

"ကဲ. . . ဒါဆိုရင် နောက်တစ်ပွဲ ဆက်ကြစို့"

"ကဲ. . . စပြီ"

ဤသို့ဖြင့် ဒုတိယပွဲကို ဆက်၍ကစားကြသည်။

သည့်တစ်ခါတော့ လှျာစက်က လက်အတော်တည့်နေသည်။ အလှည့်တိုင်း ထိကာ လှျာစက်က အနိုင်ရသွားခဲ့သည်။

"ကဲ. . . သည်းအူရေ. . . ဒီပွဲမှာ ငါနိုင်ပြီ. . . နောက်တစ်ပွဲမှာ ဆက်နိုင်ရင် နင် ငါ့ကို လိုက်ရှာရမယ်နော်"

"နင် အပြောကြီးမနေနဲ့. . . နောက်တစ်ပွဲက ငါနိုင်မှာ။ ဒီတော့ နင်က ငါ့ဆီလာရှာပြီး ကျွန်ပြုရမှာ"

"ဟေး. . . ကျွန်မပြုကြေး. . . ရှာရုံပဲရှာမှာ"

"အေးပါ. . . ဘာပဲဖြစ်ဖြစ် တို့နှစ်ယောက် ပြန်တွေ့ရင်ရပြီ"

"ကဲ. . . ဒါဆို. . . နောက်ဆုံးပွဲကလေး စ,လိုက်ကြစို့"





ပြောပြောဆိုဆို နောက်ဆုံးပွဲကလေး စတင်ကစားခဲ့ပါသည်။ ကစားပွဲတစ်ဝက်ခန့်အထိ လှျာစက်က နိုင်နေသဖြင့် သည်းအူ၏ မျက်နှာကလေး ညှိုးနွမ်းနေသည်။ သည့်တွင် လှျာစက်၏စိတ်၌. . .။

"သြော်. . . ငါကယောကျ်ားလေးပဲ. . . ရှာခြင်းရှာရင် ငါကပဲ သူ့ကိုရှာတာ သဘာဝကျပါတယ်. . . ဒီတော့ ငါအရှုံးပေးလိုက်တော့မယ်"

ဤသို့တွေးကာ ကစားခြင်းကို လျော့၍ သူမကို အနိုင်ပေးလိုက်သည်။

"တွေ့လား. . . တွေ့လား. . . ငါနိုင်ပြီ"

"အေးပါ. . . နင်က သိပ်တော်တာဆိုတော့ နိုင်မှာပေါ့"

လက်ခုပ်လက်ဝါးတီးကာ သည်းအူတစ်ယောက် နောက်ဆုံးပွဲတွင် အနိုင်ရသည့်အတွက် ပျော်ရွှင်မြူးတူးနေပါတော့သည်။

"ကဲ. . . ကတိအတိုင်းပဲ. . . အသက်ကြီးလာတဲ့တနေ့မှာ နင် ငါ့ကိုလိုက်ရှာရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



''အေးပါဟ''

''တကယ်နော်''

''တကယ်လို့ လောင်းကြေးနိုင်ခဲ့ရင်တောင် နင့်ကို ငါ လာရှာမှာပါ''

''အေးပါ. . . နင့်ကို ဒီလှေကြီးထဲကပဲ စောင့်နေမယ်''

ငယ်သူငယ်ချင်းဆိုသည့် သံယောဇဉ် အမျှင်တန်းကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ခဲ့ကြသည်။ ခင်မင်သောစိတ်ဖြင့် အတူ နေချင်ကြသော်လည်း တာဝန်ကိုယ်စီ ရှိခဲ့သည်မို့ ခွဲခွာရပေမည်။

သို့သော်လည်း နောင်တစ်နေ့တွင် ပြန်လည်ဆုံစည်းကြဖို့ သည်ကတိကလေး ထားခဲ့သည်။ သည်ကတိသည်ပင် နောင်တစ်ချိန်အတွက် တွေ့ရန် အခွင့်အရေးတစ်ခု ဖြစ်ပေသည်။

ထိုသို့ဖြင့် အညာဆန်လှေကြီးမှာ ခင်မကန်ရွာသို့ ဆိုက်ကပ်လာခဲ့သည်။ လျှာစက်သည် လှေသူကြီးအား ရှိခိုးဦးချပြီး. . .

''ဦးကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်. . . နောင်တစ်ချိန်မှာ ဦးရဲ့ကျေးဇူးကို ကျွန်တော် ဆပ်ပါမယ်ခင်ဗျာ''





''မလိုပါဘူးကွယ်''

သည်တွင် သည်းအူက မျက်ရည်လည်ရွဲနှင့် အနီးသို့ ရောက်လာပြီး. . .။

''လျှာစက်. . . ဒါဟာ ငါ့ရဲ့ရွှေလက်စွပ်ကလေး နင့်ကို ပေးလိုက်မယ်''

''ငါမယူချင်ဘူး''

''ယူပါဟာ. . . ဒါဟာ ငါ့ရဲ့လက်ဆောင်ပါ''

''ယူလိုက်ပါ မင်းလျှာစက်ရယ်. . . သမီးက မင်းကို အတော်ခင်ရှာတာ''

လှေသူကြီးကိုယ်တိုင်က ပြောနေသဖြင့် လျှာစက်မှာ မငြင်းသာပဲ လှမ်းယူလိုက်သည်။ ထို့နောက် သူ၏စိတ်တွင်. . .။

''ငါလည်း သည်းအူကို အမှတ်တရပစ္စည်း ပေးဦးမှ. . . ဘာဖြစ်လို့လည်းဆိုတော့ ဒါမှ ငါလိုက်ရှာတဲ့အခါ အလွယ်တကူ တွေ့မှာ''

ဤသို့စဉ်းစားပြီးနောက် သူ့ဖခင်ကြီးက အမြတ်တနိုး ဆွဲပေးထားသည့် ရွှေကြုတ်ကလေးကို ဖြုတ်ယူကာ. . .။



www.burmeseclassic.com

www.burmeseclassic.com



"သည်းအူ. . . ဒီကြုတ်ကလေးကို လည်ပင်းမှာဆွဲထား ပါ. . . ငါ တစ်နေ့ နှင့်ဆီကိုလာခဲ့မယ်"

"အေးပါ. . . နှင် ကောင်းကောင်းသွားနော်"

"အေး. . . အေး"

ပြောပြောဆိုဆို လျှာစက်က အိတ်ကလေးလွယ်ကာ ကမ်းစပ်သို့ ဆင်းသွားခဲ့သည်။ လျှာစက် ကမ်းစပ်သို့ရောက် သည်တစ်ပြိုင်နက် အညာဆန်လှေကြီးမှာ စတင်ထွက်ခွာခဲ့လေ ပြီ. . .။

"လျှာစက်. . . ငါ နှင့်ကိုစောင့်နေမယ်"

"အေး. . . နှင်နဲ့ငါ အတူတူကစားဖို့ ငါလာခဲ့မယ်နော်"

"အေး. . . အေး"

လှေကြီးမှာ ကမ်းစပ်မှ တရွေ့ရွေ့ ထွက်ခွာသွားခဲ့ပြီ။ လှေပေါ်မှ လက်ပြသွားသည့် သည်းအူ၏ပုံရိပ်ကလေး ပျောက် ကွယ်သွားသည်အထိ ကမ်းစပ်မှာ လျှာစက်က စောင့်ကြည့်နေ ခဲ့သည်။

"အဖေတို့နဲ့ တွေ့ပြီးရင်. . . နှင့်ဆီကို ငါပြန်လာခဲ့မယ်





သည်းအူရယ်"

ဘာ့ကြောင့်မှန်းမသိ. . .။

ငယ်ဘဝသံယောဇဉ်နှောင်ကြိုးတစ်ပင် ရစ်ပတ်ခဲ့လေ ပြီ. . .။

တစ်လတာမျှ အတူတူနေခဲ့ရသည့် အေးချမ်းလွတ်လပ် သည့် ငယ်ဘဝမျိုး တစ်ခါမျှ မရရှိခဲ့ပေ. . .။ အခုတော့ အဖေ နှင့် အမေဆီသို့ သွားမည်။ လူဆိုးစခန်းတွင် ဒုက္ခရောက်ခဲ့ပုံများ ကို အမေ့ရင်ခွင်ကို ခေါင်းဖြင့်ဝှေ့၍ ပြောမည်။

ဤသို့သောအတွေးဖြင့် ခင်မကန့်ရွာကြီးထဲသို့ ဝင်လာခဲ့ သည်။

ယခင်က ကြီးကျယ်စည်ကားသောရွာကြီး ဘယ်ရောက် သွားပြီနည်း။ ကမ်းစပ်တွင် တစ်မျှော်တစ်ခေါ်မှ တစ်တဲဟုဆိုရ အောင် တဲငါတဲကလေး လေးငါးလုံးခန့်ကို ဟိုးခပ်လှမ်းလှမ်းတွင် တစ်လုံး. . .။ ကျဲတောက်တောက် တစ်နေရာတွင် တစ်လုံး. . .။ ငါးလုံးခန့်မှာ အဝေးတစ်နေရာစီ. . .။ လျှာစက်မှာ အနီးဆုံး တဲတစ်လုံးကို ဝင်ပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မကန်ရွာကလူတွေ ဘယ်ရောက်ကုန်ပြီလဲ"

"မင်းမသိဘူးလား...လွန်ခဲ့တဲ့ တစ်နှစ်လောက်က မိုးသက်မုန်တိုင်းတိုက်တုန်းမှာ ရေတွေပါကြီးလာပြီး အိမ်တွေ တိုက်စားသွားလို့ သေတဲ့လူသေ...ပျောက်တဲ့လူပျောက် ဖြစ်ခဲ့တယ်...ဒါ့ကြောင့် အဲဒီလူတွေက ဒီနားမှာ ရွာမတည်တော့ပဲ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့သွားကြတယ်"

"ဟာ...ဒုက္ခပါပဲ...ဒါနဲ့ ဦးလေးတို့ကရော...ဒီရွာသားတွေပဲလား"

"မဟုတ်ဘူးကွဲ့...ငါတို့က ငါးများတဲ့နေရာတွေမှာ တဲထိုးပြီး ငါးရှာတဲ့ တံငါတွေပဲ...ငါတို့မှာ အိုးအိမ်အတည် တကျ မရှိဘူး"

"ဒါဆိုရင်...ဒီရွာက ဗေဒင်ဆရာကြီး ဦးစိန္တာဆိုတာကိုရော သိပါသလား"

"ငါတို့က အခုမှပြောင်းလာတာဆိုတော့ ဘယ်သူမှ မသိဘူး"

"အဲဒါမှ ဒုက္ခပါပဲ"





"ဘာဖြစ်လို့လဲ ကလေးရယ်"

တံငါတဲမှ တံငါသည်၏ဇနီးသည်က ကြင်နာစွာ လှမ်းမေးလိုက်သည်။

"ကျွန်တော်က ဒီရွာကနေပြီး လူဆိုးတွေဖမ်းသွားလို့ အဖေ အမေတို့နဲ့ ကွဲသွားတာ...အခုမှ လူဆိုးလက်က ထွက်ပြေးလာတာ...ဒီမှာ အဖေတို့အမေတို့ မရှိဘူးဆိုတော့ ကျွန်တော် ဘယ်သူနဲ့နေရမှန်းတောင် မသိပါဘူး ခင်ဗျာ"

လှျာစက်က ဝမ်းနည်းပက်လက် ပြောသည့်အတွက် တံငါသည်၏ဇနီးက စိတ်မကောင်းဖြစ်သွားကာ...။

"ဒုက္ခရောက်နေတဲ့ ကလေးတစ်ယောက်ကို ကယ်ကောင်းပါတယ် ယောက်ျားရယ်...ဒီကလေးကို ကျွန်မတို့ ခေါ်ထားလိုက်မယ်နော်"

"အင်းလေ...မင်းသဘောပဲ"

"ဒါဆို...သားလေး အဒေါ်တို့နဲ့အတူနေ...ဝိုင်းလုပ်ဝိုင်းစားပေါ့"

"ဟုတ်ကဲ့ အဒေါ်...ကျေးဇူးတင်ပါတယ်...ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကိုနိုင်းပါ. . . မသိတာတွေလည်း သွန်သင်ဆုံးမပါ''

''အေး. . . အေး. . . မင်းကြည့်ရတာ ထမင်းမစားရ သေးဘူးနဲ့တူတယ်''

''ဟုတ်ကဲ့ခင်ဗျ''

''ကဲ. . . ဒါဆို. . . ငါးပိရည်နဲ့စားနော်''

သူတို့အဝတွင် ငါးပိရည်က အကောင်းဆုံးဟင်း ဖြစ် ပေမည်။ ဗိုက်ဆာနေ၍လားမသိ. . . ဤသို့ ငါးပိရည်နှင့် စားရ သည်ကိုပင် နတ်သုဒ္ဓါအလား ထင်မိခဲ့သည်။

သည်ညအဖို့ တံငါတဲသည် လျှာစက်၏ ဘုမ္မိကမ္မ လျှာ မြေမှို့ယာ ဖြစ်ခဲ့သည်။

အာရုံကျင်းသည်နှင့် တံငါသည်၏နိုးက. . .။

''ဟဲ့. . . ကောင်လေး. . . ထ. . . ထ'' ဤသို့ နှိုးလိုက် သည်။

''ဟုတ်ကဲ့ခင်ဗျ''

လျှာစက်လည်း လူးလဲထကာ. . .။

''အဒေါ်. . . ကျွန်တော် နိုးပြီ''





''အေး. . . ဟိုမှာ ဆားခွက်. . . ဆားနဲ့သွားတိုက် မျက် နှာသစ်ပြီး နင့်ဦးလေး ကိုသာမှုံနောက်ကို လိုက်သွား''

''ဟုတ်ကဲ့ အဒေါ်''

လျှာစက်လည်း ကိုသာမှုံ၏နောက်မှ ငါးဖမ်းပိုက်နှင့် ထိုင်းကိုလွယ်လျှက် လိုက်ပါသွားခဲ့သည်။ ကိုသာမှုန်မှာ ဝေလီ ဝေလင်းတွင် တံငါလှေကလေးကို စတင်လှော်ခတ်ခဲ့သည်။ ထို အခါတွင် တစ်နေရာသို့အရောက်တွင် ကိုသာမှုံက ပိုက်ချမည်ပြု စဉ်. . .။

လျှာစက်၏နှုတ်မှ ရုတ်တရက်. . .။

''ဦးလေး. . . ဒီနေရာမှာ ပိုက်မချပါနဲ့''

ဤသို့ လှမ်းပြောလိုက်မိသည်။

''ငါက ဒီနေရာမှာပိုက်မချလို့ ဘယ်နေရာမှာချရမှာလဲ''

''ဒီနားမှာ ငါးသိပ်မရှိဘူး. . . ဟိုဘက်က ကျောက် ဆောင်နားမှာ ပိုက်ဆွဲပါ''

''မင်းက ဘယ်လောက်သိလို့လဲ''

''ဒါတော့မသိဘူး. . . ဦးလေး မယုံရင် အဲဒီနားမှာ ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ချကြည့်လိုက်ပေါ့"

"အေး. . . ငါလည်း အဲဒီနေရာမှာ တစ်ခါမှ ပိုက်မချ ဖူးဘူး. . . မင်းပြောသလို အဲဒီနေရာမှာ ချကြည့်ဦးမှပဲ"

ထိုသို့ပြောဆိုကာ လျှာစက် ပြသည့်နေရာ၌ ပိုက်ချလိုက် သည်။ အချိန်တန်၍ ပိုက်ဖော်လိုက်သောအခါ. . .။

"ဟာ. . . ငါးတွေအများကြီးပါလား"

ကိုသာမှုံပင် အံ့သြသွားခဲ့သည်။ ဤမျှလောက် ငါးများ များမှာ တစ်ခါမျှ မရဖူးခဲ့ချေ။

"မင်းကတော့. . . လူထူးလူဆန်းပဲ"

"အဲဒီလောက်လည်း မဟုတ်ပါဘူး. . . ကျွန်တော်ထင် တာပြောလိုက်ရင်း တိုက်ဆိုက်သွားတာပါ"

"အိမ်း. . . နောက်တစ်ခါပိုက်ချရင် မင်းလိုက်ခဲ့ရမယ် နော်"

"ဟုတ်ကဲ့"

လျှာစက်မှာ နေ့စဉ်နေ့တိုင်း ပိုက်ချရာသို့ လိုက်ခဲ့ရ သည်။ ကိုသာမှုံတို့ ဖနီးမောင်နှံမှာ လျှာစက်ရောက်မှ ငါးများ





များရသဖြင့် လျှာစက်ကလေးအပေါ်တွင် များစွာ ကျေနပ်နေကြ သည်။ လျှာစက်ကလေးမှာ သည်းအူကို သတိရသည်ကတစ်မျိုး၊ ဒီဘနုစ်ပါးအား မတွေ့ရသည်ကတစ်ဖုံတို့ကြောင့် နေ့စဉ်နေ့တိုင်း မပျော်ရွှင်နိုင်အောင် ဖြစ်နေပါတော့သည်။

"အင်း. . . ငါတော့ ဒီမှာကြာကြာနေလို့မဖြစ်တော့ဘူး။ အဖေတို့ ဘယ်ပြောင်းသွားသလဲဆိုတာ လိုက်ရှာမှဖြစ်မယ်"

ဤသို့အတွေးနှင့်အတူ နောက်တစ်နေ့နံနက်တွင် ထိုရွာ ကြီးမှ ထွက်ခွာလာခဲ့သည်။

➢ ➢ ➢



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

## "ဗေဒင်တစ်ဖက်ကမ်း မှန်ကန်း"

မြစ်ရိုးတစ်လျှောက်တွင် အိမ်ခြေဟူ၍ မတွေ့ရပေ။ သစ်တို ဝါးစများနှင့် ပျက်စီးနေသည့် တဲပျက်တစ်ချို့ကိုသာ တွေ့ရသဖြင့် လှျာစက်မှာ လွန်စွာ စိတ်ပျက်သွားခဲ့သည်။

"အင်း. . . ရွာသူရွာသားတွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး. . . ငါ ဘယ်ကိုလိုက်ရှာရမလဲ"

ထိုတဲပျက်နား၌ ထိုင်ရင်း တွေးနေမိသည်။ သူထိုင်ရာ နေရာမှ ကြည့်လိုက်သောအခါ အလွန်ဝေးကွာသောအရပ်၌ ညို့ညို့မှိုင်းမှိုင်းနှင့် တောအုပ်ကြီးတစ်ခုကို မြင်တွေ့ခဲ့သည်။

"အင်း. . . ဒီတောအုပ်ကြီးထဲက ဖြတ်သွားရင် ဟိုဘက်





မှာ ရွာကြီးတွေတော့ ရှိကောင်းပါရဲ့. . . အဲဒီဘက်များ အဖေတို့ပြောင်းသွားသလား မသိဘူး. . . မြစ်ရိုးတစ်လျှောက်မှာတော့ အိမ်ခြေတစ်လုံးမှ မရှိဘူး"

ထိုသို့တွေးမိကာ တောအုပ်ကြီးဆီသို့ ခရီးဆက်ခဲ့သည်။ အမြင်နီး ခရီးဝေး သည့်တောင်ဆိုသကဲ့သို့ ထိုနေရာမှ တောအုပ်ကြီးရှိရာသို့ နာရီပေါင်းများစွာကြာအောင် လမ်းလျှောက်ခဲ့ရသည်။

တောအုပ်ကြီး၏အစပ်သို့အရောက်တွင် နေမွန်းတည့်နေချေပြီ. . .။ မနက်ကတည်းက ဘာမှမစားရသေးသဖြင့် ဝမ်းထဲက တကြုတ်ကြုတ်မြည်အောင် ဗိုက်ဆာနေသည်။ ထို့ကြောင့် တောအုပ်အတွင်းရှိ အရိပ်ကောင်းသည့် သစ်ပင်ရင်းတွင် ဝင်ရောက်ထိုင်ကာ အမောအပန်း ဖြေခဲ့သည်။

"ဗိုက်ဆာလိုက်တာအရမ်းပဲ. . . မောလည်းမောတယ်၊ ခရီးကို ဘယ်လိုရှေ့ဆက်ပြီး သွားရမလဲ"

စိတ်ထိုတိုနှင့် အသံထွက်ပြီး ပြောလိုက်မိသည်။

ထိုစဉ်. . .။

"ဟဲ့. . . လူပျင်း. . . ဗိုက်ဆာတာကို ထိုင်ပြီး ညည်းသည်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ရမလား...အစားစားချင်ရင် ထွက်ရှာပေါ့''ဟူသည့် ခင်မာမာပြောလိုက်သော စကားသံကို ကြားလိုက်ရသည်။

ထိုအခါ လျှာစက်မှာ တစ်ကိုယ်တည်း ညည်းနေရာမှ မည်သူကဝင်၍ အမိန့်ပေးနေသည်ကို မသိသဖြင့် စိတ်ဆိုးသွား ကာ...။

''ငါ့ဟာငါ ညည်းညူနေတာကို ဘယ်သူက ပျောင်းလို့ ခေါ်တာလဲဟေ့...ထွက်ခဲ့ တစ်ယောက်ချင်းချမယ်''

ဤသို့ စိန်ခေါ်လိုက်ရာ...။

သစ်ပင်အကွယ်မှ တောင်ဝှေးတစ်ချောင်း ထွက်လာပြီး ဒင်း၏လည်မျိုကို ထောက်ထားကာ...။

''လူကလည်းပျင်းသေး နှုတ်ကလည်းဆိုးသေး...ဘယ် လို အောက်တန်းကျတဲ့မိဘက ပေါက်ဖွားလာသလဲ မသိဘူး''

''တောက်...ကျွန်တော့်မိဘကို မစော်ကားနဲ့...ခင် ဗျား ဘယ်သူလဲ...သတ္တိရှိရင် ပုန်းရာကထွက်ခဲ့''

''ကဲ...ငါလာပြီကွာ''

ပြောပြောဆိုဆို သစ်ပင်၏ဘေးဘက်မှ ထွက်လာရာ

မ်းကြည့်လိုက်သောအခါ...။

''ဟာ...ရသေ့ကြီးတစ်ပါးပါလား''ဟူ၍ စိတ်မှရေရွတ် လိုက်သည်။

''အရှင်ဘုရား...တပည့်တော် မသိလို့ ပြောမှားဆို ပြောမိတာပါ ဘုရား''

''အိမ်း...မသိတိုင်း စော်ကားလို့ရမလား''

''ခွင့်လွှတ်တော်မူပါ ဘုရား''

''ဒကာ...တော်တော်ဗိုက်ဆာနေပြီလား''

''မှန်ပါ့ဘုရား''

''ဒါဆို...ငါ့ရဲ့သပိတ်ထဲမှာ ဘလဘိုင်ဆွမ်း ရှိတယ်၊ တာကို ကျုပ်စွန့်တယ်...စားပေတော့''

''ကျေးဇူးတင်ပါတယ် ဘုရား''

ထိုသို့ပြောဆိုကာ ရသေ့ကြီး ကမ်းလင့်ပေးသည့် သပိတ် ဆွမ်းယူကာ ငှက်ပျောသီးနှင့် ဘလဘိုင်နယ်ထားသော ဆွမ်း များကို စားလိုက်သည်။

''ဒကာ စားပြီးရင်...ဟိုရှေ့နားက စမ်းချောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သပိတ်ကိုဆေးပါ''

''တင်ပါ့ဘုရား''

လှျာစက်လည်း စားသောက်ပြီးနောက် သပိတ်ကို ဆေး ကြောကာ ရသေ့ကြီးအား ပြန်ပေးလိုက်သည်။

ဤတွင် ရသေ့ကြီးက. . .။

''ကဲ. . . ကျုပ်. . . ပြန်ကြွတော့မယ်''

ထိုသို့ပြောဆိုပြီး သပိတ်ကိုလွယ်ကာ တောင်ဝှေး လှမ်းယူလိုက်သည်။ သည့်တွင် လှျာစက်က. . .။

''အရှင်ဘုရား. . . ဘယ်မှာသီတင်းသုံးပါသလဲ ဘုရား''

''နေရာအတိအကျရှိပါ. . . အခုလောလောဆယ် တောကြီးအတွင်း၌ သီတင်းသုံးနေတယ်''

''ဒီတောကြီးရဲ့တစ်ဖက်မှာ ရွာကြီးတွေရှိပါသလား''

''ရှိတယ်''

''ဒါဆိုရင်. . . အရှင်ဘုရားနဲ့အတူ လိုက်ခဲ့ပါရစေ ဘုရား''

''ဒကာက ကိုယ့်ခြေထောက်နဲ့ကိုယ်လိုက်တာပဲ. . . လိုက် လို့ရပါတယ်''





''တင်ပါ့ဘုရား. . . ကျေးဇူးတင်ပါတယ် ဘုရား. . . တပည့် တော်ကို သပိတ်ပေးတောမူပါ ဘုရား''

''အိမ်း. . . ဒကာဟာ အခုအချိန်ကစပြီး ကျုပ်ရဲ့တပည့် ဖြစ်သွားပြီ''

ဤသို့မိန့်ဆိုပြီး သပိတ်ကိုလှမ်းပေးလိုက်ရာ လှျာစက် က သပိတ်ကိုလွယ်ပြီး ရသေ့ကြီးအနောက်မှ လိုက်လာခဲ့သည်။

တစ်ချက်တီး အချိန်ခန့်မှ စတင်ထွက်ခွာခဲ့ရာ ထိုတော အုပ်ကြီးအတွင်း၌ တောင်ကုန်းကြီးများကို ဖြတ်ကျော်ခဲ့ရသည်။ တစ်ချို့၌ သစ်ပင်ကြီးများအလယ်တွင် ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေသဖြင့် လမ်းရှင်းပြီးသွားရသည်။ တစ်ချို့တောင် ပို့ကြီးများမှာ လူသွားလမ်းကို ပိတ်ပင်တားဆီးနေသဖြင့် ကွေ့ပတ် သွားရသည်။ ဤသို့ဖြင့် တောကြမ်းခရီးကို ခက်ခက်ခဲခဲ ဖြတ် ကျော်ပြီးနောက် ရသေ့ကြီး၏ ကျောင်းသခ်မ်းသို့ ရောက်လာခဲ့သည်။

''ဟောဟိုမှာ တွေ့ရတာ ကျုပ်ရဲ့ကျောင်းသခ်မ်းပဲ''

အင်ဖက်အမိုးများ ကျိုးတိုကျဲတဲနှင့် ပေါက်ပြဲနေသည့် တဲကလေးကို လှမ်းတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရဲ့ကျောင်းသင်္ခမ်းက အမိုးတွေ ပေါက်ပြဲနေပါလား"

"အမြင်အတိုင်းပဲ"

"တပည့်တော် အမိုးမိုးပေးပါရစေ ဘုရား"

"ဒကာရဲ့ဆန္ဒအတိုင်းပဲ"

လှျာစက်မှာ လူဆိုးစခန်း၌ နေထိုင်ခဲ့ဖူး၍ အင်ဖက်ကို ကိုယ်တိုင်မိုးလာသူဖြစ်သဖြင့် ဤကျောင်းသင်္ခမ်းလေးအတွက် အမိုးမိုးရန်မှာ လွယ်ကူသည့်ကိစ္စတစ်ရပ်ပင်...။

ထို့ကြောင့် အင်ဖက်ခြောက်များကို ကောက်ယူကာ ဝါး ညှပ်ပြီး မိုးပေးလိုက်သည်။

ဤတွင် ရှင်ရသေ့ကြီးက...။

"မင်းကို လူပျင်းလို့ထင်မိတာ မှားသွားပြီ"

လှျာစက် လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ကျေနပ်သွားခဲ့သည်။

နောက်တစ်နေ့နံနက်တွင်...။

"ဒကာ... ကျုပ် ဟိုဘက်ရွာမှာသွားပြီး ဆွမ်းခံလိုက်ဦးမယ်"

"တပည့်တော်... ကျောင်းသားအဖြစ်နဲ့ လိုက်ပါရစေ





ဘုရား"

"ဒကာ့ရဲ့သဘောအတိုင်းပဲ"

ထိုသို့ဖြင့် လှျာစက်မှာ ရသေ့ကြီး၏တပည့်အဖြစ်နှင့် သပိတ်လွယ်ကာ လိုက်ခဲ့သည်။ ထိုရွာကြီးသို့ရောက်သောအခါ

"ခင်မကာန်ရွာကလူတွေ ဘယ်ပြောင်းသွားသလဲဆိုတာ သိပါသလား ခင်ဗျာ"

"ကျုပ်တို့လည်းမသိဘူး"

တစ်အိမ်ဝင် တစ်အိမ်ထွက် မေးသော်လည်း ခင်မကာန် ရွာသူရွာသားများ မည်သည့်နေရာသို့ ပြောင်းရွှေ့သွားမှန်း မသိ ကြချေ။

ထိုသို့ဖြင့် ရသေ့ကြီးနှင့်အတူ ဆွမ်းခံရင်း နေထိုင်ခဲ့သည် မှာ တစ်ပတ်ခန့်ကြာခဲ့ပြီ။ လှျာစက်မှာ မိဘများနှင့် မတွေ့ရ၍ ငေးငိုင်နေစဉ် ရသေ့ကြီး ရောက်လာပြီး...။

"ဒကာ့ရဲ့မိဘဆီကို သွားချင်နေသလား"

"တင်ပါ့ဘုရား"

"ဒါဆိုရင်... ဒကာရဲ့မိဘနှစ်ပါးဟာ ဘယ်ရွာရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဒကာနဲ့ ဘယ်သောအခါ ပြန်ဆုံရမယ်ဆိုတာ ဒကာ သိချင်သလား''

''သိချင်ပါတယ် ဘုရား''

''သိချင်ရင် ဗေဒင်ပညာသင်ပါ''

''ဘယ်မှာ သင်ယူရပါမလဲ''

''ဒကာ အဝေးသွားရန်မလိုပါ. . . ကျုပ်သင်ပေးမယ်''

''သင်ပေးတော်မူပါ ဘုရား''

''ဒါဆိုရင်. . . ကျုပ်တို့၌ စည်းကမ်းတစ်ခုရှိသည်။ ၎င်း စည်းကမ်းကား ဗေဒင်သင်ချင်သူက တောင်းခံမှသာ သင်ပေးရမည်ဖြစ်သည်။

''သို့ဆိုလျှင်. . . ဗေဒင်ပညာကို သင်ပေးပါရန် တောင်းခံပါတယ် အရှင်ဘုရား''

''ကောင်းလှပြီ''

ထိုသို့ဆိုကာ ၎င်း၏အိပ်ခန်းထဲမှ အလွန်ဟောင်းအိုလှသည့် ကျောက်သင်ပုန်းနှင့် ကံကူဆန်ကိုယူကာ အခြေခံလက်ရိုးကျမ်းကို သင်ကြားပေးခဲ့ပါသည်။ ထို့နောက် လျှာစက်၏





လက္ခဏာကို စစ်ဆေးကြည့်လိုက် သည်။

''အလို. . . ဒကာလေးရဲ့လက္ခဏာဟာ အများနဲ့မတူ ထူတစ်သိန်းမှာ တစ်ယောက်ဆိုသလို ထူးခြားလှတဲ့ လက္ခဏာပါလား''

''ဟောပါ ဘုရား''

''အကောင်းတွေ အဆိုးတွေနဲ့ ဒွန်တွဲနေပါလား. . . ဒကာရဲ့လက္ခဏာဟာ ဗေဒင်ပညာမှာ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်မယ့် ပညာရှိရဲ့လက္ခဏာနဲ့ တစ်ထပ်တည်းကျနေပါလား ဘုရား. . . ဘုရား''

''ဘာ့ကြောင့် ဘုရားတ,တာလဲ အရှင်''

''အိမ်း. . . ဒကာရဲ့လက္ခဏာဟာ အစွန်းနှစ်ဖက်ကို ရောက်တယ်. . . ကောင်းရင်လည်း သူများထက် ထူးခြားစွာ ကောင်းပြီး. . . ထင်ပေါ်ကျော်ကြားမယ်ဆိုရင်လည်း အဆိုးဆုံးကိုရောက်မယ့်သူပဲ. . . ဒီတော့ ဒကာရဲ့ခြေခဏာကို ကြည့်ပြီး ဟောမယ်''

''အရှင်. . . ခြေခဏာကိုကြည့်ပြီးဟောတဲ့ပညာ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သလား''

''ရှိပြီကောကွယ်. . . ဗေဒင်မှာ အကျော်ဒေးယျ
နှစ်ဆူရှိတယ်. . . တစ်ဦးက နတ်စက်ရောင်ဆရာတော်. . .
တစ်ဦးကတော့ ဇာဂရုပုဏ္ဏားဖြစ်တယ်. . . သူတို့နှစ်ဦးဟာ
ဦးရဲ့ခြေရာကို တစ်ဦးကကြည့်ပြီး ဇာတာခွင် ဂြိုဟ်နေ
စတဲ့ မူလဇာတာခွင်ကို မှန်ကန်အောင် ဇာတာဖွဲ့နိုင်တယ်
အဲဒီခေတ်ကတည်းက ခြေရာကိုကြည့်ပြီး ဇာတာဖွဲ့ဟောခြင်း
အတတ်ပညာ ထွန်းကားခဲ့တယ်. . . ဒါပေမယ့် ကြာလာတော့
ဒီပညာ တိမ်ကောသွားခဲ့တယ်၊ ဒါပေမယ့် ဒီပညာကို ကျုပ်ဟာ
လျှို့ဝှက်စွာ တတ်ကျွမ်းခဲ့တယ်၊ ဒီတော့ ဒကာရဲ့ခြေရာကိုကြည့်
ပြီး ဇာတာခွင်ချကြည့်မယ်''

ထိုသို့ဖြင့် လျှာစက်၏ခြေရာကိုကြည့်ပြီး ဇာတာခွင်
ဂြိုဟ် နေလဂ်စန်းတို့ကို တွက်ချက်ပြီး စစ်ဆေးလိုက်ရာ. . .

''အိမ်း. . . ဒကာရဲ့ဇာတာခွင်ဟာ ဗေဒင်ပညာမှာ
ဖက်ကမ်းခတ်အောင် တတ်မြောက်တဲ့ ငမှန်ကန်းရဲ့ဇာတာခွင်နဲ့
တစ်ထပ်တည်းကျနေပါလား''





''တပည့်တော်ကို ဟောပေးပါ ဘုရား''

''အိမ်း. . . ငမှန်ကန်းဟာ ဗေဒင်ပညာမှာ ကျော်ကြား
သလောက် ဖခင်ရဲ့လျှာကိုဖြတ်ရမယ့်ကိန်း ပါလာတော့ ဒုက္ခ
ရောက်တာပေါ့ကွယ်. . . အကောင်းဘက်မှာ ထင်ရှားကျော်ကြား
တဲ့ ဗေဒင်ဆရာကြီးတစ်ဆူ ဖြစ်ပေမယ့်. . . အဆိုးဘက်မှာတော့
မိတတစ်လီရန့်သူမည်တဲ့ ဖခင်ကို လျှာဖြတ်ရမယ့်ကိန်း ပါလာတယ်''

''ဘုရား. . . ဘုရား. . . ကျွန်တော် အဲဒီလို မဖြစ်ပါစေ
နဲ့ ဘုရား''

လျှာစက်ကလေးမှာ ရသေ့ကြီး၏အပေါ်ာကြောင့် ကြောက်
လန့်တုန်လှုပ်သွားခဲ့ပါသည်။

''ဒါဆိုရင်. . . ဗေဒင်မှာ တစ်ဖက်ကမ်းခတ်တဲ့ ငမှန်ကန်း
အကြောင်း ပြောပြပါ ဘုရား''

''အိမ်း. . . ကောင်းပြီ. . . ဒကာ နားဆင်လော့''

လွန်ခဲ့တဲ့နှစ်ပေါင်း ကိုးရာကျော်. . .။

သက္ကရာဇ် (၄၀၆)ခုနှစ်မှာ ပုဂံပြည်၌ အနော်ရထာ
မင်းပြုစိုးစံနေခဲ့သည်။ ထိုအချိန်တွင် မင်းကြီး၏ မင်္ဂလာပိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ်ပုဏ္ဏားကြီး၏ဇနီးဖြစ်သော ပုဏ္ဏေးမကြီးမှာ သန္ဓေသား လွယ်ထားစဉ် တစ်ညသ၌ အိပ်မက်မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင်. . .။

"ယခုမွေးဖွားလာမည့် သန္ဓေသားဟာ လက်ယာဘက်မျက်စေ့တစ်ဖက် ကန်းနေလိမ့်မယ်. . . အရွယ်ရောက်လာတဲ့အခါမှာ ဖခင်ပုဏ္ဏားကြီးရဲ့လျှာကို ဖြတ်လိမ့်မယ်"

ထိုသို့ မြင်မက်လေသည်။ ပုဏ္ဏေးမကြီးလည်း အိပ်ရာမှ နိုးလျှင်နိုးချင်း ပုဏ္ဏားကြီးအား ထိုအိပ်မက်အကြောင်းကို ပြောပြရာ. . .။

"ဒါဆို. . . ဒီကလေးက ငါ့ကိုဒုက္ခပေးမယ့် ကလေးပဲ ရှင်မ. . . ဒါဆိုရင် ဒီကိုယ်ဝန်ကို လွယ်မထားနဲ့. . . ဖျက်သာချလိုက်ပေတော့"

"ကောင်းပါပြီ"

ထိုသို့ဆိုကာ ပုဏ္ဏေးမကြီးက သားဖျက်ချခဲ့သည်။ သို့သော် သုံးချိန်သုံးခါတိုင်တိုင် ဖျက်ပါသော်လည်း ထိုသန္ဓေသားမှာ ပျက်မကျပဲ အချိန်တန်သောအခါ သားယောကျ်ားလေးတစ်





ယောက် မွေးဖွားခဲ့လေသည်။

မွေးလျှင်မွေးချင်း ကလေးငယ်အား ကြည့်လိုက်ရာ. . .။

"ဟောတော့. . . သားလေးဟာ ယာဘက်မျက်စေ့ ကန်းနေပါလား. . . အိပ်မက်ကတော့ စပြီးမှန်နေပြီ"

အိပ်မက်အတိုင်း ယာဘက်မျက်စေ့မှာ ကန်းနေသဖြင့် လွန်စွာ ထိတ်လန့်ခြင်း ဖြစ်ခဲ့လေသည်။

ပုဏ္ဏားကြီးမှာ အိပ်မက်အတိုင်း အရွယ်ရောက်လာချိန်တွင် လျှာဖြတ်မည်စိုးသည့်အတွက်. . .။

"အင်း. . . ဒီကလေးကိုတော့ ရေထဲမျောလိုက်မှဖြစ်မယ်"

ဤသို့တွေးကာ ငှက်ပျောတုံးဖောင်ပေါ်တွင် တင်ကာ မျှောလိုက်လေသည်။ ထိုငှက်ပျောဖောင်မှာ လှိုင်းဒလက်ရင်း တရွေ့ရွေ့မျောသွားရာ မကြာမီ သိဏ်းယိုပြည်သို့ ရောက်ရှိသွားခဲ့သည်။

ထိုအချိန်တွင် သိဏ်းယိုပြည်သူပြည်သားဖြစ်သည့် အဘိုးကြီး အဘွားကြီး လင်မယားသည် ရေချိုးဆိပ်၌ ရေချိုးနေစဉ်. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုမှာ. . . ငှက်ပျောဖောင်ကြီးတစ်ခု မျောလာတယ်"

"ဖောင်ပေါ်မှာ ကလေးတစ်ယောက်ပါတယ်နဲ့တူတယ် ကလေးငိုသံ ကြားရတယ်"

'ဒါဆို. . . အဘိုးကြီး. . . ဖောင်ကိုသွားဆွဲပေတော့"

"အေး. . . အေး"

အဘိုးကြီးမှာ ငှက်ပျောဖောင်ကို သွားဆွဲရာ ဖြူဖြူဖွေး ဖွေး ဝဝတုတ်တုတ် ချစ်စဖွယ်ကလေးလေးကို တွေ့ရသဖြင့်. . .။

"ရှင်မရေ. . . သားယောကျ်ားလေးတစ်ယောက် ကောက် ရခဲ့ပြီ"

"ဟုတ်ပ့ါတော်. . . ဖြူဖြူဖွေးဖွေး ချစ်စရာလေးတော့ ဒါပေမယ့် မျက်စေ့တစ်ဖက် ကန်းနေတယ်"

"မျက်စေ့တစ်ဖက် ကန်းနေတော့ ငမှန်ကန်းပေါ့ကွာ တို့နဲ့ထိုက်လို့ရတာပဲ. . . မွေးစားရအောင်"

"ကောင်းပါပြီ"

ဤသို့ဖြင့် ငမှန်းကန်လေးမှာ သိဿကာယိုပြည်မှ အဘိုး ကြီး အဘွားကြီး ဇနီးမောင်နှံက ကောက်ယူမွေးစားခဲ့လေသည်။





ထိုသို့ဖြင့် အသက် ခုနစ်နှစ်ခန့်အရွယ်တွင် သိဿကာယိုပြည် ဆရာ တော်ထံ၌ အပ်နှံကာ စာပေပညာကို သင်ကြားစေခဲ့ပါသည်။ ငမှန်ကန်းမှာ လွန်စွာ ဉာဏ်ကောင်းသဖြင့် စာဝါသာမက ဗေဒင် ပညာကိုပါ ထူးချွန်စွာ သင်ကြားတတ်မြောက်ခဲ့ပါသည်။

တစ်နေ့တွင်. . .။

ကျောင်း၌ ပညာထူးချွန်သော ငမှန်ကန်းကို မကျေနပ် သည့် ကျောင်းသားတစ်စုက. . .။

"ဟေ့ကောင်. . . ရေမျောကမ်းတင် မိမရှိ ဖမရှိတဲ့ ကောင်"

"ပုဂံကမျောလာတဲ့ လက်ယာကန်းက သိဿကာယိုပြည် မှာ လာပြီး လူစွာလုပ်နေတယ်"

"ကဲ. . . ဝိုင်းရိုက်ရအောင်"

ဤသို့ မခံချင်အောင် ရန်စပြောဆိုခဲ့ကြပါသည်။

ငမှန်ကန်းမှာ မကြာခဏ ရန်စခံရပြီး ကျောင်းသားတစ် စုက ဝိုင်းပြီးနှိမ်သဖြင့်. . .။

"အင်း. . . ငါဟာ မွေးရာပါ မျက်စေ့ကန်းနေတာရော

www.burmeseclassic.com



မိဘများက စွန့်ပစ်တာရောဖြစ်နေလို့ အပေါင်းအသင်းတွေက ငှါကိုနှိမ်ကြတယ်. . . ဒီတော့ ငှါကိုနှိမ်တဲ့အရပ်မှာ ငါမနေတော့ဘူး"

ဤသို့ဆုံးဖြတ်ကာ ပုဂံပြည်သို့ ပြန်လာခဲ့သည်။ ပြန်လာရာလမ်းတွင် လူအများနှင့် တွေ့ဆုံရာ ၎င်းက ဗေဒင်မှန်အောင် ဟောပေးနိုင်ခဲ့ပါသည်။

တစ်နေ့တွင်. . .။

အနော်ရထာမင်းကြီးက နန်းတော်ဆောက်ရန် အခါနှင့် နေရာကိုပေးရန် ပုရောဟိတ်ပုဏ္ဏားကြီးအား မေးမြန်းခဲ့လေသည်။

"အသင် ပုရောဟိတ်ပုဏ္ဏားကြီး. . . နန်းတော်ဆောက်ဖို့ အချိန်နှင့် တည်နေရာကို လျှောက်ထားလော့"

ထိုအခါ ပုဏ္ဏားကြီးက တွက်ချက်ပြီးလျှင်. . .။

"အရှင်မင်းကြီး. . . မြောက်အရပ်မှ စွန်ပျောက်တစ်ကောင်သည် ငါးကိုချီလာပါလိမ့်မည်. . . ထိုငါးသည် စွန်ထံမှ လွတ်၍ ဤနေရာ၌ ကျလိမ့်မည်"

ဟု လျှောက်တင်ကာ စွန်ထံမှ ငါးကျမည့်နေရာကို စက်ဝိုင်းပုံသဏ္ဌာန် ကွင်း,ကွင်းပြခဲ့သည်။





ထိုအခါ ငမှန်ကန်းက. . .။

"အရှင်မင်းကြီး. . . ကျွန်တော်မျိုး လျှောက်တင်ပါရစေ ဘုရား"

"လျှောက်တင်စေ"

"ကျွန်တော်မျိုး၏ပညာဖြင့် မှန်ရာကိုလျှောက်တင်ပါရစေ ဘုရား. . . ပုဏ္ဏားကြီး၏အဟောမှာ မှားယွင်းနေပါသည် ဘုရား"

"ဒါဆိုရင်. . . အသင် ဟောကြည့်ပါ"

ထိုအခါ ငမှန်ကန်းသည် အခြားနေရာ၌ ကွင်း,ကွင်းပြီး "ဤနေရာ၌ စွန်ချီလာသည့်ငါး ကျလိမ့်မည်။ ကျွန်တော်မျိုးဟောတာ မမှန်ပါက အမှန်မဟောနိုင်သည့်လျှာကို ဖြတ်ပါလော့။ အကယ်၍ ပုဏ္ဏားကြီးရှုံးပါက ကျွန်တော်မျိုးက ပုဏ္ဏားကြီး၏လျှာကို ဖြတ်မည်ဟူသည့် လောင်းကြေးကို တင်ပါသည် ဘုရား"

ထိုအခါ ပုဏ္ဏားကြီးက. . .။

"ကောင်းပြီ. . . ဤလောင်းကြေးကို လက်ခံသယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ လက်ခံလိုက်သည်။

မကြာမီအချိန်တွင် မြောက်အရပ်မှ စွန်တစ်ကောင်သည် ငါးရံ့အရှင်တစ်ကောင်ကို ကိုက်ချီလာသည်ကို တွေ့လိုက်ရသည်။

"ဟော. . . ကောင်းကင်ထက်မှာ စွန်တစ်ကောင် ငါးရံ့အရှင်တစ်ကောင်ကို ကိုက်ချီလာပါလား"

ထိုသို့ပြောနေစဉ် စွန်၏ပါးစပ်အတွင်းမှ ငါးရံ့အရှင်သည် ပုဏ္ဏားကြီး ဝိုင်းပြထားသည့် စက်ဝိုင်းတွင်းသို့ ဦးစွာကျသွားလေသည်။

"ဟော. . . ပုဏ္ဏားကြီး ပြထားတဲ့ စက်ဝိုင်းထဲကို ငါးရံ့ကြီး ကျသွားပြီ"

လူအများက ဝိုင်း၍ပြောလေရာ ပုဏ္ဏားကြီးမှာ အောင်ပွဲခံသည့်မျက်နှာထားနှင့် လက်ပိုက်ကာ မှန်ကန်းအား ပြုံးပြုံးကြီး ကြည့်လိုက်သည်။ ပုဏ္ဏားကြီး၏မျက်နှာမှာ. . .။

"ကဲ. . . ဘာတတ်နိုင်သေးလဲ"ဟူသည့် မျက်နှာပေးမျိုးပင် ဖြစ်လေသည်။

ထိုအခါ မှန်ကန်းကလည်း မိမိ၏ပညာကို ယုံကြည်သူ





ပီ ခပ်တည်တည်နှင့် လက်ပိုက်ကာ စောင့်ကြည့်နေလေ၏။

ထိုစဉ် ငါးရံ့အရှင်ကြီးမှာ ထိုစက်ဝိုင်းထဲမှ မှန်ကန်းဝိုင်းထားသည့် စက်ဝိုင်းထဲသို့ ခုန်လိုက်ပြီးနောက် သေဆုံးသွားသည်။

"ဟာ. . . မှန်ကန်း ဝိုင်းထားတဲ့စက်ဝိုင်းထဲမှာ ကျသွားပြီ"

"အလို"

"ဟင်"

ဟူသော ပရိသတ်ကြီးမှ အာမေဋိတ်သံများ ထွက်ပေါ်လာခဲ့သည်။ ဤတွင် ပုဏ္ဏားကြီးမှာ လွန်စွာ စိတ်မကောင်းဖြစ်. . .။

"ကိုင်း. . . သိဏှာယိုသား မင်းမှန်သည်. . . ငါ၏လျှာဖြတ်လှည့်တော့"ဟု ဆိုသဖြင့် မှန်ကန်းက ပုဏ္ဏားကြီး၏ လျှာကိုဖြတ်ရန် လာခဲ့သည်။

ထိုအခါ. . .။ ပုဏ္ဏားကြီးသည် မျက်စေ့တစ်ဖက်ကန်းသည်ကို တွေ့ရှိသဖြင့် ၎င်း၏သားကိုသတိရကာ. . .။

"အသင်သည်. . . သိဏှာယိုသား အမှန်ပင်ဖြစ်သလော"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးမြန်းရာ. . .။

"ကျွန်ုပ်သည် သိဏ်းယိုသား မဟုတ်. . . ပုဂံသားသာ ဖြစ်သည်. . . ငယ်စဉ်က မိဘနှစ်ပါးက ဖောင်ဖြင့်မျှောသဖြင့် သိဏ်းယိုပြည်သို့ ရောက်သွားခဲ့ခြင်း ဖြစ်ပေသည်"

"အလို. . . ဒါဆိုရင်. . . အသင်ဟာ ငါ့သားပင် ဖြစ်ချေပြီ"

ထိုသို့ပြောကာ ဝိုက်ကျွေးသဖြင့် ဖခင်မှန်း သိသွားခဲ့လေသည်။

➤ ➤ ➤

ငမုန်ကန်း၏ အဖြစ်အပျက်အားလုံးကို ပြောပြီးသော အခါ ရှင်ရသေ့ကြီးက. . .။

"ဒကာလေး. . . သင်ဟာ သည်အချိန်မှာ မိဘရင်းကို လိုက်ရှာပေမယ့်လည်း တွေ့ရန်အခွင့်မကြုံသေး. . . ဒီတော့ ကျုပ်ဆီမှာ ဗေဒင်ပညာ သင်ကြားပြီးနေပါတော့"

"ကောင်းပါပြီ ဘုရား"

ဤသို့ဖြင့် ရသေ့ကြီးမှာ ဗေဒင်ပညာသာမက ယောက်ျား တို့တတ်အပ်သော အတိုက်အခိုက်သိုင်းပညာများကိုပါ သင်ကြား





ပေးခဲ့သည်။

"ဒကာ. . . သင်ဟာ ထူးချွန်တဲ့ ဗေဒင်ပညာရှင်ကြီး တစ်ဆူ ဖြစ်လိမ့်မယ်. . . ယောက်ျားတို့တတ်အပ်သော ကိုယ်ခံ ပညာဖြင့် အသင့်ရဲ့အသက်ကို ကာကွယ်နိုင်လိမ့်မယ်. . . ဗေဒင် ပညာရပ်ဆိုတာ အနာဂတ်ကို ကြိုတင်သိမြင်အောင် ဟောကြား ခြင်းဖြစ်တယ်. . . အကောင်းနဲ့ ကြုံတွေ့ရင်လည်း ဝမ်းမြောက် ဝမ်းသာ များစွာ မဖြစ်ရာ၊ စိတ်ကိုထိန်း၍ ဝမ်းသာရ၏။ သို့ သော် ဒကာသည် အဆိုးတရားနှင့် ကြုံတွေ့ပါက ထိုအဆိုးတရား ကို ပြေလည်အောင် ဖြေရှင်းကာ စိတ်သောက မယူအပ်ပေ။ ဒကာလေး ကျုပ်ပြောသည်ကို နားလည်ပါ၏လော"

"နားလည်ပါတယ် ဘုရား"

"အိမ်း. . . ကောင်းစွတည်း"

ထိုသို့ဖြင့် လှျာစက်မှာ ရသေ့ကြီး ဦးဒိဗ္ဗ ထံတွင် ဗေဒင် ပညာနှင့် ကိုယ်ခံပညာများကို သင်ကြားခဲ့လေသည်။ လှျာစက် မှာ ရသေ့ကြီး မိန့်မှာသည့်အတိုင်း မိခင်ဖခင်တို့အား မရှာတော့ ပဲ ရသေ့ကြီးနှင့်အတူတူ နေထိုင်ခဲ့သည်။ နံနက်စောစောတွင်



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးနှင့်အတူ ဆွမ်းခံထွက်ခဲ့သည်။ သည်လိုနှင့်ပင် ဆယ့်နှစ်နှစ်ကျော်မျှ အတူနေထိုင်ခဲ့သည်။

ထိုသို့နေထိုင်ရင်း. . .။

လျှာစက်မှာ အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်တွင် ရသေ့ကြီး ဦးဒိဗ္ဗ မှာ ကောင်းစွာ မကျန်းမမာဖြစ်၍ ရသေ့ကြီးကိုယ်စား လျှာစက်က ဆွမ်းခံထွက်ခဲ့သည်။ လျှာစက် ပြန်လာသောအချိန်တွင်. . .။

ရသေ့ကြီးမှာ ကျောင်းသခ်မ်းရှေ့ရှိ ကွပ်ပျစ်တွင် လဲလျောင်းနေပြီး လွန်စွာ မကျန်းမမာဖြစ်နေသည်။

"အရှင်ဘုရား. . . ဘယ်လိုနေပါသလဲ ဘုရား"

"အိမ်း. . . ဒကာလေး. . . ကျုပ်တော့ မနေရတော့ဘူး ကျုပ်မရှိတဲ့နောက်မှာ ဒီမှာမနေနဲ့တော့. . . ကျုပ်ရဲ့ဗေဒင်ကျမ်းတွေကိုယူပြီး ဗေဒင်ဟောရင်း အသင့်ရဲ့မိဘနှစ်ပါးကို ရှာပေတော့"

"တင်ပါ့ဘုရား"

ထိုသို့ပြောပြီး မကြာမီ ရသေ့ကြီး ဦးဒိဗ္ဗ မှာ ပျံလွန်တော်မူခဲ့ပါသည်။





"အရှင်ဘုရား. . . ဆယ်နှစ်ကျော် အတူနေလာ‌ခဲ့ ဘမျှ အခုတော့ ခွဲသွားပြီလား. . . တပည့်တော် တစ်ယောက်တည်း ခရီးဆက်ရတော့မှာပေါ့"

လျှာစက်မှာ လွန်စွာ ဝမ်းနည်းကာ ကျောင်းသခ်မ်းအနီး၌ ရသေ့ကြီး၏အလောင်းကို ကောင်းစွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## "လွယ်အိတ်တစ်လုံးနှင့် ရှာစဉ်လည်"

လျှာစက်သည် ပေဒင်စာအုပ်အချို့နှင့် အဝတ်အစား အနည်းငယ် ထည့်ထားသည့် လွယ်အိတ်တစ်လုံးကို ယူဆောင်ကာ ရသေ့ကြီး၏ မြေပုံရှေ့တွင် ရှိခိုးကန်တော့ကာ...။

"ကျေးဇူးရှင် ရှင်ရသေ့ကြီး ကောင်းရာသုဂတိသို့ လားပါစေ"

ဟူ၍ တောင်းဆုပြုပြီးနောက် သည်ရပ်ဌာနေမှ စတင်ထွက်ခွာလာခဲ့ပါသည်။ ၎င်းသည် ရသေ့ကြီးနှင့်အတူ ဆွမ်းခံနေကျဖြစ်သည့် ကန်သာရွာကြီးသို့ ဦးတည်သွားနေပြီး ရသေ့ကြီး ရှိစဉ်ကပင် ခင်မင်ရင်းနှီးသော ကန်သာရွာဦးဆရာတော်





ကြီးထံသို့ သွားရောက်ခဲ့သည်။

ရွာဦးဆရာတော်ကြီးအား ရှိခိုးကန်တော့ဦးချပြီးနောက်

"အရှင်ဘုရား...တပည့်တော်ရဲ့ ဆရာရသေ့ကြီး ဦးဒိဗ္ဗ ပျံလွန်တော်မူသွားလို့ အရှင်ဘုရားရဲ့ကျောင်းမှာ နေခွင့်ပြုပါ ဘုရား"

"ဩော်...ရသေ့ကြီး ပျံလွန်တော်မူသွားပြီလား"

"မှန်ပါ့ဘုရား"

"အိမ်း...ရသေ့ကြီး ရှိစဉ်ကတည်းက ခင်မင်ရင်းနှီးတဲ့သူတွေဖြစ်လေတော့ ဒကာလေးကို ဘုန်းကြီးရဲ့ကျောင်းမှာ နေခွင့်ပြုပါတယ်"

"ကျေးဇူးကြီးလှပါတယ် ဘုရား",

ထိုသို့ဖြင့် လျှာစက်မှာ ကန်သာဘုန်းတော်ကြီးကျောင်း၌ ခေတ္တမျှတည်းခိုနေခဲ့ပါသည်။ လျှာစက်မှာ ရသေ့ကြီးနှင့် ဆွမ်း ခံလိုက်စဉ်ကပင် ကြုံလျှင်ကြုံသလို ပေဒင်ဟောခဲ့သည့်အတွက် ယခုကဲ့သို့ ဘုန်းကြီးကျောင်းတွင် လျှာစက် ရောက်နေမှန်းသိသောအခါ ပေဒင်မေးသူများ ရောက်ရှိလာခဲ့ပါသည်။

www.burmeseclassic.com



"ဆရာ. . . ကျွန်မရဲ့အဖေဟာ မြစ်ပြင်ကျယ်ကြီးမှာ ငါးဖမ်းထွက်သွားတာ တစ်ပတ်ကြာပြီ. . . မုန်တိုင်းတိုက်တယ်လည်းပြောတယ်. . . အဲဒါ အသက်မှရှင်ပါသေးရဲ့လား သိချင်လို့ပါ"

"ဟုတ်ပါတယ် ဆရာ. . . အဲဒီငါးဖမ်းလှေနဲ့ ကျွန်မရဲ့ ခင်ပွန်းသည်လည်း ပါသွားပါတယ်"

"ကျွန်မရဲ့မောင်တွေလည်း ပါသွားပါတယ်"

စသည်ဖြင့် လှေထိုးသားဆယ်ဦးနှင့် ငါးဖမ်းလှေပိုင်ရှင်စုစုပေါင်း ဆယ်တစ်ဦးအကြောင်း လာမေးခဲ့သည်။ လျှာစက်သည် ထိုလူများ၏ နေ့နံများကို မေးမြန်းကာ တွက်ချက်ကြည့်ပြီးနောက်. . .။

"လှေပိုင်ရှင်နဲ့ ဗုဒ္ဓဟူး သောကြာ စနေ တနင်္ဂနွေသားလေးဦးဟာ မနက်ဖြန် နံနက်ကိုးနာရီမှာ အရှေ့အရပ်က ပြန်လာလိမ့်မယ်. . . ကျန်ခြောက်ဦးကတော့ ရေပြင်မှာ အသက်ဆုံးရှုံးသွားပြီ"

ထိုသို့ ဟောလိုက်လေသည်။

နောက်တစ်နေ့နံနက် ကိုးနာရီခန့်အချိန်တွင် ငါးဖမ်းလှေ





မှာ အရှေ့အရပ်မှ ပြန်လာခဲ့သည်။ လျှာစက်ပြောသည့်အတိုင်း လှေသူကြီး အပါအဝင် ငါးဦးသာ အသက်ရှင်ပြီး ကျန်ခြောက်ဦးမှာ သေဆုံးသွားခဲ့သည်။

ငါးဖမ်းလှေကြီး ပြန်လာပြီး လူငါးယောက် ပြန်လာသဖြင့် ၎င်း၏ဇနီးမယားနှင့် သားသမီးများမှာ အလွန်အမင်း အားရဝမ်းသာဖြစ်ကာ ဆီးကြိုခဲ့ကြသည်။

"ဆရာလျှာစက် ဟောတာ အလွန်မှန်ပါလား"

"အဖေ. . . ကျန်တဲ့လူတွေရော'

"သူတို့အားလုံး အသက်ဆုံးရှုံးခဲ့ပြီ"

"အမလေး. . . ဖြစ်မှဖြစ်ရလေ"

သေဆုံးသူများ၏ ဆွေမျိုးများမှာ တစ်ဦးနှင့်တစ်ဦး ဖက်ကာ ငိုကြွေးခဲ့သည်။ ထို့နောက် သေဆုံးသည့်သူတစ်ယောက်၏ဇနီးသည်ကိုခေါ်ပြီး. . .။

"အသင့်ယောက်ျားကတော့ ကွယ်လွန်သွားပြီဖြစ်ပေမယ့်. . . သင့်ယောက်ျား ဝတ်ဆင်ထားသည့် မြလက်စွပ်ဟာ သုံးရက်မြောက်သည့်နေ့တွင် ရောက်ရှိလာလိမ့်မည်"

www.burmeseclassic.com



"ဘယ်လိုရောက်လာမှာလဲ ဆရာ"

"သုံးရက်ပြည့်တဲ့နေ့မှာ သိလိမ့်မည်"

ထိုသို့ဖြင့် သုံးရက်မြောက်သည့်နေ့တွင် ငါးစိမ်းသည်မ တစ်ဦး ရောက်ရှိလာပြီး ငါးလာ၍ရောင်းခဲ့သည်။

ထိုမိန်းမသည် ဟင်းချက်ရန် ငါး၏ဝမ်းဗိုက်ကိုခွဲလိုက်ရာ. . .။

"ဟာ/. . လက်ချောင်း နားပြတ်နဲ့ မြလက်စွပ်ကလေး"

လက်စွပ်ဝတ်ထားသည့် လက်ခလယ်လက်ချောင်း အပြတ် တစ်ခုတွင် မြလက်စွပ် ဝတ်လျှက်သား ရှိနေသည်ကို တွေ့လိုက်ရသည်။

"အမလေး. . . ကျွန်မယောကျာ်းရဲ့လက်ချောင်းနဲ့ မြလက်စွပ်ပါလား"

ဟုဆိုကာ ရင်ထုမနာ ဝမ်းနည်းကြေကွဲစွာ ငိုယိုပါတော့သည်။ သည်တော့မှ ရွာသူရွာသားများက. . .။

"ဆရာလျှာစက် ဟောတာ မှန်ပါပေတယ်"

ထိုသို့သော ချီးကျူးစကားဖြင့် ဂုဏ်ပြုခဲ့လေသည်။





ဆရာလျှာစက်၏ဟောချက်မှာ လွန်စွာ တိကျမှန်ကန်လှသဖြင့် ကန်သာရွာမှ နွားပျောက်၊ ဥစ္စာပျောက်၊ လူပျောက်ကိစ္စများနှင့် စီးပွားရေး ကြီးပွားရေး အချစ်ရေး စသည်တို့ကို မေးမြန်းကြသဖြင့် လက်မလည်အောင် ဟောပြောခဲ့ရသည်။

ထိုရွာ၌ ခြောက်လခန့် ဗေဒင်ဟောပြီးနောက် လက်ထဲတွင် ငွေကြေး အတော်အတန် စုဆောင်းမိလာသည်။

ထိုအခါ. . . ငယ်စဉ်ကလေးဘဝက ခင်မင်ရင်းနှီးခဲ့သော သည်းအူကလေးကို သတိရလာမိသည်။

"အင်း. . . သည်းအူနဲ့ ငါနဲ့ ငယ်စဉ်တုန်းက ကတိရှိခဲ့ဖူးတယ်. . . ရှုံးတဲ့သူက လိုက်ရှာကြေးဆိုတဲ့ ကတိဟာ အခု ငါ့လက်ထဲမှာ ငွေကြေး ရလာပြီဆိုတော့ ဘာပဲဖြစ်ဖြစ် လိုက်ရှာရမယ်. . . ငါ့မိဘကိုလည်း လိုက်ရှာရမယ်. . . လိုက်ရှာရင်းနဲ့ တစ်ယောက်မဟုတ် တစ်ယောက်ကို တွေ့ရမှာပဲ. . . ဒီလို တစ်နေရာတည်းမှာ ထိုင်နေလို့ကတော့ ဘာမှမတွေ့နိုင်ဘူး"

ထိုသို့စဉ်းစားမိကာ လွယ်အိတ်လွယ်လျှက် ကန်သာရွာမှ ထွက်ခွာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ငါ ဘယ်သွားရမလဲ"

"ငါ. . . အလွယ်ဆုံးရှာနိုင်တာက သည်းအူပဲ"

"သည်းအူဟာ. . . အခုအထိ အညာဆန်လှေကြီးနဲ့ လိုက်တုန်းပဲဖြစ်မယ်. . . ဒီတော့ ဧရာဝတီမြစ်ရိုးတစ်လျှောက်ကိုလိုက်ပြီး ရှာရင်ကောင်းမယ်"

ဤသို့ စိတ်ကိုဒုန်းဒုန်းချကာ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ရွာဆီသို့ ဦးတည်၍ ထွက်ခွာလာခဲ့ပါတော့သည်။

ထိုသို့ဖြင့် ကျောက်မြောင်းရွာကြီးသို့ ရောက်ရှိလာခဲ့သည်။ ထိုရွာကြီးကား ဧရာဝတီမြစ်ကမ်း၌ တည်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး အညာဆန်လှေကြီးများ ဆိုက်ကပ်သည့် လှေဆိပ်ရှိသည်။

လျှာစက်သည် လှေဆိပ်သို့လှမ်းကြည့်လိုက်ရာ လှေဆိပ်တွင် ဆိုက်ထားသည့်လှေကြီး လှေငယ် အသွယ်သွယ်တို့ကို တွေ့ရှိရသည်။ သူသည် လှေဆိပ်တွင် ဆိုက်ကပ်ထားသည့် အညာဆန်လှေကြီးတစ်စင်းဆီသို့ သွားပြီးလျှင်. . .။

"ဒီမှာ. . . လှေသူကြီး ဦးဘိုးကွန့်ရဲ့ အညာဆန်လှေကြီးကို သိပါသလား ခင်ဗျာ"

"ဦးဘိုးကွန့်ဆိုတာ ကျုပ်တို့ မသိဘူး"

လျှာစက်က သည်အဖြေကိုရသဖြင့် စိတ်မကောင်းဖြစ်သွားခဲ့သည်။ သို့သော် နောက်ထပ်လှေများသို့သွားကာ ထပ်၍မေးပြန်သည်။ ထိုလှေဆိပ်ရှိ လူများမှာ မည်သူမျှ ဦးဘိုးကွန့်ကို မသိကြချေ။ သည်တွင် လှေသူကြီးတစ်ဦးက. . .။

"မောင်ရင်လေး. . . ဒီရွာမှာစောင့်ပြီး ရှာနေလို့တော့ အချည်းနှီးပဲ. . . စစ်ကိုင်းမြို့တို့ မန္တလေးမြို့တို့မှာ တက်ပြီးရှာမှသိမှာပေါ့. . . ဟိုမြို့တွေမှာ အညာဆန်လှေအားလုံး ဆိုက်တယ်. . . နောက်ပြီး လှေသူကြီးတွေဟာ အချင်းချင်းသိကြတယ်"

"ဟုတ်လား ဦးလေး. . . ဒါဆိုရင် ဦးလေးတို့လှေက ဘယ်ကိုရောက်မလဲ"

"စစ်ကိုင်းကိုအရင်ရောက်မယ်ကွဲ့. . . ပြီးရင် မန္တလေးမှာ တစ်ပတ်လောက်ကြာမယ်"

"ဒါဆို. . . ကျွန်တော် လိုက်ချင်တယ်. . . လှေခ ဘယ်လောက်ပေးရမလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့က ခရီးသည်တင်လှေ မဟုတ်ဘူး. . . မောင်ရင်က လမ်းကြုံလိုက်တဲ့သူဆိုတော့ မေတ္တာကြေးသာ ပေးပါကွယ်"

"ကျေးဇူးတင်ပါတယ် ဦးလေး"

(မှတ်ချက်။ ။ မေတ္တာကြေးဆိုသည်မှာ ဈေးနှုန်းသတ်မှတ်ခြင်းမရှိပဲ ကြိုက်သလောက်သာ ပေးနိုင်ပါသည်။)

အညာဆန်လှေကြီးနှင့် လှျာစက် လိုက်ခဲ့သည်။ ချောင်း၌ တငြိမ့်ငြိမ့်သွားနေသည်။ မြစ်ကမ်းရှိ ရှုခင်းကလေးများက တရိပ်ရိပ် ကျန်ခဲ့သည်။ သည်ရှုခင်းကလေးကိုကြည့်ပြီး. . .။

"သည်းအူရယ်. . . နင့်ကိုသတိရလိုက်တာ. . . အခုနေများ ပြန်တွေ့ရင် မှတ်မှုမှတ်မိပါ့မလား မသိဘူး. . . ငါပေးထားတဲ့ ရွှေကြုတ်ကလေးရော ရှိမှရှိပါလေစ. . . နင်ပေးထားတဲ့ လက်စွပ်ကလေးကတော့ ငါ့မှာ အခုထိ ဝတ်ထားတယ်"

ငယ်စဉ်က အတူကစားခဲ့ဖူးသည့် သည်းအူကို သတိရနေမိသည်။ ထိုသို့ဖြင့် လှေကြီးနှင့် လိုက်လာခဲ့ရာ နှစ်ရက်မြောက်သည့်နေ့တွင် ထူးခြားမှုတစ်ခု ပေါ်ပေါက်လာခဲ့သည်။

"ငါ့ရဲ့ပတ္တမြားလက်စွပ် မရှိတော့ဘူး"





နံနက်စောစော လှေသူကြီးက ဤသို့အော်ပြောလိုက်သည့်အတွက် လှေသားအားလုံး အလန့်တကြားဖြစ်ကာ လှေသူကြီးကို လှမ်းကြည့်လိုက်သည်။ အားလုံးမှာ မျက်နှာငယ်လေးနှင့်. . .။

တစ်ဦးဦးကား သူခိုး ကေန်ဖြစ်ချေမည်။

ထို့ကြောင့် လှေသားအားလုံးနှင့်တကွ လှျာစက်ပါ စိတ်မကောင်း ဖြစ်ခဲ့သည်။ ထိုစဉ်. . .။

လှေသားတစ်ဦးက. . .။

"သူကြီး. . . ကျွန်တော်တို့လှေပေါ်မှာ တစ်ခါမျှ ပစ္စည်းမပျောက်ဖူးပါဘူး"

"ဒီလူစိမ်း ရောက်လာမှ ပစ္စည်းပျောက်ပြီ"

လှေသားများက နောက်မှလိုက်လာသည့် လှျာစက်ကို သူခိုးဟူ၍ ယိုစွပ်တော့သည်။ သည်တော့ လှျာစက်မှာ တတ်သည့်ပညာ မနေသာဆိုသကဲ့သို့. . .။

"ကျွန်တော်ဟာ ဗေဒင်ဆရာတစ်ဦးပါ. . . ဗေဒင်အမေးအမှန်စေဖို့ ကံငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံစွာ စောင့်နေရပါ

www.burmeseclassic.com



တယ်. . . ယခုလည်း ဒီပတ္တမြားလက်စွပ် ဘယ်နေ့ကပျောက်သ လဲဆိုတာသိရင် ဘယ်အရပ်မှာရှိနေတယ်. . . ဘယ်သူခိုးတယ် ပြန်ရမရ တွက်လို့ရပါတယ်''

''ကျွန်တော်တို့ကတော့ မယုံဘူး. . . ခိုးတဲ့သူက ခိုးပြီး ပစ္စည်း ပြန်မရနိုင်တော့ဘူးလို့ ဟောလိုက်ရင် ဒီကိစ္စပြတ်သွား ပြီပေါ့''

''ခင်ဗျား ကျွန်တော့်ကို မစော်ကားနဲ့. . . ကျွန်တော့် ကို ချက်ချင်းပြန်တောင်းပန်ပါ''

''မင်းလို ချွတ်တားကောင်သူခိုးကို ငါက တောင်းပန် ရမှာလား''

''အသက်ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ. . . သီလ ရှိသူကို မစော်ကားရပါဘူး. . . စော်ကားခဲ့ရင် အသင့်ရဲ့ခြေ ထောက်မှာ သွေးထွက်သံယို ဖြစ်သွားလိမ့်မယ်''

''ဒါ ကုန်းပေါ်မဟုတ်ဘူး. . . ရေထဲမှာ လှေနဲ့သွားနေ တာ. . . ရေနဲ့ထိခိုက်မိလို့ ခြေထောက်မှာ ဒဏ်ရာရတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး''





''သိပ်မကြာခင်မှာ အသင် တွေ့ရလိမ့်မယ်''

ထိုသို့ပြောပြီး လျှာစက်က အနောက်ဖက်သို့ လှည့်၍ ထိုင်နေခဲ့သည်။ လှေကြီးကား သွားနေဆဲ။ မကြာမီ ငါးပြေမ တစ်ကောင်သည် ရေထဲမှ လှေပေါ်သို့ ခုန်တက်လာခဲ့ရာ လျှာ စက်အား စော်ကားသည့် လှေထိုးသား၏အနီးသို့ '''ဖုတ်ကနဲ'' ကျရောက်ခဲ့သည်။

''ဟာ. . . ငါးပြေမတစ်ကောင်ပါလား''

ထိုသူက အားရဝမ်းသာ ပြောလိုက်သည်။

''ငါးက မဖမ်းရပဲ မင်းဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာမို့ မင်းနဲ့ထိုက်တယ်. . . မင်းဖမ်းလိုက်''

''အေး. . . ဟုတ်တယ်''

ပြောပြောဆိုဆို ထိုလှေထိုးသားက ငါးပြေမကို ဖမ်းလိုက် ရာ ငါးပြေမက ၎င်း၏လက်မှ ရှော့ထွက်သွားပြီး ၎င်း၏ဆူး တောင်ဖြင့် ခြေသလုံးကိုခြစ်မိကာ သွေးများ ရဲကနဲ ဖြာထွက် သွားသည်။

''အမလေးဗျ. . . ခြေထောက်ကို ဆူးတောင်နဲ့ခြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်. . . မင်းယောက်ျား မဟုတ်ဘူးလား ဒီ ဒဏ်ရာလောက်နဲ့ ဒီလောက်အော်ရသလား”

“ကျွန်တော် လန့်သွားလို့ပါ သူကြီး”

ထိုလူက သူကြီးအား ပြန်ပြောလိုက်ရာ သူကြီးက လျှာစေ့ ပြောသည့်စကားကို သတိရသွားပြီး. . .။

“ဟော့ကောင်. . . မင်း ဒီဆရာလေးကို အမြန်ဆုံး တောင်းပန်လိုက်”

“ဘာဖြစ်လို့လဲ သူကြီး”

“ဘာဖြစ်ရမှာလဲ. . . ဒီဆရာလေးက အသက်ငယ်သ လောက် ဗေဒင်မှန်အောင် ဟောနိုင်တယ်. . . ခုနက မင်းရဲ့ ခြေထောက်မှာ ဒဏ်ရာရမယ်လို့ ဟောတာ အခု တကယ်ဖြစ် နေပြီ. . . တကယ်လို့များ ခေါင်းဖြတ်မယ်လို့ဟောရင် မေန်းတ ဆူးတောင်နဲ့ မင်းခေါင်းကိုဖြတ်မလား မသိဘူး”

“ဟုတ်ကဲ့ မသိလို့ပါ ဆရာကြီး. . . ကျွန်တော် အခုပဲ တောင်းပန်ပါ့မယ် သူကြီး”

ထိုသူမှာ ကြောက်ကြောက်လန့်လန့်ဖြစ်ကာ. . .။





“ဆရာလေး. . . ကျွန်တော် မသိလို့ ပြောမှားဆိုမှား ဖြစ်မိတာ တောင်းပန်ပါတယ်”

“ကောင်းပါပြီ. . . ဒါဆိုရင် ကျွန်တော်ဟာ သူခိုးမဟုတ် ဘူးဆိုတာ ယုံပြီလား”

“ဟုတ်ကဲ့. . . ယုံပါပြီ”

“ဒါဆို. . . ဒီလက်စွပ် ဘယ်နေ့ကပျောက်သလဲ”

“ဒီနေ့. . . တနင်္ဂနွေနေ့ မနက်ခြောက်နာရီမှာ ပျောက် ကြောင်း သိရပါတယ်”

“ကောင်းပြီ. . . ကျွန်တော် တွက်ကြည့်မယ်”

ထိုသို့ပြောပြီးနောက် တွက်ချက်ကြည့်လိုက်သည်။

“သူကြီး မနေ့ညက ကြောက်လန့်ဖွယ်အိပ်မက်ဆိုး မက်ခဲ့တယ် မဟုတ်လား”

“ဟုတ်မဟုတ်သာပြောပါ”

“ဟုတ်ပါတယ်”

“အဲဒီအိပ်မက်ထဲမှာ ရွှံစရာတစ်ခုခုကို ကိုင်မိတယ်လို့ မက်တယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . မစင်ပုံကို ကိုင်မိတယ်လို့ မဟုတ်ပါတယ်"

"ဒါနဲ့. . . အိပ်မက်ထဲမှာ ရွံရှာပြီး လက်ကိုခါလိုက်တယ် မဟုတ်လား"

"ဒီလောက်အထိ ဘယ်လိုသိတာလဲ"

"နောက်မှ သည်အဖြေကိုပေးပါ့မယ်. . . အခု ကျွန်တော် ပြောတာ မှန်မမှန်ကိုသာဖြေပါ"

"မှန်သမှ သိပ်မှန်ဗျာ"

"အဲဒီလက်စွပ်ဟာ ဘယ်သူမှ မခိုးပါဘူး. . . အိပ်မက် ဆိုးမက်ပြီး လက်ခါလိုက်လို့ ချောင်နေတဲ့ လက်စွပ်ဟာ အရှေ့ မြောက်အရပ်ဘက်သို့ ကျွတ်ကျသွားပါတယ်"

"ဒါဆို. . . အရှေ့မြောက်အရပ်ဘက်မှာ ရှာကြည့်ကြပေ တော့"

"ဟုတ်ကဲ့ပါ သူကြီး"

လေ့ထိုးသားများမှာ အရှေ့မြောက်အရပ်ဘက်သို့ သွား ရောက်ရှာဖွေခဲ့သည်။ မှန်ပေသည်။

"ဟော. . . လက်စွပ်ကလေး တွေ့ပြီ"





"ဘယ်နေရာက တွေ့တာလဲ"

"အရှေ့မြောက်အရပ်မှာရှိတဲ့ ပေါင်းမိုးနဲ့ကြမ်းပြင်ကြား မှာ ညှပ်နေတယ်"

"ဆရာရယ်. . . အိပ်မက်ကိုပါ မှန်အောင်တွက်နိုင်တာ တော့ တကယ်ပဲ ချီးကျူးပါတယ် ဆရာလေးရယ်"

"ဒါဟာ ချီးကျူးထိုက်တဲ့အရာ မဟုတ်ပါဘူး. . . အ ဖြောမှာက သူကြီးကိုယ်တိုင် သူခိုးဖြစ်နေလို့ပါပဲ"

"ဟေ" သူကြီးက တအံ့တသြဖြစ်သွားခဲ့သည်။

"ဒီတော့. . . ဗေဒင်အလိုအရ ဒီလိုဟောရင် ကျွန်တော့် ကို သူကြီးက ပါးရိုက်မှာသေချာတယ်"

"ကိုယ့်ပစ္စည်းကို ကိုယ်တိုင်တော့ မခိုးပါဘူး"

"ဒါကြောင့်. . . ထပ်ပြီးတွက်ကြည့်လိုက်တော့ "လက်" ဖြစ်နေတယ်. . . ဒီတော့ "လက်ခါရမယ်"ဆိုတာ ဆက် စပ်တွေးတောမိတယ်. . . လက်ခါဖို့ဆိုတာကလည်း အိပ်မက်ထဲ မှာ တစ်ခုခု ရွံရှာစရာနဲ့တွေ့မှ ယောင်ရမ်းပြီး လက်ခါမိမယ်။ ဒါကြောင့် ဒီလက်စွပ်ဟာ လက်ခါရင်း အရှေ့မြောက်အရပ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်သွားလိမ့်မယ်. . . ဒါဟာ ဆက်စပ်ဆင်ခြင်တွေးတော ပြီး ဟောရတယ်''

''ဆရာလေးရယ်. . . ကျွန်တော့်အသက် ခြောက်ဆယ် ရှိပါပြီ. . . ဒီလို ဆက်စပ်တွေးတောဆင်ခြင်တဲ့ ပညာဆိုတာ တစ်ခါမျှ မကြားဖူးပါဘူး. . . တော်ပါပေတယ်''

လှျာစက်၏လက်ကိုကိုင်ကာ ချီးကျူးဂုဏ်ပြုခဲ့ပါတော့သည်။ သည်တော့မှ လှေထိုးသားအားလုံးက. . .။

''ကျွန်တော်တို့ ဆရာလေးကို အထင်မှားမိတာ တောင်းပန်ပါတယ်''

''ကျေနပ်ပါတယ်''

ဤသို့ဖြင့် လှျာစက်၏ ဗေဒင်ပညာကျွမ်းကျင်မှုကို သိရှိကာ လေးစားခဲ့ကြပါသည်။

မကြာမီ. . . လှျာစက် စီးလာသည့် အညာဆန်လှေကြီးမှာ စစ်ကိုင်းမြို့ရှိ လှေဆိပ်သို့ ဆိုက်ရောက်ခဲ့ပါသည်။

''ကဲ. . . ဆရာလေး. . . လှေဆိပ်မှာ လှေတွေအများကြီးပဲ. . . မေးပေတော့''





''ကောင်းပါပြီ''

လှျာစက်မှာ ဝမ်းသာအားရဖြင့် လှေပေါ်မှဆင်းသွားခဲ့သည်။ လှေဆိပ်တွင် ရပ်ထားသည့် လှေတစ်စင်းဆီသို့ သွား၍မေးရာ. . .။

''လှေသူကြီး ဦးဘိုးကွန့်ရဲ့ အညာဆန်လှေကြီးကို သိပါသလား''

''မသိပါဘူး''

''မသိ''ဟူသည့် အဖြေရ၍ နောက်ထပ် လှေများဆီသို့ သွားမေးရာ မည်သူမျှ ဦးဘိုးကွန့်ကို မသိကြချေ။ ထို့ကြောင့် လှျာစက်မှာ စိတ်ပျက်လက်ပျက်နှင့် ကမ်းစပ်၌ ထိုင်ခဲ့သည်။ သည်းအူနှင့် မိဘနှစ်ပါး၏ မွေးနေ့မွေးနံများကို မသိသည့်အတွက် သူတို့ မည်သည့်နေရာ၌ ရှိသည်ကို မတွက်နိုင်ပေ။ သို့ဖြင့် လက်မှိုင်ချကာ ထိုင်နေစဉ်. . . အဝေးတစ်နေရာမှ အညာဆန်လှေကြီးတစ်စင်း ဆိပ်ကမ်းသို့လာနေသည်ကို တွေ့လိုက်ရသည်။

''အင်း. . . ဟောဟိုကလာတဲ့ အညာဆန်လှေကြီးဟာ တော့ ဦးဘိုးကွန့်ရဲ့ အညာဆန်လှေကြီးလိုပဲ. . . [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆေးသုတ်ထားပါလား''

သူသည် ထိုလှေကြီးကိုမြင်သည်နှင့် အားတက်ကာ ငေးမောကြည့်ရှုနေခဲ့သည်။ လှေကြီးမှာ တဖြည်းဖြည်း နီးသထက် နီးလာပြီး မကြာမီတွင် လှေဆိပ်၌ ဆိုက်ကပ်လိုက်သည်။

လျှာစက်မှာ မျှော်လင့်ခြင်းကြီးစွာဖြင့် လှေပေါ်သို့ လှမ်းတက်လိုက်သည်။ ထို့နောက် လှေသူကြီးဆီသို့သွားကာ...။

''ဒါ...ဦးဘိုးကွန့်လှေ မဟုတ်လား''

''ဦးဘိုးကွန့်လှေ မဟုတ်ပါဘူးကွယ်''

ခေါင်းဖြူဖြူနှင့် လှေသူကြီးက ခပ်လေးလေး ပြောလိုက်သည်။ သည်တွင် လျှာစက်က...။

''ဦးလေး...လှေသူကြီး ဦးဘိုးကွန့်ကို သိသလား''

''သိတာပေါ့ကွယ်...သူက ငါတို့ရဲ့ဆရာပဲ''

''ဒါဆို...ဦးလေးက ဘယ်သူလဲ''

''ငါက...ဦးဘိုးကွန့်ဆီမှာ လှေထိုးလိုက်တဲ့ လှေထိုးသား သံခဲပေါ့''

''ဟင်...ဒါဆို...ဦးသံခဲကြီး ကျွန်တော့်ကို မမှတ်မိ





ဘူးလား''

''ကျွန်တော့်နာမည် လျှာစက်လေ...သည်းအူရဲ့သူငယ်ချင်း''

''သြော်...သိပြီ...သိပြီ...မင်းကလေးဘဝတုန်းက ငါတို့လှေနဲ့လိုက်လာတဲ့ ကောင်လေး မဟုတ်လား''

''သိပ်ဟုတ်တာပေါ့ ဦးလေးရယ်''

လျှာစက်မှာ သူ့ကိုမှတ်မိသွားသဖြင့် လွန်စွာ အားတက်ကာ...။

''ဦးလေး...သည်းအူရော ဘယ်မှာလဲ...သူကြီးဦးဘိုးကွန့်ရော...''

အားတက်သရော မေးလိုက်သည်။ သည်တွင် လှေသူကြီး ဦးသံခဲ၏မျက်နှာမှာ ညှိုးမှိုင်းသွားပြီး...။

''အဖြစ်တွေက ဆိုးလွန်းလို့...ဘယ်ကစပြီး ပြောရမှန်းတောင် မသိဘူး''

ဝမ်းနည်းသံကြီးနှင့် ပြောလိုက်ရာ လျှာစက်မှာ ထိတ်ကနဲ ဖြစ်သွားပြီး...။



www.burmeseclassic.com

www.burmeseclassic.com



''သည်းအူရော ဘာဖြစ်သွားလို့လဲ'' ဟုသို့မေးလိုက်ပါသည်။

''ကဲ. . . အဖြစ်အပျက်တွေကို အစအဆုံး ပြောပြမယ် နားထောင် လူလေး''

''ဟုတ်ကဲ့ပါ''

''လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့. . . သူကြီးနဲ့အတူ အရုန်အဆန် ခရီးသွားရင်း ရန်ကုန်အဝင် ပင်လယ်ဝမှာ လေကြီးမိုးကြီးမိပြီး လှေကြီး နစ်မြုပ်သွားခဲ့တယ်. . . ကံကောင်းချင်တော့ ဦးလေးက ပျဉ်တစ်ချပ်နဲ့ မျောချင်တာ မျောနေခဲ့တယ်''

''ဦးလေးရဲ့နောက်မှာ ပျဉ်တစ်ချပ်နဲ့ ကူးနေသူတွေကတော့ သူကြီးနဲ့ သည်းအူပဲ. . . လေတွေမိုးတွေ အရမ်းတိုက်ခတ်တော့ ပျဉ်တစ်ချပ်နဲ့ လူနှစ်ယောက် မနိုင်မနင်း သူကြီးက သိပုံရတယ်. . . သူ့သမီးအတွက် သူဟာ ပျဉ်တစ်ချပ်ကို စွန့်လွှတ်လိုက်ပုံရတယ်. . . လှမ်းကြည့်လိုက်တော့ ဦးလေးကို လက်ပြပြီး နှုတ်ဆက်သွားခဲ့တယ်. . . ပြီးတော့ ပင်လယ်ရေပြင်ကြီးအောက်မှာ အပြီးတိုင် နေသွားခဲ့တယ်''





ဦးသံခဲ၏စကားကို ကြားရသောအခါ လှျာစက်၏ရင်မှာ တလှပ်လှပ် တုန်ရီလာပြီး ဦးဘိုးကွန့်အတွက် များစွာ စိတ်မကောင်းဖြစ်ခဲ့ရသည်။

''ဦးလေး. . . ဒါဆို သည်းအူက အသက်ရှင်နေတာပေါ့နော်''

''အဲဒါကလည်း မရေရာ မသေချာပါဘူးကွာ. . . အဲဒီလှေကြီးနဲ့အတူ ဦးလေးကလွဲလို့ အားလုံး သေဆုံးကုန်တယ်၊ ဦးလေးလည်း သည်းအူကို လိုက်ရှာပါသေးတယ်. . . ဒါပေမယ့် မတွေ့ရတော့ဘူး. . . ဒီလိုနဲ့ တခြားလှေမှာလိုက်ရင်း ဒီလှေသူကြီးက အသက်ကြီးတော့ လှေမလိုက်နိုင်တာနဲ့ အလကားနီးပါးဈေးနဲ့ရောင်းလို့ ဝယ်လိုက်တယ်''

''ဒါဆို. . . သူကြီးရဲ့လှေအပိုင်ပေါ့''

''ဟုတ်ပါတယ်ကွာ. . . ငါလည်း သူကြီးကို သတိရတာနဲ့ အရင်ကလှေပုံစံအတိုင်း အစိမ်းနဲ့အနီ သုတ်လိုက်တယ်''

''ဒါဆို. . . သည်းအူတစ်ယောက်ဟာ သေသလား ရှင်သလားတောင် မသိဘူးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် လူလေးရယ်. . . ဒါပေမယ့် သတင်း တစ်ခုတော့ ကြားတယ်. . . မန္တလေးမှာ အရူးမတစ်ယောက်ဟာ သည်းအူနဲ့ အလွန်တူတယ်တဲ့. . . သီချင်းဆိုပြီး တောင်းရမ်းစား သောက်နေတယ်လို့ သတင်းကြားတယ်. . . ဦးလေးလည်း အဲဒီ သတင်းကြားကြားချင်း လိုက်ရှာပါသေးတယ်. . . ဒါပေမယ့် ဦးလေးတော့ ကံမဆုံလို့လားမသိဘူး. . . မတွေ့ခဲ့ဘူးကွယ်"

"ဒါဆို. . .ကျွန်တော် လိုက်ရှာမယ် ဦးလေး"

"သူက ရူးနေပြီဆိုတော့ မင်းကိုလည်း မှတ်မိမှာ မဟုတ် ပါဘူး. . . နောက်ပြီး မင်း ဒီအရူးမကို ဘယ်နေရာမှာ သွားထား မလဲ. . . ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်"

"ဦးလေး. . . ဒီလိုမပြောပါနဲ့. . . သည်းအူဟာ ကျွန်တော့် သူငယ်ချင်းလေ. . . သူဒုက္ခရောက်နေရင် ကျွန်တော် ကယ်ရမှာ ပေါ့. . . ဝန်ထုပ်ဝန်ပိုးဖြစ်လည်း ဘာဖြစ်လဲ. . . သူ့အဖေဟာ ကျွန်တော့်ကို လိုရာခရီးကို ပို့ဆောင်ပေးခဲ့တဲ့ ကျေးဇူးတရား ရှိတယ်. . . သူ့အဖေရဲ့ကိုယ်စား သည်းအူကို ကျွန်တော် စောင့် ရှောက်မယ်"





"မင်းရဲ့အတွေးဟာ မှန်ကန်ပါတယ်. . . ဒီလို ကျေးဇူး သိတတ်တဲ့ မင်းကို ဦးလေး ချီးကျူးပါတယ်"

"ဦးလေးရယ်. . . လူဟာ လူပီသဖို့ပဲ လိုအပ်ပါတယ်"

"ကဲ. . . ကိုလူပီသကြီးရယ်. . မန္တလေးကိုရောက်ရင် နန်းတော်ရှေ့ကိုသွားရှာပါ. . . တွေ့ခဲ့တဲ့သူက အဲဒီနားမှာ တွေ့ တယ်လို့ပြောတယ်. . . ဒါပေမယ့် မင်း သူ့ကိုတွေ့ဖို့ စိတ်ရှည် ရှည်နဲ့တော့ စောင့်ရလိမ့်မယ်"

"အို. . . ဘယ်လောက်စောင့်ရ စောင့်ရပါ ဦးလေးရယ်၊ သည်းအူကို တွေ့မယ်ဆိုရင် တစ်သက်လုံးစောင့်ဆိုလည်း စောင့် ပါ့မယ်"

"ကဲ. . . မင်း သည်းအူအပေါ် ဘယ်လောက် သစ္စာရှိ မလဲဆိုတာ ဦးလေး စောင့်ကြည့်မယ်"

"စောင့်နေပါ ဦးလေး. . . သည်းအူကိုတွေ့ရင် ဦးလေးရဲ့ လှေပေါ်ကို ခေါ်လာခဲ့မယ်"

"အိမ်း. . . ငါကလည်း တစ်သက်လုံးစောင့်မျှော်မှာပါ"

"ဦးလေး. . . ဒါဆိုရင် ကျွန်တော်တော့ လှေစောင့်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး. . . မြန်မြန်ရောက်အောင် ကုန်းလမ်းကပဲ သွားတော့မယ်''

''ကောင်းတယ်. . . ကောင်းတယ်''

သည်းအူ၏ သတင်းအစအနကိုရသဖြင့် လျှာစက်မှာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကုန်းလမ်းခရီးဖြင့် မန္တလေးကို ထွက်ခွာသွားခဲ့သည်။

➤ ➤ ➤



အခန်း ( ၉ )

"ဘုပွဲအရုပ်နှင့် မြွေလုံးစိပ်"

လျှာစက်မှာ မန္တလေးကိုရောက်သည်နှင့် နန်းတော်ရှေ့သို့ အရင်ဦးဆုံး သွားခဲ့သည်။ သည်းအူကို တွေ့လိုဇောဖြင့် ထိုနေရာအနီးတစ်ဝိုက်၌ တစ်နေ့ကုန် စောင့်ကြည့်ခဲ့သည်။ ယနေ့အဖို့ ဤနေရာ ဤဒေသသို့ အရူးမ ဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရောက်မလာခဲ့ပေ။

ထို့ကြောင့် နန်းတော်ရှေ့ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ ခွင့်တောင်းကာ တည်းခိုနေခဲ့သည်။ နေ့စဉ်နေ့တိုင်းဝင် နန်းတော်ရှေ့၌ ဟိုလျှောက်သည်လျှောက်နှင့် သည်းအူရူးတူသည်ဆိုသည့် အရူးမကို စောင့်ကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဘာလို့လိုနဲ့ ငါ ဒီမှာလာပြီး စောင့်ကြည့်ခဲ့တာ တစ်ပတ်တောင်ရှိပြီ. . . ဘာအရှုံးမှလည်း ရောက်မလာပါလား"

"ငါ. . . ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရပါ့"

ထိုသို့စဉ်းစားနေစဉ် ၎င်း၏ရှေ့သို့ သစ်လုံးတိုင်များ ထမ်းလာသည့်လူများ ရောက်ရှိလာပြီး ထိုနေရာ၌ သစ်လုံးများကို ပုံလိုက်သည်။ သစ်လုံးများမှာ ပထမတန်းစား ကောင်းမွန်သည့် သစ်လုံးများ ဖြစ်နေသဖြင့် လျှာစက်က မနေနိုင်ပဲ မေးလိုက်လေသည်။

"ဒီသစ်လုံးတိုင်တွေက ဘာလုပ်ဖို့လဲ"

"ဒီနေရာမှာ. . . ဇရပ်ဆောက်မလို့ဗျ"

ထိုသူ၏အသံမှာ စန်းပျက်နေသည့်အသံမျိုး ဖြစ်နေသည်။ ကောင်းကင်သို့မော့ပြီး ကောင်းကင်နက္ခတ်ကို ကြည့်လိုက်သောအခါ သွေးထွက်မည့်နိမိတ်ကို တွေ့သည့်အတွက်. . .။

"ဒီနေရာမှာ ဇရပ်မဆောက်လင့်. . . ထိခိုက်မည့်ဘေးနှင့် ကြုံတွေ့လိမ့်မည်"





လျှာစက်က ကြည့်ပြောလိုက်ရာ. . .။

ထိုသူက စိတ်ဆိုးမာန်ဆိုးနှင့်. . .။

"ခင်ဗျား ဘယ်သူလဲ. . . ဒီနေရာဟာ ကျုပ်တို့ရဲ့နက္ခတ်ဗေဒပညာရှိကြီး မဟာပညာကျော် ရွေးချယ်ထားတဲ့နေရာပဲ၊ ဘာ့ကြောင့် အခုလိုလာပြီး နှောင့်ယှက်ရသလဲ"

ခပ်ထန်ထန်ပြောလိုက်သည်။

"အသို့ဆိုလျှင် မင်းတို့ပညာရှိကြီးကို ပြန်မေးလိုက်. . . ရုပ်ကဲ့သို့ အရုပ်တကာလှည့်နေသည့် ကျေးတောသား ဗေဒင်ဆရာတစ်ဦးက အဟောထွက်သည်။ ဤနေရာ၌ သွေးထွက်သံယိုဖြစ်ကာ အမင်္ဂလာနေရာဖြစ်မည်. . . သို့အတွက် နေရာပြန်ရွေးလော့"

"ဒါဆိုရင်. . . ကျွန်တော်တို့ရဲ့ဆရာကြီးကို ပြန်ပြောလိုက်ဦး"

ထိုလူက ဤသို့ဆိုကာ ထွက်သွားလေသည်။

မကြာမီ ထိုသူရောက်ရှိလာကာ. . .။

"ဆရာကြီး အမှာရှိလိုက်သည်. . . သူကဲ့သို့သော ပညာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်သည် အရပ်တကာလှည့်နေသည့် ဖုန်းတောင်းရာဇကာ အဆင့် ရှိသောသူ၏ စကားကို စာမဖွဲ့အပ်ဟု ဆိုပါတယ်''

''ဒါဆိုလည်းကောင်းပါတယ်. . . အချိန်ဟာ မဟာပညာရှိ ဖြစ်ပေတယ်. . . အချိန်ကသာလျှင် အဆုံးအဖြတ်ကိုပေးအံ့''

ဟု ဆိုကာ သစ်လုံးတိုင်များအနီးတွင် ထိုင်နေခဲ့သည်။

ထိုသို့ထိုင်နေစဉ် အလုပ်သမားများသည် နောက်ထပ် သစ်လုံးတိုင်များကို ထပ်မံသယ်ဆောင်လာခဲ့သည်။ အလုပ်သမားတစ်ဦးသည် သစ်လုံးတိုင်တစ်တိုင်ကို သယ်ဆောင်လာစဉ် မွန်းတည့်နေ၏အောက်တွင် ထိုသစ်လုံးတိုင်မှာ လင်းကနဲ ဝင်းလက်သွားခဲ့သည်။

ဇင်းသည် ထိုတိုင်၏ အတိတ်နိမိတ်ကိုယူပြီး ကောင်းကင်သို့မော့ကြည့်ရာ. . .။

''အင်း. . . ဒီတိုင်မှာတော့ တစ်ခုခု ထူးခြားပေတော့မည်. . . ကောင်းကင်နက္ခအလိုအရ ကင်းမလက်မည်း ရာသီခွင်ထဲသို့ရောက်နေ၍ အဆိပ်မိအံ့''

ထိုသို့တွက်ချက်ပြီး သစ်လုံး ထမ်းလာသူအား လှမ်းစက်





သာ စိုးရိမ်စွာဖြင့်. . .။

''အသင်၏သစ်လုံးကို အမြန်ဆုံး အောက်သို့ချလော့''

ဟူ၍ ပြောလိုက်ရာ ထိုသူက. . .။

''သစ်လုံးတိုင်ပုံရာသို့ မရောက်သေးဘဲ ဒီလမ်းခေါင်ခေါင်မှာ ဘယ်လိုချရမလဲ''

''ဘာပဲဖြစ်ဖြစ်. . . အသင့်ရဲ့အသက်ကို မနှမြောရင်ဆင်ထမ်းပေတော့''

''ဟယ်. . . သူရူး. . . သင်ကား ငါ့၏အလုပ်ကို ပျက်စီးအောင်ပြောတိ၏. . . သင်သည် ငါ့၏ဆရာမဟုတ်သည့်အတွက်အသင့်ရဲ့စကားကို ကျူပ် နားမထောင်နိုင်ပေ. . . သစ်ပုံသို့သွားမည်. . . အသင် မနှောင့်ယှက်နှင့်''

ဟုဆိုကာ သစ်ပုံနားသို့ ထမ်းသွားရာ လှမ်းစက်မှ. . .။

''အင်း. . . ဒီလိုဆိုရင် သူ့ရဲ့အသက်ကို ငါ မကယ်နိုင်

ထိုသို့ပြောဆိုလိုက်၏။

သစ်လုံးတိုင်ထမ်းသမားလည်း သစ်ပုံနားသို့အရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားစဉ် သစ်လုံးအပေါက်ထဲမှာ အလွန်စိမ်းပြီး အရောင်တလက်လက်ဝင်းနေသော မြွေတစ်ကောင် ထွက်လာပြီး ၎င်း၏ပခုံးကို ကိုက်လိုက်လေသည်။

သစ်လုံးထမ်းသမားသည် ပခုံးနားတွင် ရှုးကနဲဖြစ်သွားသည့်အတွက် လန့်ဖျပ်ပြီး. . .။

"အား"ကနဲ အော်လိုက်လေသည်။

ထိုအခါ အခြားသော အလုပ်သမားများသည် သစ်လုံးထမ်းသမားထံမှ အော်သံကြားသဖြင့် အလန့်တကြားဖြစ်ကာ. . .

"ငထွေး. . . ဘာဖြစ်လို့လဲ"

"ငထွေး. . . ငထွေး. . . ဘာလို့အော်တာလဲ"

သည်တွင် ငထွေးမှာ သစ်လုံးတိုင်ကြီးကို ဘုန်းကနဲ ပစ်ချလိုက်သည်။ အလုပ်သမားများမှာ ငထွေး၏ထူးခြားမှုကြောင့် ၎င်းဆီသို့ အပြေးအလွှား စုရုံးရောက်ရှိလာခဲ့ကြသည်။

ထိုစဉ် သစ်လုံးထမ်းသမား ငထွေး၏ပခုံးတွင် သွေးများ ယိုစီးထွက်လာခဲ့သည်။

"ငထွေး ပခုံးမှာ သွေးတွေနဲ့ပါလား"





"ဒီသစ်လုံးအပေါက်ထဲက ဘာကောင်ကိုက်လိုက်သလဲ မသိဘူး. . . ရှုးကနဲဖြစ်သွားတယ်"

"မှန်းစမ်း"

"မင်းဟာ အစွယ်ရာနှစ်ခုပဲ"

၎င်းတို့သည် ငထွေး၏ဒဏ်ရာကိုကြည့်ပြီး ပြောနေစဉ် စောစောက ပစ်ချလိုက်သည့် သစ်လုံးထဲက အစိမ်းရောင်တောက်ပသည့်မြွေတစ်ကောင်သည် တရွေ့ရွေ့ မြေကြီးပေါ်၌ သွားနေပါတော့သည်။

"ဟာ. . . ဟိုမှာ. . . ဆေးမမီတဲ့ မြွေလုံးစိမ်းပဲ"

"ခုနက. . . ငထွေးကို ဒီကောင်ကိုက်သွားတာပဲဖြစ်မယ်"

"ရိုက်သတ်စမ်း"

"ဘုန်း"

"ဘုန်း"

"ဘုန်း"

လက်မြန်ခြေမြန် အလုပ်သမားများက ထိုမြွေလုံးစိမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သတ်လိုက်သည်။ ထိုစဉ် ထိုမြွေကိုက်ခံရသူသည် မတ်တပ်ရပ်နေရာမှ ဗိုင်းကနဲ လဲကျသွားပြီး. . .။

"မျက်စေ့တွေပြာလာပြီ. . . ဘာမှမမြင်ရတော့ဘူး"

ထိုသို့ပြောလိုက်သဖြင့် လှျာစက်က ၎င်း၏ပခုံးကိုကြည့်လိုက်ရာ ထိုနေရာမှာ သွေးများထွက်နေသည့် အပေါက်နှစ်ခုကိုတွေ့ရပြီး ချက်ချင်းပင် ယောင်ကိုင်းညိုမည်းလာပါသည်။

"မြွေစိမ်းလုံး ကိုက်သွားပြီ"

"ဒါဆို. . . ဆေးဆရာ သွားခေါ်ချေ"

"မြွေစိမ်းလုံးဟာ အဆိပ်ပြင်းလွန်းလို့ ဒီမြွေကိုက်ရင် ဆေးမမီဘူးတဲ့"

မြွေစိမ်းလုံးကား လွန်စွာ အဆိပ်ပြင်းလှသည်။ ထိုမြွေကိုက်ပြီးသည် တစ်ပြိုင်နက် တစ်ကိုယ်လုံးရှိ သွေးကြောများပေါက်ကွဲပြီး ချက်ချင်းပင် သွေးခဲပြီး မည်းနက်သွားကာ သေဆုံးတတ်ပါသည်။

ထိုသို့ တစ်ယောက်တစ်မျိုး ပြောဆိုနေစဉ်. . .။

လှျာစက် ပြောသည့်အတိုင်းပင် ဆေးဆရာရောက်လာ





သည့်အချိန်အထိ မနေတော့ပဲ တစ်ကိုယ်လုံး မည်းပြာကာ ထိုနေရာတွင် လဲကျသေဆုံးသွားပါတော့သည်။

သစ်လုံးထမ်းသမားများလည်း. . .။

"အခုတော့. . . နယ်လှည့်ဆရာလေး ပြောတဲ့အတိုင်း အဆိပ်ရှိတဲ့သတ္တဝါဖြစ်တဲ့ မြွေကိုက်ခံရလို့ သေွး သေပြီ. . . နက္ခတ်ဗေဒဆရာကြီး မဟာပညာကျော်ကို သွားပြောမှပဲ"

"ဟော့လူ. . . မင်းတို့ရဲ့ဆရာကြီးကို ပြောလိုက်ပါကွာ၊ လူသေတဲ့နေရာမှာ ဇရပ်ဆောက်သင့်သလားလို့"

ထိုသို့ လှျာစက်က ပြောလိုက်ရာ. . . ၎င်းအဟောအတိုင်း မှန်နေသည့်အတွက် ထိုလူက ထိတ်ထိတ်လန့်လန့်ဖြင့်

"ဟုတ်ကဲ့ပါ. . . အရပ်တကာလှည့်နေတဲ့ ကျေးဇူး[illegible] သား ဆရာလေး. . . ကျွန်တော် ပြောလိုက်ပါမယ်"

ဟူ၍ ပြောပြီး မြွေစိမ်းလုံးအသေကောင်ကို [illegible] ဆရာကြီးထံသို့ သွားလေသည်။

တစ်နာရီခန့်အကြာတွင် အဖြူရောင် [illegible] ဆိုက်ရောက်လာခဲ့သည်။ မြင်ရထား[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဓာပုဝါဖြင့် ပိတ်ကာထားသည်။ ထိုမြင်းရထားသည် လျှာစက်၏ ရှေ့တည့်တည့်၌ရပ်ကာ. . .။

"ခုနက. . . အမင်္ဂလာအရပ်ဖြစ်မည်ဟု ဟောလိုက်သည်မှာ အသင်လော"

ထိုမြင်းရထားအတွင်းမှ လူတစ်ယောက် ပြောလိုက်သည့်စကားသံကို ကြားလိုက်ရသည်။

ထိုအသံကို ကြားလိုက်စဉ် လျှာစက်မှာ. . .။

"အင်း. . . ဒီလူဟာ အသံရဲ့သြဇာနဲ့ပြည့်စုံပြီး အသက်အရွယ်ကြီးရင့်တဲ့ ပညာရှိတစ်ဦး ဖြစ်ပေမယ်"

ဟု တွေးတောလိုက်မိသည်။

ထို့ကြောင့် သူ၏အမေးကို ပြန်ဖြေလိုက်သည်။

"ဟုတ်ပေတယ်. . . ကျွန်တော်ဟာ အရပ်တကာ နယ်တကာ လှည့်နေတဲ့ ကျေးတောသားဆရာတစ်ယောက်ရဲ့ အဟောပဲဖြစ်ပါတယ်"

"အသင်ဟာ ငယ်ရွယ်သူဖြစ်ပြီး အတွေ့အကြုံနုနယ်သေး၏။ ယခုအဟောမှာလည်း ထန်းသီးကြွေခိုက် ကျီးနင်းခိုက်





ဆိုသလို တိုက်ဆိုင်မှုကြောင့်သာ ဖြစ်ပေတယ်။ ဒီနေရာဟာ ဟိုး. . . ရှေးဘိုးဘွားများလက်ထက်ကပင် ဗေဒင်အလိုအရ တွက်ချက်ပြီး ဇရပ်ဆောက်ခဲ့သည့်နေရာဖြစ်သည်။ ဇရပ်ကြီးမှာ ပျက်စီးပြိုပျက်သွားသည့်အတွက် ဒီနေရာမှာပဲ ထပ်မံဆောက်ခြင်း ဖြစ်ပေသည်"

"ဟိုးရှေးယခင်က သည်နေရာမှာ မင်္ဂလာအရပ်ဖြစ်၍ ဇရပ်ဆောက်ခဲ့သည် မှန်သော်လည်း. . . ယခုအချိန်မှာ ပြောင်းလဲနေသော နက္ခတ်တို့သဘောအရ ဘုမ္မိကျနေသည့်အတွက် ဤဇရပ်မှာ ပျက်စီးခြင်းသို့ ရောက်ခဲ့ရပြီ။ ယခုအချိန်တိုင်း ဘုမ္မိအရပ်ဖြစ်နေသည့်အတွက် မည်သို့သောဇရပ်မျှ ဆောက်ခွင့်မသာသေးပါ"

"အသင်သည် နက္ခတ်ဗေဒပညာ၌ အလွန်ပင် ကျွမ်းကျင်သူတစ်ဦး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့အတွက် ဤမျှသော အကြောင်းအရာကို ကျွန်ုပ် မငြင်းလိုပေ။ သို့သော် ခက်ခဲနက်နဲသည့် ပုစ္ဆာတစ်ခုကို အသင်နှင့်ကျွန်ုပ် အဖြေထုတ်အံ့"

"အပြိုင်အဆိုင် အဟောထုတ်ရမည်ဟု အသင်ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



သလော''

''မှန်ပေသည်''

''အသို့ဆိုလျှင်. . . ကောင်းစွတည်း''

''ဒါဆိုရင်. . . အသင်ဆရာလေး မှတ်သားထားပါလော့ နောက်တစ်လတိတိ အချိန် ဤသို့သော လဆန်းတစ်ရက်နေ့ နံနက်ကိုးနာရီတိတိအချိန်တွင် အောင်ပင်လယ်အရပ်၌ ကျွန်ုပ် နှင့်မင်း ဆုံတွေ့မည်။ ပုဏ္ဏာတစ်ခုကို ဖြိုင်တူ အဖြေထုတ်အံ့ ကိုင်း. . . ဘယ့်နှယ်လဲ. . . အရပ်တကာလှည့်နေတဲ့ ကျေးတော သား ဆရာလေး. . . သဘောတူညီပါစေ''

''ဆရာကြီး၏ဖိတ်ခေါ်မှုကို ကျွန်ုပ် သဘောတူပါသည်''

''သို့ဖြစ်လျှင်. . . ထိုနေရာသို့ ချိန်းဆိုသည့်နေ့ ချိန်းဆို သည့်အချိန်တွင် အသင် အရောက်လာခဲ့လော့''

''ကောင်းလှပြီ''

''ဒါဆိုလျှင်. . . သေဆုံးသူအတွက် စီစဉ်စရာရှိသည် ကို ကျွန်ုပ် စီစဉ်ရဦးမည်. . . ခွင့်ပြုပါလော့''

''ကောင်းလှပြီ''





ထိုသို့ပြောဆိုပြီးနောက် အဖြူရောင် ခံ့ညားလှသည့် မြင်းရထားကြီးသည် သေဆုံးသွားသည့် ငထွေးရှိရာသို့သွား ကာ. . .။

''ကဲ. . . ဒီအလောင်းကို သယ်ဆောင်သွားပေရော့၊ ဒါ့ အပြင် အမင်္ဂလာဖြစ်သွားသည့် သည်နေရာ၌ သစ်လုံးများကို မထားနှင့်. . . တစ်ပြနေရာသို့ ခေတ္တမျှ ရွှေ့ထားပါလော့''

''ကောင်းပါပြီ ဆရာကြီး''

သစ်လုံးသယ်သမားများသည် ထိုဆရာကြီး၏ အမိန့် အတိုင်း အမင်္ဂလာနေရာ၌ မထားတော့ပဲ သစ်လုံးများကို သယ် ယူနေခဲ့သည်။

လျှာစက်မှာလည်း ၎င်းအဖြစ်အပျက်ကို ကြည့်ရင်း သံဝေဂရမိသည်။

''ဩော်. . . ကိုငထွေး. . . ခုနကပင် လူကောင်းပကတိ သစ်လုံးများ သယ်နေသေးတယ်. . . အခုတော့ နာရီဝက်အတွင်း ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပြီ''

ဘဝတစ်ခု၏ လျှင်မြန်စွာ ပြောင်းလဲခြင်းအပေါ် စိတ်



www.burmeseclassic.com

မကောင်းခြင်းဖြစ်မိသည်။ ထိုအချိန်တွင် အဖြူရောင်မြင်းရထား လုံးကြီးမှာ ဤအရပ်မှ တဖြည်းဖြည်း ဝေးကွာသည့်နေရာသို့ ထွက်သွားခဲ့သည်။

"အင်း. . . ဒီဆရာကြီးနဲ့ နောက်တစ်လအကြာမှာ ပြန် တွေ့ကြမယ်တဲ့. . . ဒီတော့မှ သူ့ပညာ ကိုယ့်ပညာ ပြိုင်ဆိုင် ကြတာပေါ့. . . အဲဒီအခါမှာတော့ ကျွန်းနဲ့ဆင် လယ်ပြင်မှာ တွေ့ ရလိမ့်မယ်"

လျှာစက်ကလည်း ဗေဒင်ပညာထက်မြက်သည့် လူများ နှင့် တွေ့ဆုံချင်သည့်အတွက် ဤသို့ ရေရွတ်လိုက်သည်။

ထိုအချိန်တွင် ခပ်လှမ်းလှမ်း တစ်နေရာမှ တေးသံက လေးတစ်သံကို ကြားလိုက်ရသည်။

"မှန်နန်းဆောင် ဘုံရဝေနန်းမှာလေ. . . ကြုံခဲ့ရကျွန်မ ဘဝမှာ ကြင်ဖော်ဝေးသမို့. . . ခွေးထုဗျာပါ"

သည်အသံကလေးကို ကြားလိုက်ရစဉ် လျှာစက်၏ရင် ၌ တဒိန်းဒိန်း ခုန်လာသည်။ သည်အချိန်မျိုးမှာ သီချင်းသီဆို မှုသည် သူရူးသာ ဖြစ်ခြိမ့်မည်. . .။





ထို့ကြောင့် သီချင်းသံ ကြားရာဆီသို့ လှမ်းကြည့်လိုက် သည်။ ဟိုး. . . ခပ်လှမ်းလှမ်းတစ်နေရာမှာ သူရူးမတစ်ဦးကို လှမ်းတွေ့လိုက်သည်။ သူရူးမသည် သီချင်းသီဆိုရင်း ခုန်ပေါက် ကာခုန်ကာ ရှေ့သို့ တူရူလာနေသည်။ သူမကို သေသေချာချာ လှမ်းကြည့်တော့လည်း အလှမ်းဝေးနေသဖြင့် သဲသဲကွဲကွဲ မတွေ့ ရပေ။

"အင်း. . . ဒီကကြည့်တော့လည်း သိပ်ပြီး မသဲကွဲဘူး။ အနီးကပ်ကြည့်တာတောင် ဆယ်နှစ်ကျော်ကွဲနေတဲ့ သည်းအူကို ဒီ မှတ်မိပါ့မလား"

"ဘာပဲဖြစ်ဖြစ်. . . သည်းအူပဲ ဖြစ်ပါစေတော့"

ထိုသို့တွေးတောကာ ရပ်ကြည့်နေစဉ်. . . သူရူးမှာ ရှေ့ သို့လာနေရာမှ ရုတ်တရက် စိတ်ဖောက်သွားသည့်အလား လမ်း ချိုးတစ်ခုထဲသို့ ပြေးဝင်သွားပါတော့သည်။

"ဟယ်. . . ဒီကောင်မလေး. . . လမ်းချိုးတစ်ခုထဲ ပြေး ဝင်သွားပြီ"

"ငါ. . . သူ့နောက်ကို အပြေးလိုက်ကြည့်မှပဲ. . . ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



သည်းအူ ဟုတ်မဟုတ် သိမယ်''

ဤသို့တွေးကာ လျှာစက်သည် သူရှူးမ ချိုးဝင်ရာသ
သို့ အပြေးကလေး လိုက်လာခဲ့သည်။ ထိုရပ်ကွက်မှာ တဲအိ
ပုတ်အဟောင်းလေးများစွာရှိပြီး တစ်အိမ်နှင့်တစ်အိမ်မှာ စနစ်မကျ
ပဲ ဆောက်ထားသည့်အတွက် သူရှူးမ မည်သည့်နေရာသို့ ပျော
ဝင်သွားမှန်း မသိချေ။

လျှာစက်မှာ အချိန်အတော်ကြာမျှ ရှာကြည့်သော်လည်း
မတွေ့ရသဖြင့် စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့ပါတော့သည်။

''သည်းအူလား. . . သူရှူးမလား. . . ဘာပဲဖြစ်ဖြစ်
သည်းအူကို အရမ်းတွေ့ချင်လှပြီ. . . ရှာသူမောရပါလား သည်း
အူရယ်''

➤ ➤ ➤



အခန်း ( ၁၀ )

''ဟောင့် မသည်းအူ''

သည်နေ့ညတွင် လျှာစက်မှာ မအိပ်နိုင်ပဲ တလူးလူး
လိမ့်လိမ့်ဖြင့် တွေးနေသည်။ ထို့နောက် သူရှူးမ၏ သီချင်းသံ
လေးကို ပြန်၍ စဉ်းစားနေမိသည်။

''မှန်နန်းဆောင်ဘုံရဝေနန်းမှာလ ကြုံခဲ့ရ ကျွန်မဘဝ
မှာ. . . ကြင်ဖော်ဝေးသမို့ ဆွေးထုဗျာပါ''

''အင်း. . . ဒီသီချင်းလေးရဲ့အဓိပ္ပါယ်က သူလည်း ကြင်
ဖော်ဝေးနေလို့ လွမ်းဆွေးနေတယ်လို့ ဆိုတာပဲ''

''သည်းအူကလေးပဲ ဖြစ်လိုက်ပါတော့''

''သည်းအူရယ်. . . မြန်မြန်သာ တွေ့ရပါစေတော့



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တမ်းတမ်းတတနှင့် အိပ်ပျော်သွားခဲ့သည်။

ထိုနေ့ညက. . . အိပ်မက်တစ်ခု မြင်မက်ခဲ့ပါသည်။

အိပ်မက်ထဲတွင် သည်နေ့တွေ့လိုက်ရသည့် သူရူးမကို တွေ့လိုက်ရသဖြင့်. . .။

"သည်းအူ. . . သည်းအူ"

ဟုခေါ်ကာ သူမဆီသို့ အပြေးသွားခဲ့သည်။

ဤသို့ဖြင့် အနီးသို့ရောက်သွားသောအခါ သူရူးမအား

"နင်. . . သည်းအူလား"

"ငါ့နာမည် သည်းအူလား. . . ဘာလား ငါမသိ. . . ငါသိတာ ငါ့နာမည် မယ်သုည"

"နင်. . . မယ်သုည ဟုတ်လား"

"ဟုတ်တယ်. . . မယ်သုညပေါ့. . . ဒီမှာလေ နင်ပေးထားတဲ့ ရွှေကြုတ်ကလေးလေ. . . နင် မှတ်မိသေးရဲ့လား"

"အေး. . . အေး. . . ငါမှတ်မိပြီ"

ထိုစဉ် အိပ်မက်မှ လန့်နိုးလာခဲ့သည်။

သည်တော့မှ. . . မှတ်မိလိုက်သည်။





"ဩော်. . . ငါ သူ့ကို ရွှေကြုတ်ကလေး ပေးထားမှုတော့ ပဲ. . . အခုရော အဲဒီရွှေကြုတ်ကလေးရော ရှိမှရှိပါလေစ"

"အင်း. . . ငါပေးထားတဲ့ ရွှေကြုတ်ဟာ သူနဲ့ငါနဲ့ကြားမှာ အမှတ်ရစေမယ့် အမှတ်အသားတစ်ခုပဲ"

"ဒီနေ့မနက်မှာ သူပျောက်သွားတဲ့လမ်းကြားမှာ သွားရှာမှပဲ"

ဤသို့စဉ်းစားကာ ထိုနေ့နံနက်စောစောတွင် မနေ့က တွေ့ခဲ့သည့် လမ်းချိုးကလေး၏ထိပ်၌ ထိုင်စောင့်နေခဲ့သည်။

တဖြည်းဖြည်း အရုဏ်ကျင်း၍ အလင်းသို့ရောက်လာခဲ့သည်။

နံနက်ခြောက်နာရီခန့်အချိန်သို့ ရောက်ချိန်တွင်. . .။

"မှန်နန်းဆောင်ဘုံရဲ့ဝေနန်းမှာလ. . . ကြုံခဲ့ရကျွန်မ ဘဝမှာ. . . ကြင်ဖော်ဝေးသမို့ ဆွေးထုမျာပါ"

ထိုသီချင်းသံကလေးကို ကြားလိုက်ရသည်။

"ဟော. . . သီချင်းသံကလေးပါလား"

"သူ. . . သူလာပြီနဲ့တူတယ်"

လျှာစက်သည် အသံလာရာသို့ လှမ်းကြည့်လိုက်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က တွေ့လိုက်ရသည့် သူရူးမလေးကို တွေ့လိုက်ရသည်။ အဝါနုရောင် ပုဝါပါးပါးကလေးကို ခေါင်းပေါ်ခြုံကာ အဝါနုရောင်အင်္ကျီနှင့် ထမီကလေးကို ဝတ်ဆင်ထားသည်။ ဆံပင်ဖားလျား ချထားပြီး သီချင်းကလေး တအေးအေးဖြင့် ခုန်ပေါက်ထွက်လာခဲ့သည်။

"အင်း. . . သူတော့ ထွက်လာခဲ့ပြီ. . . အိပ်မက်ထဲက သို့ သူ့နာမည်ရော/ သူသိပါ့မလား မသိဘူး. . . သည်းအူမဟုတ်ဲ တခြားမိန်းမတစ်ယောက်ကို သည်းအူထင်မိရင်လည်း ဒုက္ခပဲ"

ထိုသို့စဉ်းစားကာ သူရူးမအား ကြည့်နေစဉ်. . .။

လမ်းချိုးကလေးထဲမှ ရုပ်ခပ်ကြမ်းကြမ်းယောကျ်ားငါးဦး ထွက်လာပြီး. . .

"ဟဲ့ အရူးမ. . . ငါ့နောက်ကိုလိုက်ခဲ့"

ပြောပြောဆိုဆို သူမ၏လက်ကို လှမ်းဆွဲလိုက်သည်။

"ဖယ်စမ်း. . . ငါ့ကိုဘာမှတ်နေသလဲ. . . ငါက ဘုရင့်သမီးတော်ကလေး. . . ငါအော်လိုက်ရင် ရဲမက်တွေ ရောက်လာ





လိမ့်မယ်"

"အရူးမပါးစပ်က ရဲမက်တွေ ဘာတွေ ပြောမနေနဲ့ ငါတို့ကိုကြောက်လို့ နင့်ကို ဘယ်သူမှ လာမကူဘူး"

"ဟဲ့ ကောင်မ. . . ငါတို့နဲ့အတူတူ လိုက်မလား. . . မလိုက်ဖူးလား ပြောစမ်း"

"မလိုက်ဘူး"

"မလိုက်ရင် ဆွဲကွာ"

"လာ. . . လိုက်ခဲ့"

သူမကို လူမိုက်တစ်စုက ဆွဲလားရမ်းလား လုပ်နေခဲ့သည်။ သည့်တွင် သူမက. . .။

"ကယ်ကြပါဦးရှင်"

"ကယ်ကြပါဦးရှင်"

အသံခပ်ကျယ်ကျယ်နှင့် အော်ဟစ်လိုက်ပါသည်။

ထိုလမ်းချိုးထဲမှ လူများမှာ ထိုလူမိုက်များနှင့် မယှဉ်ပြိုင်ဝံ့သဖြင့် မည်သူမျှ ထွက်လာခြင်း မရှိပေ။ လူမိုက်တစ်စုက သူမအား အတင်းဗိုင်းရှဲဆွဲနေသည်။ မြင်မကောင်းအောင် အရွတ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပါသွားခဲ့သည်။

"အင်း...ဒီကောင်တွေပုံက နမသားချင်း စာနာမယ့် ပုံမရှိဘူး...မိန်းကလေးတစ်ယောက် ရေတိမ်နစ်ရမယ့်ကိန်းမျိုး ပဲ...ဘာပဲဖြစ်ဖြစ် ငါဟာ အမျိုးကောင်း ယောကျ်ားတစ်ယောက်ပဲ...ငါ့ရှေ့မှာ မတရားမြင်ရင် လက်ပိုက်ကြည့်မနေနိုင်ဘူး...တာဝန်သိ လူသားတစ်ဦးအနေနဲ့ ဒီသူရူးမကို ကာကွယ်မှဖြစ်မယ်"

ထိုသို့တွေးကာ အနီးအနား၌ လိုက်ရှာရာ နှစ်တစ်လက်မ ဘုတ်ချောင်းတစ်ချောင်းကို တွေ့သဖြင့် ကောက်ယူကာ လူမိုက်များဆီသို့ အပြေးသွားပြီး လျှာစက်က ဦးအောင်...။

"ခွမ်း"

"ခွမ်း"

"ခွမ်း"

လူဆိုးများ၏ဦးခေါင်းကို ပြေးပြေးရိုက်ရိုက် ရိုက်လိုက်ရာ လူဆိုးသုံးဦး လဲကျသွားခဲ့သည်။

ကျန်နှစ်ဦးမှာ လျှာစက်အား အံ့အားသင့်စွာ ကြည့်နေ





ရာမှ လူမိုက်ခေါင်းဆောင်က လျှာစက်အား တိုက်ခိုက်ရန် အသင့်အနေအထားနေလိုက်ကာ...။

"ဟေ့ကောင်...တို့အလုပ်ထဲမှာ ဝင်ရှုပ်ရအောင် မင်းဘယ်သူလဲ"

"ငါ...ဘယ်သူဖြစ်ဖြစ် အရေးမကြီးဘူး...ဒီကောင်မလေးကို လွှတ်လိုက်"

"ဘာဖြစ်လို့ လွှတ်ရမှာလဲ...မင်း အမိန့်ပေးတိုင်း ငါက နာခံရမှာလား"

"ဒါဆို...ကောင်းပြီ...မင်းစတိုက်ပါ"

လျှာစက်က ရသေ့ကြီးထံမှ ကိုယ်ခံပညာကို ကောင်းစွာသင်ထားသူဖြစ်၍ လူမိုက်ခေါင်းဆောင်အား စတင်တိုက်ခိုက်ရန် စိန်ခေါ်လိုက်သည်။

သည်တွင် လူမိုက်ခေါင်းဆောင်ကလည်း...။

"ဟေ့ကောင် ငတိုး...အရူးမကိုခေါ်ပြီး အဝေးကိုသွားနှင့်...ပြီးရင် သူ့လည်ပင်းကရွှေကြိုးကို ဖြုတ်ထားလိုက်"

"ကောင်းပါပြီ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုကယ်ကြပါ. . . သူတို့ ကျွန်မရဲ့ရွှေကြုတ်ကို လုနေကြပြီ"

ရွှေကြုတ်ဆိုသည့် အသံကိုကြားသည်နှင့် လျှာစက်မှာ ခေါင်းနပမ်းကြီးသွားပါတော့သည်။

"ရွှေကြုတ်ဆိုပါလား. . . ဘယ်လိုရွှေကြုတ်ပါလိမ့်. . . ငါ ပေးထားတဲ့ ရွှေကြုတ်လားမသိဘူး"

ရွှေကြုတ်ကိုလည်း မတွေ့ရသဖြင့် ထိုသို့တွေးပြီး စိတ် လွတ်သွားစဉ် လူမိုက်ခေါင်းဆောင်က သူ့ကို စတင်၍ လက်သီး နှင့် ထိုးလိုက်သည်။

"ခွပ်"

လျှာစက်မှာ စိတ်ပျံ့လွင့်သွားသည့်အတွက် လူမိုက်ခေါင်း ဆောင်၏ လက်သီးစာ မိသွားပြီး မြေကြီးပေါ်သို့ လဲကျသွား သည်။ သည်တွင် လူဆိုးခေါင်းဆောင်မှာ သူ့ကိုယ်သူ အထင် ကြီးသွားပြီး လျှာစက်၏အကျီစကိုဆွဲကာ ထပ်မံ၍ လက်သီးနှင့် ထိုးမည်ပြုစဉ် လျှာစက်က လုလုပပ တိမ်းရှောင်ပြီး လူမိုက် ခေါင်းဆောင်၏မျက်နှာကို လက်သီးဖြင့် နှစ်ချက်ဆင့်၍ထိုးလိုက်





ရာ လူမိုက်ခေါင်းဆောင်မှာ မြေကြီးပေါ်သို့ ဗိုင်းကနဲ လဲကျသွား သည်။

ဤတွင် လူမိုက်ခေါင်းဆောင်၏ရင်ဘတ်အား ခြေထောက် နှင့် ခပ်နာနာနင်းထားပြီး. . .။

"ဟေ့ကောင်. . . မင်းတပည့်ဆီက ရွှေကြုတ်ကို ငါ့ဆီ လာပေးစမ်း. . . မပေးလို့ကတော့ မင်းရဲ့လည်ပင်းကိုနင်းပြီး သတ်ပစ်မယ်"

ဤသို့ပြောလိုက်ရာ လူမိုက်ခေါင်းဆောင်မှာ သေမည် စိုးသဖြင့်. . .။

"ဟေ့ကောင် ဝေဒိုး. . ရွှေကြုတ်ကိုယူလာပြီး ပေးလိုက်စမ်း"

"ဟုတ်ကဲ့ ဆရာကြီး"

၎င်း၏တပည့်သည် အရှုံးမထံမှ ဖြုတ်ယူထားသည့် ရွှေ ကြုတ်ကို လျှာစက်အား ကြောက်ကြောက်လန့်လန့်နှင့် ပေးလိုက် ရာ. . .။

"ဟင်. . . ငါပေးထားတဲ့ ရွှေကြုတ်လေးပါလား"

ဟု၍ စိတ်ထဲမှ ရေရွတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်. . . လူဆိုးမှာ ဟိတ်ဟူသော စကားနှဲ့အညီ

"ငါက လူဆိုးကြီး ဦးဒေဝရဲ့သား. . . လူဆိုးကြီး မိုးစက်ဆိုတာ ငါပဲ"

ဟူ၍ ခပ်ထန်ထန် မာန်နှင့် ဟိန်းဟောက်လိုက်ပါတော့သည်။

"လူဆိုးကြီး ဦးဒေဝကို ကြားဖူးပါတယ်. . . လူဆိုးကြီး မိုးစက်မှန်း မသိလို့ပါ. . . တောင်းပန်ပါတယ်"

လှမိုက်တစ်သိုက်မှာ လူဆိုးကြီးဟူသည့် စကားကိုကြားသည်နှင့် ကြောက်လန့်ကာ ထိုနေရာမှ ပြေးထွက်သွားတော့သည်။

လျှာစက် လှမ်းကြည့်လိုက်သောအခါ ရှက်ရွံ့စိုးထိတ်စွာနှင့် ပုဝါကလေးကို ခေါင်းမြီးခြုံထားရာမှ ခြောင်းကြည့်နေသည့် အရူးမလေးကို တွေ့လိုက်ရသည်။ လျှာစက်သည် ရွှေကြုတ်ကလေးကို လှည့်ပြီး ဖွင့်လိုက်သောအခါ. . .။

ထိုအထဲမှ. . . "မင်းလျှာစက်"ဟူသော စာတမ်းရေးထိုးထားသည့် ရွှေပြာကလေးကို တွေ့လိုက်ရသည်။

သည်စာတမ်းကလေးက သည်းအူဖြစ်ကြောင်း သက်သေဖြစ်ခဲ့သည်။





"ရော့. . . ညီမရဲ့ ရွှေကြုတ်လေး"

ထိုသို့ပြောဆိုပြီး သူမထံသို့ ပြန်ပေးလိုက်ရာ သူမက လျှင်မြန်စွာ ဆွဲယူရင်း. . .။

"ဒါ. . . ငါ့သူငယ်ချင်းက ပေးထားတာ"

ထိုစကားကိုကြားရ၍ လျှာစက်မှာ အားရဝမ်းသာဖြစ်ကာ. . .။

"မင်း. . . အဲဒီအကြောင်းကို မှတ်မိတယ် ဟုတ်လား"

ဤသို့မေးလိုက်ရာ. . .။

သူမက အူကြောင်ကြောင်နှင့် ဘာမျှမပြောတော့ပဲ ရွှေကြုတ်ကလေးကိုဝှက်လိုက်သည်။

"ဒါဆို. . . နင့်နာမည် ဘယ်သူလဲ"

"ငါ့နာမည် မယ်သူည"

"နင့်နာမည်. . . သည်းအူ မဟုတ်လား"

"သည်းအူ. . . သည်းအူ. . . ဒီနာမည်ကို ကြားဖူးသလို"

ထိုသို့ပြောဆိုနေစဉ် လမ်းချိုးကလေးထဲသို့ မိန်းမကြီးတစ်ယောက် ပြေးလာပြီး. . .။



www.burmeseclassic.com

www.burmeseclassic.com



"မယ်သုညရယ်. . . စောစောစီးစီး ဘယ်သွားနေတာလဲ. . . အဒေါ်မှာ လိုက်ရှာလိုက်ရတာ"

"အဒေါ်. . . ကျွန်မကို လူဆိုးတွေ လိုက်ဆွဲလို့"

"ဟင်. . . ဟုတ်လား. . . ဘယ်မလဲ လူဆိုး"

အဒေါ်ဆိုသည့် အမျိုးသမီးက လျှာစက်ကိုလှမ်းကြည့်လိုက်ရာ. . .။

လျှာစက်ကလည်း အထင်မှားမည်စိုးသဖြင့်. . .။

"လူမိုက်ငါးယောက်က သူ့ကို ဆွဲလားရမ်းလားလုပ်ပြီး ရွှေကြိုးကို လုသွားလို့. . . ကျွန်တော်က သူ့ဘက်ကနေပြီး တိုက်ခိုက်ပေးလို့ သူတို့ ထွက်ပြေးသွားပြီ"

အဖြစ်မှန်ကို ခပ်မြန်မြန်ကလေး ရှင်းပြလိုက်သည်။

"ဒါဆို. . . ကျေးဇူးတင်ပါတယ် ငါ့တူရယ်. . . အဒေါ့်တူမလေးကို အခုလို ကယ်တင်ပေးတဲ့အတွက် မောင်ရင့်ကို ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ်. . . ဒါဟာ အားနွဲ့တဲ့ မိန်းမသားတွေကို ကာကွယ်ရမှာ ကျွန်တော်တို့ယောကျ်ားတွေရဲ့ တာဝန်လို့ထင်လို့





ပါ"

"ငါ့တူလို သူတော်ကောင်းနဲ့တွေ့ပေလို့. . . နို့မို့ရင် မတွေးရဲဘူး. . . ငါ့တူ အပန်းမကြီးဘူးဆိုရင် အဒေါ်တို့အိမ်ကို လိုက်ခဲ့ပါလား"

နဂိုကမှ လိုက်ချင်နေသည့် လျှာစက်မှာ မငြင်းတော့ပဲ အဒေါ်ဆိုသူ၏ ခေါ်ရာသို့ လိုက်ပါသွားခဲ့သည်။

ထိုသို့ဖြင့် ထိုတဲပုတ်များအလွန်ရှိ နှစ်ထပ်အိမ်မည်းဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် မယ်သုညအကြောင်း ပြောပါသည်။

"မိုးတွေရွာတဲ့နေ့တစ်နေ့မှာ အဲဒီကလေးမလေးဟာ ရန်ကုန်မြစ်ဝမှာ ပျဉ်တစ်ချပ်နဲ့ မျောနေတာတွေ့လို့ အဒေါ့်ရဲ့မောင် လှေသူကြီးက ကယ်တင်ထားခဲ့တယ်. . . အဲဒီကတည်းက သူဟာ ဘာမှသတိမရတော့ဘူး. . . ပြောချင်တာပြောပြီး ဦးနှောက်ထိခိုက်သွားတယ်. . . အဒေါ့်ရဲ့မောင်က မိန်းကလေးမို့ သူ့နဲ့နေတာ မသင့်တော်ဘူးဆိုပြီး အဒေါ်နေတဲ့ မန္တလေးမြို့ဆီကို ပို့ခဲ့လို့ အဒေါ်ကပဲ လက်ခံပြီး ကျွေးမွေးပြုစုခဲ့တာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပါပကော''

''ဩော်. . . တော်တော်တောင်ကြာပြီပဲ''

''ဟုတ်ပါတယ်ကွယ်. . . သူက အခေါ်အလစ်မှာ ထွက်ထွက်သွားပြီး သီချင်းတွေဆိုနေတတ်တယ်''

''ဒါနဲ့. . . သူ့နာမည်ကရော ဘယ်သူလဲ''

''အဲဒါလည်း မေးလို့မရလို့ မယ်သုညလို့ပဲ ခေါ်ခဲ့ကြတယ်. . . သူ့မှာ ရွှေကြုတ်ကလေးတစ်ခုတော့ လည်ပင်းမှာ ဆွဲလျှက်ပါလာခဲ့တယ်. . . အဲဒါ ဘယ်သူ့ဟာလည်းလို့မေးတော့ သူ့သူငယ်ချင်း ပေးထားတာလို့ပြောတယ်. . . အဲဒါတစ်ခုပဲ မေးလို့ရတယ်''

''သူ့အကြောင်း ကျွန်တော် အားလုံးသိတယ်. . . သူဟာ ကျွန်တော့်သူငယ်ချင်း သည်းအူပဲ''

''ဟင်. . . မင်းသူ့ကို ဘယ်လိုသိသလဲ''

''သူ့ရဲ့ရွှေကြုတ်ကလေးဟာ ကျွန်တော် ပေးထားတဲ့ ရွှေကြုတ်ပါ. . . အဲဒီရွှေကြုတ်ကလေးကိုဖွင့်ကြည့်ရင် ကျွန်တော့် နာမည် ရေးထိုးထားတဲ့ ''မင်းလျှာစက်''ဆိုတဲ့နာမည် ရေးထိုး





ထားတဲ့ ရွှေပြား ရှိပါတယ်''

''ဟုတ်တယ်. . . ဟုတ်တယ်. . . အခေါ်လည်း ဒီရွှေကြုတ်ကို ဖွင့်ကြည့်ဖူးတယ်. . . မင်းပြောတဲ့နာမည်ကို တွေ့တယ်''

''ဟုတ်ပါတယ်. . . သူနဲ့ကျွန်တော်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်နှစ်ကျော်က စတင်ပြီး တွေ့ခဲ့ပါတယ်''

ထိုသို့အစချီကာ သည်းအူနှင့် သူ၏ ဇာတ်လမ်းအပြည့်အစုံကို ပြောကြားလိုက်ပါသည်။

''အို. . . ဒါဆို. . . မင်းသုညဘဝက ဆိုးလှချည့်လားသနားစရာပါပဲ''

''ဟုတ်ပါတယ် အခေါ်. . . အခု သူ့ရဲ့စိတ်ဝေဒနာကို ပျောက်ကင်းအောင် ကုသနိုင်တဲ့ဆရာကို ခေါ်ပေးပါ. . . ကျွန်တော် ကျသလောက် စရိတ်ခံပါမယ်. . . ကျွန်တော်ဟာ ဗေဒင်ဆရာ လျှာစက်ပါ''

''ဩော်. . . ဗေဒင်ဆရာလား. . . အခေါ်ကတော့ မောင်မြစ်သူ လေ့သူကြီးရဲ့ ထောက်ပံ့တာကိုစားနေရတော့ မယ်သုညကို ဆေးမကုနိုင်ဘူးကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တို့က သည်းအူကို ဒီလောက်ပြုစုကျွေးမွေး စောင့်ရှောက်ထားတာနဲ့တင် ကျေးဇူးကြီးလှပါပြီ"

"ဒါနဲ့. . . ဆရာလေးက ဘယ်မှာနေတာလဲ"

"ကျွန်တော်က နန်းရှေ့က ဘုန်းကြီးကျောင်းမှာ ခေတ္တ တည်းနေပါတယ်. . . အဒေါ် သူ့ကို ဆေးဆရာခေါ်ပြီး ကုပေး ပါ. . . ဒီမှာ ငွေတွေပါလာတယ်. . . အဒေါ်ယူထားပါ. . . ကျွန် တော်လည်း နေ့တိုင်း လာကြည့်ပါမယ်"

လှျာစက်က ပါလာသည့်ငွေများကို အဒေါ်အားပေးလိုက် သဖြင့် အဒေါ်လည်း ဝမ်းသာအားရ ဖြစ်သွားခဲ့သည်။

"အဒေါ့်နာမည် ဒေါ်ဒေါ်မြတဲ့. . . ဆရာလေးနှမကို ကောင်းကောင်းကုပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အဒေါ်"

လှျာစက်မှာ ညနေစောင်းမှ ဒေါ်ဒေါ်မြတို့အိမ်မှ ပြန်လာ ခဲ့သည်။ အနှစ်နှစ် အလလက ရှာခဲ့ရသည့် သည်းအူကလေး ကို ပြန်တွေ့ရသဖြင့် လွန်စွာ ပျော်ရွှင်စွာဖြင့် ပြန်လာခဲ့သည်။

"သည်းအူလေးကို မတွေ့ရတော့ဘူးလို့ ထင်နေတာ





အခုပြန်တွေ့ရတာ အရမ်းပျော်တာပဲ. . . ဒီနေ့ဟာ ငါ့ရဲ့အပျော် ဆုံးနေ့ပါပဲ"

တစ်ကိုယ်တည်း ရေရွတ်ရင်း ကျောင်းပေါ်သို့ တက်လာ ခဲ့သည်။ နောက်တစ်နေ့မှစ၍ သည်းအူတို့အိမ်သို့ နေ့တိုင်းသွား ကာ ပါလာသည့်ငွေများကို ထပ်ပေးရင်း သည်းအူအား စိတ် အနာရှင်များကို အထူးကုသပေးသည့် ဆရာကြီး ဦးဘရှင်ဆိုသူ နှင့် ကုသပေးခဲ့ပါသည်။

ထိုဆေးဆရာကြီးနှင့် တစ်ပတ်မျှ ကုသခဲ့ရာ အတော် အတန် သတိရလာခဲ့ပါသည်။

"သမီးနာမည် ဘယ်သူလဲ"

"မသည်းအူပါ"

"သမီး. . . အဖေ့နာမည်ရော ဘယ်သူလဲ"

"ဦးဘိုးကွန့်ပါ"

"ဒါနဲ့. . . လှျာစက်ကိုသိသလား"

"မသိဘူး"

သူမသည် တစ်ပိုင်းတစ်စကို ပြန်လည်သတိရလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်တွင် ဆရာကြီးက. . .။

"တစ်ပတ်အတွင်းမှာ ဒီလောက်ထူးခြားမှုရှိရင်. . . တစ်လလောက်ကုလိုက်ရင် အကောင်းပကတိ ဖြစ်သွားနိုင်တယ်"

"ဆရာကြီးရယ်. . . သည်းအူ ပြန်ပြီးနေကောင်းအောင်သာ ကုပေးပါ. . . ကျေးဇူးမမေ့ပါဘူး. . . ငွေသားတွေ ထပ်ပေးပါ့မယ်"

"ရှုပါတယ်. . . ဒီလောက်နဲ့ပြည့်စုံပါပြီ. . . ဆရာကြီးက အသပြာဆရာ မဟုတ်ပါဘူး. . . စေတနာဆရာပါ"

"ဟုတ်ကဲ့ပါ. . . ကျေးဇူးတင်ပါတယ် ဆရာကြီး"

လျှာစက်မှာ ငွေအသပြာရရှိရန်အတွက် နန်းရှေ့ဘုန်းတော်ကြီးကျောင်း၌ ဗေဒင်ဟောကာ ငွေရှာခဲ့လေသည်။ နန်းရှေ့ရပ်ကွက်တွင် နာမည်ကြီးသွားသည့်အတွက် ဗေဒင်မေးသူများ တစ်နေ့တခြား များပြားကာ ငွေကြေးများစွာ ရလာခဲ့ပါသည်။

သည်တော့ သည်းအူအတွက် လိုအပ်သည့်ဆေးဝါးများကို ကောင်းမွန်စွာ ဝယ်ယူတိုက်ကျွေးနိုင်သဖြင့် တစ်နေ့တစ်ခြား အာရုံခံစားခြင်းသိမှု အာရုံကြောများ နိုးကြားလာခဲ့ပါသည်။ နောက်





တစ်ပတ်အကြာတွင် လျှာစက်ကို ပြန်၍မှတ်မိလာခဲ့သည်။

"လျှာစက်လား. . . လျှာစက်ကိုသိတယ်. . . ဒါပေမယ့် လျှာစက်က ငယ်ငယ်လေး. . . အခုလို အကြီးကြီးမဟုတ်ဘူး"

"ဟုတ်တယ်. . . အစ်ကိုက အရင်က ငယ်ငယ်လေးပေါ့. . . အခုတော့ ကြီးလာတာပေါ့. . . ငယ်ငယ်က ခရေစေ့တောက်တမ်း ဩဇာစေ့တောက်တမ်း ကစားတာ မှတ်မိပြီလား"

"ခပ်ရေးရေးပဲ. . . သည်းအူ သတိရတာ အဖေနဲ့ရေနစ်တုန်းကပေါ့. . . ပျဉ်ချပ်ကလေးမှာ နှစ်ယောက်အတူမျှောရင်း အဖေဟာ ရေထဲပြုတ်ကျသွားခဲ့တယ်. . . အဲဒီမှာ အဖေသေတော့မှာပဲဆိုတဲ့အသိနဲ့ အရမ်းငိုရင်း အမှောင်ထဲ ရောက်သွားခဲ့တယ်. . . အခု အစ်ကို ကုပေးမှပဲ သတိပြန်ရလာတော့တယ်"

"အေးလေ. . . သည်းအူရှေ့မှာ အဖေက ရေနစ်သွားတော့ အရမ်းခံစားရမှာပေါ့. . . ဒီလိုခံစားရင်း ဘာမှမမှတ်မိအောင်ဖြစ်သွားတာနေမှာ. . . အခု ဘယ်လိုနေသေးလဲ"

"ခေါင်းနည်းနည်းကိုက်တယ်. . . သိပ်ပြီးအားမရှိဘူး"

"ဒါကတော့. . . နောက်တစ်ပတ်ဆိုရင် သက်သာသွား



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

ထိုစဉ် ဒေါ်ဒေါ်မြ ရောက်လာပြီး...။

''သူက လူကသာ စိတ်မနှံ့တာ...သီချင်းဆိုပြီး ရည်းစားကိုရှာရတာ အမောပဲ...သူပျောက်ပျောက်သွားလို့ အဒေါ်မှာ မကြာခဏ လိုက်ရှာရတာ အမောပဲ''

''ဟုတ်လား သည်းအူ''

''ဟုတ်တယ်လေ...သည်းအူက အိမ်ကထွက်သွားလို့ အစ်ကိုနဲ့ပြန်တွေ့ရတာပေါ့...အိမ်မှာပဲနေရင် တွေ့မလား''

''စိတ်နေမကောင်းပဲနဲ့ လျှောက်သွားရသလား သည်းအူ''

''စိတ်နေမကောင်းပေမယ့် တစ်ခါတစ်ခါ ဘယ်သူ့ကို သတိရမှန်းမသိဘူး...သီချင်းဆိုပြီး လိုက်ရှာနေတာ''

သည်တွင် ဆရာကြီးက ရှင်းပြပါသည်။

''မသိစိတ်က ကြီးစိုးပေမယ့် သိစိတ်ကလေး ပြန်ဝင်လာတဲ့အခါ တစ်စုံတစ်ယောက်ကို သူရှာချင်လာတယ်...ဒါဟာ စိတ်မနှံ့ပေမယ့် တစ်ချိန်လုံးတော့ သတိမလစ်ဘူး...တစ်ခါတစ်ခါ သိစိတ်ကလေး ပြန်ဝင်လာတတ်တယ်''





''ဟုတ်တယ်..ဟုတ်တယ်..သည်းအူစိတ်မှာလေ ဆရာကြီး ပြောသလိုပဲ''

သည်းအူတစ်ယောက် စိတ်ဝေဒနာမှာ အတော်ကောင်းလာပြီဖြစ်၍ ဒေါ်ဒေါ်မြရော လျှာစက်ပါ လွန်စွာ စိတ်ချမ်းသာနေခဲ့ပါသည်။

ထိုသို့ဖြင့် တစ်လဟူသောအချိန် ကုန်ဆုံးရန် တစ်ရက်သာ လိုပါတော့သည်။ သည်းအူမှာလည်း မိမွေးတိုင်း ဖမွေးတိုင်း လူကောင်းပကာတိ ဖြစ်လာပါသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

## "လျှာဖြတ်လောင်းကြေး"

ယနေ့...။

နက္ခတ္တဗေဒပညာရှင်ကြီးမှ အောင်ပင်လယ်ကန်၌ ချိန်း ဆိုထားသည့်နေ့...။

နံနက်စောစောထကာ လျှာစက်မှာ...။

"သည်းအူ...အစ်ကိုဟာ အောင်ပင်လယ်မှာသွားပြီး ပညာပြိုင်ရမယ်"

"ဘယ်သူနဲ့ပညာပြိုင်ရမှာလဲ အစ်ကို"

"ဒီမြို့ရဲ့ပညာရှိ အကျော်အမော် မဟာပညာကျော်ဆို တဲ့ ဗေဒင်ဆရာကြီးနဲ့ပေါ့"





"ဒါဆို...သည်းအူလည်း လိုက်ချင်တယ်"

"ဒေါ်ဒေါ်မြပါ ခေါ်ပြီး လိုက်ခဲ့...တလက်စတည်း ဈေးထဲက ဝက်လျှာရရ ဆိတ်လျှာရရ...တစ်ခုခုဝယ်ခဲ့ပါ"

"ကောင်းပါပြီ အစ်ကို"

"ဒါဆို...အစ်ကို သွားနှင့်ပြီ"

"ဟုတ်ကဲ့"

လျှာစက်သည် ဗေဒင်တွက်သည့် ပစ္စည်းများကို ထည့် ထားကာ လွယ်အိတ်တစ်လုံးကိုလွယ်လျက် အောင်ပင်လယ်ကန်ဘက် သို့ ထွက်လာခဲ့သည်။

နံနက် ခုနစ်နာရီခန့်တွင် အောင်ပင်လယ်ကသို့ ရောက် ရှိလာခဲ့သည်။ ၎င်းရောက်ချိန်တွင် ထိုကန်အနီးတွင် လူအများ စည်ကားသိုက်မြိုက်စွာ ရောက်နေသည်။

ထိုစဉ် မြင်းရထားအဖြူကြီးတစ်စင်း ဆိုက်ရောက်လာ ပြီး ထိုရထားထဲမှ ပုရောဟိတ် ပုဏ္ဏားများ ဝတ်ဆင်ထားသည့် အတိုင်း အဖြူရောင်ဝတ်စုံကို ဝတ်ထားသော ဝဝဖိုင့်ဖိုင့် ပုဏ္ဏား ကြီးတစ်ဦး ဆင်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စိန်ရွှေရတနာများနှင့် ပိုးဖဲဝတ်စုံကို ဝတ်ဆင်ထားသည့် အသက်ကြီးကြီး အမျိုးသမီးကြီးတစ်ဦးက နောက်မှဆင်းလာရာ ထိုပုဂ္ဂိုလ်ကြီးက လက်ကိုကမ်းပေးလိုက်သည်။

ထိုအခါ ပရိသတ်ကြီးက. . .။

"မဟာပညာရှိကြီးနှင့်ဇနီး ကျန်းမာပါစေ"

ဟူ၍ ကြွေးကြော်ကာ ကြိုဆိုခဲ့ကြပါသည်။

လျှာစက်ကား ပရိသတ်အလယ်၌ မတ်တပ်ရပ်ကာ ထိုပုဂ္ဂိုလ်ကြီးကို သေချာစွာ ကြည့်လိုက်သည်။ ထိုသူမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကြောင့် ဥပဓိရုပ်မှာ ခံ့ညားလှပေသည်။ ထိုပုဂ္ဂိုလ်သည် လျှာစက်ကိုမြင်သောအခါ. . .။

"အရပ်တကာ ရှာစဉ်လှည့်ပြီး ဗေဒင်ဟောစားတဲ့ ဆရာလေး ရောက်လာပြီလား"အထင်သေးသလိုလို နှိမ်သလိုလိုစကားဖြင့် စတင်နှုတ်ခွန်းဆက်လိုက်ပါသည်။

"ဟုတ်ကဲ့ပါ. . . ကျွန်တော် ရောက်ပါပြီ"

"ဒါဆိုရင်. . . ပြိုင်ပွဲအကြောင်း စတင်ပြောပြပါမည်





အသင် နားဆင်ပေရော့"

"ဟုတ်ကဲ့ပါ"

"ဤအောင်ပင်လယ်ကန်ကြီးရဲ့ နံဘေးမှာ အလွန်ကြီးမားတဲ့ ပြသဒ်ကြီးတစ်ဆောင် ယနေ့ စတင်ဆောက်လုပ်မည်ဖြစ်၍. . . ဘယ်အရပ် ဘယ်နေရာ ဘယ်အချိန်မှာ ပန္နက်ရိုက်ရမည်ကို အသင် တွက်ချက်ပေလော့"

"ဟုတ်ကဲ့ပါ"

"ထိုအချိန် ထိုနေရာကို ကျွန်ုပ်ကိုယ်တိုင်လည်း တွက်ချက်ထားပြီး ပန္နက်ရိုက်ရမည့်နေရာကို သတ်မှတ်ပေးမည်။ အသင်နဲ့ကျွန်ုပ်သည် တစ်ချီပြိုင်ကြအံ့"

"ပြိုင်ပွဲတိုင်းမှာ လောင်းကြေးရှိသည်. . . အသင်ဘယ်လောင်းကြေးကို ပြုမည်နည်း"

"ဗေဒင်ဆရာတို့၏အသက်သည် လျှာပင်တည်း။ လျှာမရှိသူသည် ဗေဒင်မဟောနိုင်ပေ။ အသင်နိုင်ပါက အသင်တကျွန်ုပ်၏လျှာကို ဖြတ်ပါလော့. . . ကျွန်ုပ်၏တစ်သက်တာအတွက် ဗေဒင်ဟောခြင်း မပြုတော့ပဲ ကျွန်ုပ်၏ မဟာပညာရှင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



အား အသင်သို့ ပြောင်းလဲအပ်နှံပါမည်"

"ဆရာကြီး. . . လောင်းကြေးကား မြင့်လွန်းသည်။ ပြန်လည်ပြိုင်ဆင်ရန် အချိန်ရှိပါသေးသည်"

"ဤလောင်းကြေးကို ငါ မပြင်တော့ပေ။ အသင့်အလှည့်အတွက် ပြောကြားပါမည်"

"ပြောပါလော့"

"အကယ်၍ အသင်ရှုံးနိမ့်ပါက အသင်၏လျှာကို ကျွန်ုပ်ကိုယ်တိုင် ဖြတ်မည်. . . အသင် တစ်သက်လုံး ဗေဒင်မဟောကြေး. . . သည့်အပြင် သည်မြို့မှ နှင်ထုတ်ခြင်းခံရမည်. . . ကဲ ဤလောင်းကြေးကို အသင်လက်ခံသလော. . . အကယ်၍ ကြောက်ရွံ့ပါက အသင်ငြင်းဆိုနိုင်သည်။

"ကျွန်ုပ် မငြင်းပါ. . . ဤလောင်းကြေးကို လက်ခံပါသည်"

"မဟာပညာကျော် ဖြစ်မည့်အရေးထက် လျှာဖြတ်ခံရမည်ကို အသင် မကြောက်သလော. . . ကျွန်ုပ်နှင့် ယှဉ်ပြိုင်၍ ရှုံးနိမ့်ကာ လျှာဖြတ်ခံရသည့် ဗေဒင်ဆရာအများ ရှိခဲ့သည်ကို အသင် မသိသလော"





"အသင်နှင့်ယှဉ်ပြိုင်၍ ရှုံးသည့်သူများကို လျှာဖြတ်သည့်သတင်းအား ကျွန်ုပ် ကြားဖူးသည်။ ကျွန်ုပ်ကား ကျွန်ုပ်၏ပညာကို ယုံကြည်သည်ဖြစ်၍ ဤလောင်းကြေးကို ကျွန်ုပ် ကျေနပ်စွာလက်ခံ၏။

"အသို့ဆိုလျှင် ကောင်းလှတည်း. . . ကဲ. . . အသင်ကျေးတောသား. . . ပြိုင်ပွဲဝင် ဤကွင်းကြီးသို့ ဝင်ပေတော့"

ထိုသို့ လောင်းကြေးကို နှစ်ဦးနှစ်ဘက် သဘောတူပြီးနောက် ပြိုင်ပွဲဝင်ရန် ကွင်းကြီးအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဤတွင် ထိုမြို့၏ သူဌေးကြီးမှ ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။

"ကဲ. . . မဟာပညာကျော်နှင့် ကျေးတောသား ဆရာလေးတို့ ကျွန်ုပ်တို့ရဲ့ပြဿဒ်ကြီးကို အောင်ပင်လယ်ရဲ့ မည်သည့်ဘက်မှာ ဆောက်လုပ်သင့်သနည်း. . . ကျေးတောသား ဆရာလေး အရင်ဖြေပါ"

လျှာစက်သည် မနေ့ကပင် ကောင်းကင်နက္ခတ် ကြိုတင်နေ ဂြိုဟ်စား အသွားအလာကို ကောင်းစွာ တွက်ချက်ထားသည့်အတွက်. . . ယနေ့တွင် ကောင်းကင်ကို မော့ကြည့်ရင်း နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com



များ၏ အနေအထားကို ကောင်းစွာ သိမြင်သည့်အလျောက်

"အရှေ့အရပ်၌ ဖြစ်ပါသည်"

ဟူ၍ ရဲဝံ့စွာဖြေကြားလိုက်သည်။

ထိုအခါ မဟာပညာကျော်ကလည်း. . .။

"အရှေ့အရပ်၌ ဖြစ်ချေသည်"ဟူ၍ ဖြေကြားလိုက်သည်။

"သို့ဆိုလျှင်. . .အဖြေမှာ အတူတူဖြစ်သည်"

"ဟုတ်ပါသည်"

"နောက်ထပ်မေးခွန်းတစ်ခု မေးပါမည်။ ပန္နက်ချရန်မည်သည့်အချိန် ဖြစ်သနည်း. . .မဟာပညာကျော်က စတင်ဖြေကြားပါလော့"

ထိုမေးခွန်းကို နှစ်ဦးသား တွက်ချက်ကြပြန်သည်။

မဟာပညာကျော်က. . .။

"ပန္နက်ရိုက်ရန်အချိန်မှာ နံနက်ကိုးမောင်းတိတိဖြစ်၏"

(မှတ်ချက်။ ။ ကိုးမောင်းမှာ နံနက်ကိုးနာရီကို ဆိုလိုပါသည်)

ထိုအခါ လျှာစက်ကလည်း. . .။





"ပန္နက်ရိုက်ရန်အချိန်မှာ နံနက် ကိုးမောင်းတိတိပင် ဖြစ်ပါသည်"

"သို့ဆိုလျှင်. . .အဖြေမှာ အတူတူပင် ဖြစ်ချေသည်။"

"ဟုတ်ပါသည်"

ပန္နက်ရိုက်မည့်နေရာကို ရွေးချယ်ပါလော့"

"ကောင်းလှပြီ"

ဤင်းတို့နှစ်ဦး တွက်ချက်ကြပြန်သည်။ ထို့နောက် အောင်ပင်လယ်ကန်၏ အရှေ့ဘက်ရှိ ကွင်းထီးထီးတွင် မဟာပညာကျော်က ထုံးနှင့်စက်ဝိုင်းပုံသဏ္ဌာန်ကို ကွင်းကွင်းလိုက်သည်။

"ဒီနေရာဟာ ပန္နတိုင်တိုင် ရိုက်ရမည့်နေရာဖြစ်သည်"

ထိုအခါ လျှာစက်က ထိုနေရာနှင့် တစ်လံကွာနေရာတွင် ထုံးဖြင့် စက်ဝိုင်းပုံသဏ္ဌာန်ကွင်းကြီး တစ်ကွင်းကွင်းလိုက်သည်။

ထိုစဉ် သူဌေးကြီး ဦးသာအိုးမှ. . .။

"ဤနေရာသည် ပန္နက်တိုင်စိုက်ရန် အမှန်ဖြစ်ကြောင်း မည်သူက သက်သေပြမည်နည်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ပြောလိုက်ရာ လျှာစက်က. . .။

"ရှေးအခါက ပုဂံပြည်တွင် ဗေဒင်အရာ၌ လွန်စွာ ကျွမ်းကျင်တတ်မြောက်သည့် "မှန်ကန်း"နှင့် မဟာပညာကျော် ပုဏ္ဏားကြီးတို့သည် ဤပန္နက်ချပြိုင်ပွဲကို ကျင်းပခဲ့ဖူးသည်။ ထို ပန္နက်တိုင် ချရမည့်နေရာကို "ဝေဟင်သက်သေ"က ဆုံးဖြတ်ခဲ့ ဖူး၏။

"ဝေဟင်သက်သေဆိုသည်ကား အဘယ်နည်း"

"ထိုပြိုင်ပွဲကျင်းပနေစဉ် ကောင်းကင်ယံမှ သိန်းငှက် တစ်ကောင်သည် ငါးရံ့အရှင်တစ်ကောင်ကို ကိုက်ချီလာပြီး ပထမဦးစွာ ပုဏ္ဏားကြီး ပန္နက်ချရန်ဖြစ်သည့်နေရာ၌ ကျခဲ့သည်။ ထို့နောက် ငါးရံ့အရှင်သည် မှန်ကန်း ပန္နက်ချရန်ဖြစ်သည့်နေရာ သို့ ခုန်ကာ ထိုနေရာ၌ သေဆုံးသွားခဲ့သည်။ ဤသည်ကား ကောင်းကင်သက်သေပင်တည်း"

"ယခုပြိုင်ပွဲတွင် မည်သည့်သက်သေက အဆုံးအဖြတ် ပေးမည်နည်း"

"ယခုပြိုင်ပွဲတွင် မြေပြင်သက်သေလာလတ္တံ့"





"ဤမြေပြင်သက်သေက မည်သို့သောသူ ဖြစ်မည်နည်း"

ဤသက်သေကား တိရစ္ဆာန်နှစ်ကောင် ဖြစ်မည်. . . တစ်ကောင်ကား မြွေဖြစ်ပြီး တစ်ကောင်က ဖားဖြစ်သည်။ ရှစ် မောင်းခွဲအချိန်တွင် ထိုနှစ်ကောင်သည် အရှေ့အရပ်က ရောက် လာလိမ့်မည်ဖြစ်၍ အရှေ့အရပ်ရှိ ပရိသတ်များ ဖယ်ရှားထား ပါလော့. . .။ ထိုနှစ်ယောက်အနက် ဖားသတ္တဝါသည် မြေပြင် သက်သေ အစစ်အမှန်ဖြစ်ပေမည်။ ထိုဖားသည် ကျွန်ုပ် စည်း ဝိုင်းထားသည့် စည်းဝိုင်းအတွင်း၌ သေလတ္တံ့"

ထိုသို့ လျှာစက်က ရဲရဲစွာဖြေကြားလိုက်သည်။

ဤတွင် မဟာပညာကျော်ကလည်း. . .။

"ကျေးတောသားဗေဒင်ဆရာ အဟောသည် မှန်စွ. . . မြေပြင်သက်သေဖြစ်သည့် မြွေနှင့်ဖားတို့သည် ရှစ်မောင်းခွဲအချိန် တွင် ရောက်လာလတ္တံ့။ သို့သော် မြေပြင်သက်သေ ဖားသတ္တဝါ သည် ဤဝိုင်းထားသည့် စည်းဝိုင်းအတွင်း၌ သေလတ္တံ့"

ထိုအခါ အဆုံးအဖြတ်ဒိုင်လူကြီး သူဌေးကြီး ဦးဘသိုက် က. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဤသည်မှာ ဤပြိုင်ပွဲ၏ အဆုံးအဖြတ်ပင် ဖြစ်ချေပြီ. . . တစ်ချိန်လုံး တွက်သမျှ အတူတူသာဖြစ်၏။ ယခု တစ်ချက်သာ ကွဲပြားသည့်အတွက် ဤမြေပြင်သက်သေသည် ဤပြိုင်ပွဲအတွက် အရေးအကြီးဆုံးသော ဆုံးဖြတ်ချက်ပင် ဖြစ်ပေသည်။ သို့အတွက် ကျွန်ုပ်တို့သည် အချိန်အခါကိုသာ စောင့်ကြည့်ရပေတော့မည်"

"မှန်ပါသည်"

"မှန်ပါသည်"

ပြိုင်ပွဲကို စောင့်ကြည့်နေသည့် ပရိသတ်ကြီးမှာ ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်ဖြစ်၍ လက်သီးလက်မောင်းတန်းကာ အော်ဟစ်၍ ထောက်ခံခဲ့ကြသည်။

အချိန်ကား. . . တဖြည်းဖြည်းနှင့် ရှစ်မောင်းခွဲအချိန်သို့ ရောက်လာစဉ် အရှေ့ဘက်ရှိ မြက်ဖုတ်ထဲမှ ဖားတစ်ကောင်သည်. . .။

"အုံးဝမ်"

"အုံးဝမ်"





ဟူ၍ အော်ကာ ခုန်၍ထွက်လာခဲ့သည်။

ရင်းနှင့် တစ်လံကျော်ကျော်ခန့်တွင် မြွေကြီးတစ်ကောင်က ကိုယ်ကိုတွန့်လိမ်ကာ ဖားနောက်သို့လိုက်လာခဲ့သည်။

ဖားငယ်သည် အသက်ဘေးကို ကြောက်ရွံ့စွာဖြင့် ခုန်ဆွခုန်ဆွဖြင့် ပြေးရင်း မဟာပညာကျော် ဝိုင်းထားသည့် စည်းဝိုင်းနားသို့ ရောက်ရှိလာခဲ့သည်။ မြွေကြီးကလည်း ဖားနောက်မှ တရကြမ်း လိုက်လာခဲ့သည်။

"ဟာ. . . မိတော့မယ်. . . မိတော့မယ်"

"မဟာပညာကျော်ရဲ့ စည်းဝိုင်းထဲ ရောက်တော့မယ်"

"အမလေး. . . ဖားကလေးတော့ သေတော့မှာပဲ"

စသည်ဖြင့် ပရိသတ်ကြီးမှာ ရင်ခုန်စွာဖြင့် ကြည့်နေခဲ့ကြသည်။

ထိုစဉ် ဖားကလေးမှာ မဟာပညာကျော် ဝိုင်းထားသည့် စည်းဝိုင်းထဲသို့ အရောက်တွင် မြွေကြီးက ဖားကို လှမ်းတာ်ထိုက်ပါတော့သည်။ ဖားသူငယ်မှာ မြွေကြီးဝေါ်ပါးဝပ်အတွင်းသို့ အသက် ရောက်ရှိသွားခဲ့သည်။

www.burmeseclassic.com



"ဟယ်. . . ဖားကလေးတော့ မြွေပါးစပ်ထဲ ပါသွားပြီ"

"ကြည့်ကြစမ်းပေ့. . . မဟာပညာကျော် ဝိုင်းထားတဲ့ စည်းဝိုင်းထဲမှာ ဖားကလေး မိနေပြီ"

"ဒါဆို. . . မဟာပညာကျော်ကြီး နိုင်ပြီပေါ့"

ပရိသတ်ကြီးမှာ ဆူညံစွာ အော်ဟစ်ကာ အားပေးခဲ့ကြသည်မှာ တစ်ကွင်းလုံး ဆူညံနေပါသည်။

ထိုစဉ် /ပြိုင်ပွဲဝင်ကွင်းကြီးအတွင်း၌. . .။

ဖားကလေးကလည်း ရုန်းသည်။ မြွေကြီးကလည်း ဖားလွတ်မှာစိုး၍ အမြီးတရမ်းရမ်းဖြင့် အားစိုက်ကာ ကိုက်ထားရသည်။ ဖားကလေးမှာ ရုန်းရင်း. . . ရုန်းရင်း. . . ကိုယ်တစ်ပိုင်းထွက်လာခဲ့သည်။ နောက်တော့ ပေါင်တစ်ချောင်းသာ ကျန်သည်။

"ဟာ"

"ဟာ"

"ဟင်"

ထိုသို့ကြည့်နေရင်းပင် ဖားကလေးမှာ မြွေကြီး၏ပါးစပ်အတွင်းမှ ရုန်းကန်ထွက်လိုက်ရာ လျှာစက် ဝိုင်းထားသည့်





စည်းဝိုင်းအတွင်းသို့ "ဖုတ်ကနဲ" ရောက်သွားရာ ပရိသတ်ကြီးမှာ ဟင်ကနဲ ဟာကနဲ ဖြစ်သွားပါတော့သည်။ ထိုစဉ် အခြားစည်းဝိုင်းအတွင်းမှ မြွေကြီးသည် ဖားရှိသည့် နေရာဖြစ်သော လျှာစက်ဝိုင်းထားသည့် စည်းဝိုင်းအတွင်းသို့ လိုက်လာခဲ့သည်။

ဖားကလေးမှာ လျှာစက်ဝိုင်းထားသည့် စည်းဝိုင်းအတွင်းအသက် ဖုတ်လိုက်ဖုတ်လိုက် ရှုရင်း ပက်လက်လန်ကာ သေဆုံးသွားခဲ့သည်။ မြွေကြီးမှာ ထိုစက်ဝိုင်းအတွင်းသို့ လိုက်လာပြီးအသေအား မစားပဲ ၎င်းအား ပတ်ခွေ၍နေလေသည်။

(မှတ်ချက်။ ။ တချို့မြွေများမှာ အရှင်သားကိုသားစားသည်။ အသေသားကို မစားကြပေ။ ထိုမြွေကြီးမှာ အသေသားစားသည့်မြွေမျိုးတွင် ပါဝင်သည်။)

လျှာစက်၏ စည်းဝိုင်းအလယ်တွင် ဖားသေနေပြီး ဖားကို ပတ်ခွေနေသည့် မြွေကြီး၏သဏ္ဍာန်မှာ မြေပြင်သက်သေဖြစ်လေသည်။

ဤအချိန်တွင် ကိုးမောင်းထိုးလုလုအချိန် ဖြစ်သည်။ ထိုအချိန်တွင် မြွေကြီးမှာ ပတ်ခွေနေရာမှ တဖြည်းဖြည်းချော



www.burmeseclassic.com

www.burmeseclassic.com



ကာ ဖားသေအား ထားခဲ့ပြီး လာရာလမ်းအတိုင်း အရှေ့ဘက်ဆီသို့ ကိုယ်ကိုတွန့်လိမ်ကာ မြက်ဖုတ်တောထဲ ပြေးဝင်ပျောက်ကွယ်သွားသည်။

"မုံ. . . မုံ. . . မုံ"

အရှေ့ဆီမှ ကိုးမောင်းပြည့်သည့် စည့်တီးသံကြားရပြီ။

ဤတွင် ပန္နက်တိုင်စိုက်မည့် ငုတ်တိုင်ကိုယူကာ. . .။

"သူဌေးကြီး. . . ဘယ်နေရာမှာ ပန္နက်ငုတ်တိုင်စိုက်ရမလဲ"

"ကျေးတောသားဆရာလေးရဲ့ စက်ဝိုင်းထဲက ဖားသေကိုဖယ်ပြီး စိုက်လော့" ဤနေရာကား မြေပြင်သက်သေပြသော ပန္နက်တိုင်နေရာအစစ်ပင် ဖြစ်တော့သည်။

ထိုအခါ ပန္နက်ငုတ်တိုင်စိုက်မည့်သူသည် ဖားသေအား ဖယ်ကာ ငုတ်တိုင်ကို ဒိန်းကနဲ တူဖြင့်ရိုက်ကာ စိုက်လိုက်ပါတော့သည်။

ထို့နောက် သူဌေးကြီး ဦးသာအိုးက. . .။

"ကျေးတောသား ဆရာလေး နိုင်သွားပါပြီ"





ဟူ၍ တရားဝင်ကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

"ဖြောင်း"

"ဖြောင်း"

"ဖြောင်း"

"ဟေး"

ပွဲကြည့်ပရိသတ်ကြီးမှာ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အော်ဟစ်ဆူညံစွာ ချီးကျူးဂုဏ်ပြုခဲ့ပါသည်။

သည်တွင် သည်းအူရော ဒေါ်ဒေါ်မြပါ ရောက်ရှိလာပြီး သူ့ဘက်အား. . .။

"အစ်ကိုက ဗေဒင်ပညာမှာ အံ့မခန်းလောက်အောင် တော်ပါပေတယ်"

ဟူ၍ သည်းအူက ချီးကျူးဂုဏ်ပြုခဲ့ပါသည်။

ထိုစဉ် မဟာပညာကျော်နှင့် ဇနီးသည်တို့နှစ်ဦးသည် သူ့ဘက်ထံသို့ ရောက်ရှိလာပြီး မဟာပညာကျော်က. . .။

"ကျေးတောသား ဗေဒင်ဆရာလေး. . . အသင်က တော့ နိုင်သွားခဲ့ပြီ. . . ဒါ့ကြောင့် ကျုပ်လျှာကိုဖြတ်၍ တောပညာ



www.burmeseclassic.com

www.burmeseclassic.com



ကျော် အရိုက်အရာကို ဆက်ခံပါလော''

သည့်တွင် အိုမင်းနေသော မဟာပညာကျော်နှင့် သူ၏ဇနီးသည်ကို စေ့စေ့ကြည့်ကာ. . .။

''ငါ့မိဘများ အသက်ထင်ရှားရှိလျှင် သည့်အရွယ်လောက်ရှိပေမည်. . . ဤမျှဗေဒင်တွက်နိုင်သူမှာ ငါ၏အဖပင်ဖြစ်မည်လော'' ဟု တွေးမိကာ. . .။

''အသင့်အား လျှာမဖြတ်မီ. . . မေးခွန်းတစ်ခု မေးချင်သည်''

ထိုသို့ပြောလိုက်ရာ မဟာပညာကျော်မှ. . .။

''ကောင်းပါပြီ. . . မေးပါ''

''တစ်ချိန်က ခင်မကာန်ရွာမှာ ဗေဒင်ဆရာကြီး ဦးစိန္တာဟူ၍ ရှိခဲ့ဖူးသည်. . . သင်သည် ဦးစိန္တာကို သိပါ၏လော''

''ထိုသူမှာ ကျွန်ုပ်ပင်ဖြစ်သည်''

''သို့ဆိုလျှင်. . . အသင့်၌ သားတစ်ဦး ရှိသည် မဟုတ်လော''

''ဟုတ်မှန်ပါသည်. . . သို့သော် သားကလေး ကိုးနှစ်အရွယ်တွင် လူဆိုးများ ဖမ်းသွားသဖြင့် ယခုတိုင် သေသည့်ရှင်





သည် မသိပါ''

''ဒါဆိုရင်. . . သင့်၏သားငယ်၌ မည်သည့်ထူးခြားမှု ပါရှိပါသလဲ''

လျှာစက်မှာ ဦးစိန္တာဟု ဆိုကတည်းက ၎င်း၏ဖခင်မှန်း သိလိုက်ပါသည်။ ၎င်းမှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသော်လည်း သားငယ်အား မည်မျှသတိရသည်ကို သိလို၍ မေးလိုက်ခြင်းဖြစ်ပေသည်။

ဦးစိန္တာကလည်း ၎င်း၏သားတွင် လျှာစက်ပါသည်ကို ပြောလိုသဖြင့်. . .။

''ငါ၏သားကား-အခြားသူတကာထက် ထူးခြားလှပေသည်. . . လူအယောက်တစ်သိန်းတွင် တစ်ယောက်ပါရှိ ခဲယဉ်းသည့် လျှာစက်အာစက်ရှိသူအဖြစ် လျှာထက်တွင် အစက်ပါသူ တည်း''

ဟူ၍ မော်ကြွားကာ ပြောလိုက်သည်။

ဤတွင် လျှာစက်က. . .။

''အသို့ဆိုလျှင် ကျွန်ုပ်၏လျှာကိုကြည့်ပါလော''

ဟု ပြောဆိုပြီး ၎င်း၏လျှာကိုထုတ်ပြရာ လျှာတွင် အ



www.burmeseclassic.com

www.burmeseclassic.com



စက်ပါသည်ကို တွေ့၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့်...။

"အသင်သည် ကျွန်ုပ်၏သား မင်းလျှာစက်ပင် မဟုတ်ပါလော" ဟူ၍ မေးလိုက်သည်။

ထိုအခါ လျှာစက်က...။

"ကျွန်ုပ်သည် အဖေ၏သား မင်းလျှာစက် အစစ်ပင် ဖြစ်ပေသည်"

ဟုဆိုကာ မဟာပညာကျော်ကြီးအား ပြေးဖက်လိုက်သည်။

"အနှစ်နှစ်အလလက တွေ့ချင်တဲ့ သားလေး... နက္ခတ္တဒေဝီရဲ့ကျိန်စာအတိုင်း လျှာဖြတ်ရန် ရောက်ရှိလာပါမကောလား"

မဟာပညာကျော်ကြီးမှာ ဝမ်းသာဝမ်းနည်းဖြစ်ကာ သားဖြစ်သူကို တုန်ရီသောလက်တစ်စုံဖြင့် ပြန်၍ဖက်ရင်း အနီးရှိ ဇနီးသည်အား...။

"မယ်ကောင်းဘုံ... ကျေးတောသား ဆရာလေးလို့ အထင်သေးမိတဲ့ ဗေဒင်ဆရာလေးဟာ ငါ့သားလေး ဖြစ်နေပြီ"

ဟု ပြောလိုက်ရာ မယ်ကောင်းဘုံမှာ...။

"သားလေး..သားလေး...မသေလို့တွေ့ရပေမယ့်





ဖခင်ကို လျှာဖြတ်ရမယ့် သားလူမိုက် ဖြစ်နေပါပကောကွယ်"

ဟု ပြောပြောဆိုဆို လျှာစက်ကို ဖက်ကာ ငိုကြွေး လေသည်။

ဤ၌တွင် ပွဲကြည့်ပရိသတ်ကြီးမှာ...။

ပြိုင်ဘက်နှစ်ဦးမှာ အရှုံးအနိုင်ကြောင့် ရန်သူဖြစ်ရမည့် အစား မဟာပညာကျော်ကြီးနှင့် ဇနီးကပါ ကျေးတောသားကို ဖက်ကာ ငိုကြွေးနေသဖြင့်...။

"မဟာပညာကျော်ကြီး ရှုံးသွားလို့ လျှာဖြတ်မှာကြောက်ပြီး တောင်းပန်ငိုကြွေးနေသလား"

"ဆရာကြီးရဲ့ဇနီးသည်ကရော...ကြောက်ရွံ့စွာငိုကြွေးနေသလား"

"ကတိအတိုင်း လျှာဖြတ်ပါလော့...ဘာကြောင့် အချိန်ဆွဲနေရသနည်း"

ဟူ၍ ပရိသတ်ကြီးထံမှ အသံအမျိုးမျိုး ကြားနေရသည်။ သည်အတွက် မဟာပညာရှိကြီးက...။

"ငါ့သားဟာ နက္ခတ္တဒေဝီမင်းသမီးကျိန်စာအတိုင်း ဖခင်



www.burmeseclassic.com

www.burmeseclassic.com



အား လျှာဖြတ်မည့်သားတစ်ယောက် ဖြစ်မည်ကို မွေးဇာတာ အရပင် ကျွန်ုပ်သိခဲ့သည်။ သို့သော်လည်း ဖခင်တစ်ယောက်၏ ချစ်မေတ္တာဖြင့် လျှာဖြတ်လျှင်လည်း ဖြတ်ပါစေတော့ဟု နှလုံး သွင်းကာ ကြီးပြင်းအောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည်။ သို့သော် ကံကြမ္မာဖန်လာပြီး သားကလေးနဲ့ ရှင်ကွဲ ကွဲခဲ့ရတယ်။ ယခုတွေ့ချိန်တွင် လျှာဖြတ်ရန် အကြောင်းဖန်လာခဲ့သည်။ သည့် အတွက် ကံကြမ္မာဝဋ်ကြွေးကို ကျွန်ုပ် မရှောင်နိုင်။ တည့်တည့် ပင် တိုးချေပြီ။ သည်ဝဋ်ကြွေး ပြေပျောက်ရန်အတွက် ကျွန်ုပ်၏ လျှာကို ယခုပင်ဖြတ်ပါလော့''

မဟာပညာကျော်က ရဲရဲဝံ့ဝံ့ ပြောလိုက်ရာ မယ်ကောင်း ဘုံက. . .။

''သားလေး စဉ်းစားပါ. . .သားမိုက်ဘဝကို မခံယူပါနဲ့''

''အမေ အဖေဟာ ဝဋ်ကြွေးတုံ့တင်ရှိခဲ့ဖူးသည်. . . သည်ဝဋ်ကြွေးကို သည်နေရာ၌ပင် ဆပ်ရပေမည်''

''အမလေး ကိုစိန္တာရယ်. . .အဖြစ်ဆိုးလေခြင်း''

မယ်ကောင်းဘုံက ရင်ထု၍ ငိုပွဲဆင်ခဲ့လေသည်။





ဦးစိန္တာသည် မယ်ကောင်းဘုံအား. . .။

''ရှင်မ မငိုလင့်. . .ဤသည်မှာ ပြောင်းလဲမရသော ဝဋ်ကြွေးဖြစ်သည်. . .သူသည် အဖ၏လျှာဖြတ်ရန် အကြောင်း ပါလာသည်ဖြစ်၍ ဖြတ်ပါစေတော့''

ဟု တည်ငြိမ်စွာ ပြောလိုက်သည်။

လျှာစက်မှာ ဖခင်ကြီးအားကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ရသည်။ ထို့နောက် ပရိသတ်ကြီးဘက်သို့လှည့်ကာ. . .။

''ပရိသတ်ကြီးခင်ဗျား. . .ကျွန်ုပ် ဝန်ခံစရာရှိပါတယ်၊ ဤမဟာပညာကျော်ကြီးမှာ ကျွန်ုပ်၏ ကွဲကွာနေသည့် ဖခင်ရင်း ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မသိကြ၍ လျှာဖြတ်ကြေး လောင်း ခဲ့ရာမှ ဤပွဲတွင် ကျွန်ုပ်အနိုင်ရကာ မဟာပညာကျော်ကြီး၏လျှာ ကို ဖြတ်ရပေတော့မည်။ သို့သော် ကျွန်ုပ်သည် မြန်မာဗုဒ္ဓဘာ သာဝင်တစ်ဦးဖြစ်သည်နှင့်အညီ မိဘကိုစော်ကားပါက ငရဲအထိ ပါ ထိုက်ချေမည်''

''မှန်ပါတယ် ဆရာလေး''

''သို့သော်. . ဤဝဋ်ကြွေးကို ကျွန်ုပ် ယခုပင်



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပရိသတ်ကြီးမှာ ကျေးတောသားဆရာသော မည်သို့ဖြေရှင်းမည်ကို ရင်တမမနှင့် စောင့်ကြည့်နေကြသည်။

ထိုစဉ် လျှာစက်သည် သည်းအူဆီသို့သွားကာ. . .။

"ဝက်လျှာ ပါသလော"

"ပါပါသည်"

"ဒါဆို. . .ငါ့အားပေးလော့" ဟု တောင်းကာ ဖခင်ကြီးထံသို့ သွားခဲ့သည်။

"ဖခင်ကြီး. . .ငမှန်ကန်းရာဇဝင်ထဲက မဒုမရဲ့တပည့် ရှင်ငယ်လေးအကြောင်း သိပါသလော"ဟု မေးလိုက်ရာ ဖခင်ကြီးက. . .။

"သိပါသည်. . .ဤသည်မှာ မိုးကြိုးပစ်ထန်းလျက်ကာ ဟူသော စကားပုံ၏အစ အခြေခံပင် ဖြစ်ပေသည်။ ထိုရှင်ငယ်က ငမှန်ကန်းထံ ပေဒင်လာတွက်ရာ မနက်ဖြန် မွန်းတည့်တွင် မိုးကြိုးပစ်၍ သေမည်ဟု ဟောလိုက်သည်။ ရှင်ငယ်က ဆရာ ပဒုမအား ပြန်၍လျှောက်ရာ ပဒုမဆရာရှိလျက်ဖြင့် အသင့်ရဲ့ အသက် မဆုံးရှုံးစေရ. . .သင်သည် ငါ၏ဒေါက်ချာထဲတွင် စိန်





နှင့် ဓာတ်တော်များထည့်ကာ ဆောင်းထားပြီး နေမွန်းတည့်ချိန်မှာ သင်ဟာ ရေထဲတွင် ခေါင်းပေါ်ရုံမှ ငုတ်နေရမည်ဟု ယတြာပေးခဲ့သည်။ ငမှန်ကန်းဟောသည့် အချိန်တွင် ရှင်ငယ်၏ခေါင်း တည့်တည့် မိုးကြိုးပစ်၏။ ဒေါက်ချာစိန်နှင့် ဓာတ်တော်ယတြာကြောင့် ရှင်ငယ် အသက်မသေဘဲ လွတ်မြောက်ခဲ့၏"

"ဤစကား မှန်ပေသည်. . .ဖခင်သည် အတိတ်က ကံကြမ္မာဆိုးကြောင့် ဤနေ့ဤအချိန်အခါတွင် အဖအား လျှာဖြတ်မည့်သားဆိုးကို မွေးခဲ့သည်။ အကယ်၍ ပေဒင်ပညာမတတ်ပါက ကျွန်ုပ်သည် သားဆိုးကောင် ဖြစ်လတ္တံ့"

"မှန်ပေသည် ငါ့သား"

"ကျွန်ုပ်ကား ပေဒင်ဆရာတစ်ဆူဖြစ်ပြီး အနာဂတ်ကို ကြိုတင်သိသူဖြစ်၍ မကောင်းမှုကို ရှောင်နိုင်၏။ ဖခင်ကြီး၏ ဂြိုဟ်ဆိုးဂြိုဟ်နင်းကိုလည်း ကျွန်ုပ် ကယ်တင်နိုင်လိမ့်မည်"

"မှန်ပေသည် ငါ့သား"

"အသင်သည် ဆယ်မောင်းအချိန်တွင် လျှာဖြတ်မည့် ကို လွန်ခဲ့သော တစ်လခန့်ကပင် ကျွန်ုပ် ကြိုတင်သိသည်



www.burmeseclassic.com

www.burmeseclassic.com



အဖ၏အသံတွင် စန်းပြုတ်နေပြီး အသံကြားရုံနှင့်ပင် အဘ ဖြစ်လိမ့်မည်ဟု တွေးထင်ထားခဲ့သည်။ ကျွန်ုပ်၏ဖခင်ကို ပြန် စစ်ဆေးသောအခါ အဘအား ပြန်တွေ့ရမည့်ကိန်းကို တွေ့ရ ၏။ ကျွန်ုပ်သည် ဤအကြောင်းများကြောင့် ပြိုင်ပွဲဝင်ရန် လာခဲ့ သည်။ ထို့အပြင် ဝက်လျှာကိုပါ တပါတည်း ယူဆောင်လာခဲ့သည်။

"သားငယ်. . . အသို့ပြုလုပ်မည်နည်း"

"ကြည့်ရှုလှည့်ပါ ဖခင်ကြီး. . . ကျွန်ုပ်ယူလာသည့် ဝက်လျှာကို ဖခင်ကြီး၏လျှာပေါ်တွင် ထားလိုက်ပါ. . . ဆယ် မောင်းတီးတီးအချိန်တွင် ကျွန်ုပ်သည် ဖခင်ကြီး၏လျှာကိုဖြတ်ပါအံ့"

ထိုစဉ် ဗဟိုစည်မှ ဆယ်မောင်းသံ စည်တော်တီးလေ ပြီ. . .။

"ဗုံ. . . ဗုံ. . . ဗုံ"

"ဖခင်ကြီး. . . ပါးစပ်ဟလော့"

ဟု ပြောပြောဆိုဆို ဓားဖြင့်လျှာဖြတ်မည်ပြုပြီး ဝက် လျှာကိုဆွဲထုတ်ပြီးနောက် အဝေးသို့လွှင့်ပစ်စဉ်. . .။

ချက်ချင်းပင် မိုးညို့လာပြီး တိမ်တိုက်များမှာ ညိုမှိုင်း





လာကာ ထိုတိမ်မည်းညိုများအတွင်း၌ လျှပ်ပန်းလျှပ်နွယ်များ ဝင်းလက်ပြီး မိုးထစ်ချုံးကာ. . .။

"ဂျလိမ်း. . . ဂျလိမ်း. . . ဒိုင်း"

ဟူသော အသံနှင့်အတူ ဝက်လျှာအား မိုးကြိုးပစ်လိုက်သည်။

"ဟင်"

"ဟာ"

"ဝက်လျှာကို မိုးကြိုးခပြီ"

ထိုသို့ အံ့ဖွယ်ဖြစ်ရပ်ဆန်းကြောင့် ပရိသတ်ကြီးမှာ ဟင်ကနဲ ဟာကနဲ ဟူသည့် အာမေဍိတ်သံများ ထွက်ပေါ်လာခဲ့သည်။

"အဖေ. . . ဒီနေ့မှာ ဝဋ်ကြွေးကျေသွားပါပြီ"

"ကောင်းလင့်တည်း. . . ငါ့သား တာဝန်ကျေချေပြီ။ ငါ သည် လျှာဖြတ်ခံပြီးနောက် မိုးကြိုးခ,မည်ကို ငါပင် ကြိုတင်မ သိခဲ့ပေ။ သို့သော်လည်း ဤအဖြစ်ကို ကြိုတင်သိ၍ ဤသို့ပညာ ခန်းနှင့် ကာကွယ်ပေးသည်မှာ ငါ့သား ငါ့ထက် သာသည်ကို ငါဝန်ခံ၏။ သည်အကြောင်းကြောင့် မဟာပညာ ဆရာဟူသည့် ဂုဏ်ထူးကို ငါ့သားအား လွှဲပြောင်းပေးအံ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖခင်ကြီးအတွက် သားဆိုးသားမိုက်မဖြစ်ပဲ. . . သုဝဏ္ဏသာမကဲ့သို့ မိဘအား ကောင်းကျိုးပြုနိုင်သည့်သား ဖြစ်ရသည့်ဂုဏ်ပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါ၏။

"ငါ့သားသည် ဖခင်၏လျှာကိုဖြတ်ကာ သံသရာတစ်ခွင်၌ အကုသိုလ် အထုပ်အပိုးဖြင့် သံသရာလည်မည့်အစား အသ၏အသက်ကို ဤဗေဒင်ပညာဖြင့် ကယ်နိုင်ခဲ့လေပြီ။ ဒါ့ကြောင့်ဝေဒရှင် မင်းလျှာစက်ဟူသော အမည်ပေးလိုက်မည်"

"ကျေးဇူးကြီးလှပါတယ် ဖခင်ကြီး"

"မိဘကျေးဇူးသိတတ်သည့် ဝေဒပညာရှင် မင်းလျှာစက်အား ပရိသတ်ကြီးမှ တခဲနက် လိုက်လိုက်လှဲလှဲ ဂုဏ်ပြုချီးကျူးခဲ့ကြသည်။

သည့်တွင် မယ်ကောင်းဘုံကလည်း. . .။

"သားလေး လျှာစက်. . . အမေတို့နဲ့အတူတူ လိုက်ခဲ့ပါလော့"

"ဒါဆိုရင်. . . မိခင်ကြီးထံတွင် ခွင့်တစ်ခုတောင်းဆိုပါမည်"

"ဆိုပါလော့"





"သားတွင် လက်ထပ်မည်ဟု ရည်မှန်းထားသည့် သည်းအူဆိုသည့် မိန်းကလေးသည် သား၏နံဘေးတွင် ယခုရှိနေသည့်ဇက်လျှာအား ယူလာသူမှာ သူပင်ဖြစ်သည်။ သို့အတွက် သည်းအူကိုပါ ခေါ်ခွင့်ပြုပါ"

"သားချစ်တဲ့မိန်းကလေးပဲ. . . အမေတို့က ခေါ်ခွင့်ပြုရမှာပေါ့"

"ကဲ. . . ဒါဆို သည်းအူရေ ခေါ်ခေါ်မြပါ လိုက်ခဲ့ပါ"

လျှာစက်တို့အုပ်စုသည် မဟာပညာကျော်ကြီး၏ ခမ်းနားလှသော အိမ်ဂေဟာသို့ လိုက်ပါသွားခဲ့သည်။

မိသားစုများ ဆုံတွေ့သောအခါ ရေးဖြစ်ဟောင်းများကိုပြောရင်း ယခင်က မောပန်းသမျှ ယခုအချိန်တွင် အတိုးချ၍ ပျော်ရွှင်ခဲ့ကြသည်။

နက္ခတ္တဗေဒပညာရှင် မင်းလျှာစက်အဖြစ် ထင်ရှားကျော်ကြားကာ မဟာကျော်တွဲဖြင့် ဖခင်ကြီး၏ရာထူးကို ဆက်ခံခဲ့သည်။

၎င်း၏မိဘနှစ်ပါးက. . . လျှာစက်ကို သည်းအူနှင့် ခမ်းနားကြီးကျယ်စွာ လက်ထပ်ပေးပြီး. . .။

www.burmeseclassic.com



"ငါ့သားဟာ ရှုးသွားတဲ့ချစ်သူ့ကိုတော်င် ဆေးကုပေးပြီး လက်ထပ်ပေါင်းသင်းတဲ့ အင်မတန် ကတိတည်တဲ့ ယောက်ျားကောင်း ယောက်ျားမြတ်တစ်ယောက်ပါလား"

ဟူ၍ ချီးကျူးဂုဏ်ပြုခဲ့လေသည်။

"ကဲ. . . သည်းအူ. . . အရင်ကလို လေ့သူကြီးသမီး မဟုတ်တော့ဘူး. . . ရာထူးတိုးသွားပြီ. . . အဲဒါသိရဲ့လား"

"သိပ်သိတာပေါ့ အစ်ကိုရယ်. . . အခုတော့ ကျွန်မဟာ ချစ်မငြီးတဲ့ မဟာပညာကျော်ကြီးရဲ့ ချစ်ဇနီးရှင့်"

ဟူ၍ သည်းအူက ပြုံးပြုံးကြီးပြောလိုက်ရာ မဟာပညာကျော်ကြီး မင်းလျှာစက်၏နှလုံးအိမ်မှာ ချမ်းမြေ့သော ပီတိများဖြာဝေရင်း. . .။

"အဆိုးမြင်လျှင်. . . အကောင်းမြင်နိုင်တဲ့ ဝေဒပညာများ ပြန့်ပွားပါစေ"

ဟူ၍ တောင်းဆုပြုလိုက်ပါတော့သတည်း။

ရီရီငွေး



# ရီရီငွေး မွေးဖွားသည့် သိုက်ဖွား

၁။ သိုက်ဖွား - ကိုးသန်းမိုင်းအဓိဋ္ဌာန်ရှင်

ကိုးသန်းမိုင်းအဓိဋ္ဌာန်ရှင် အဘဆရာကြီး၏ သန်းမိုင်းကြီးမြေမှ တစ္ဆေ၊ သရဲ၊ နာနာဘာဝတို့ သန်းခေါင်ယံညတွင် အစာရှာထွက်ရင်း လူသားများနှင့်ဆုံတွေ့၍ လူသားဘဝမှ နာနာဘာဝသို့ ရောက်သွားသော တမလွန်ခရီးဖြတ်သန်းရသော ဇရဲခန်းညများကို ရေးသားထားသည့် ချောက်ချောက်ချားချားတစ္ဆေသရဲ လုံးချင်းဝတ္ထု ၈/ဆုံး။

၂။ သိုက်ဖွား

အဆောင်မှာခြောက်တဲ့ သရဲကြီး

၃။ သိုက်ဖွား

တစ္ဆေဗိုင် နံပါတ် ၁၃

၄။ သိုက်ဖွား

သေရွာပြန်တမလွန်ခရီး

BURMESE CLASSIC
www.burmeseclassic.com